
ခင်မောင်ညို (ဘောဂဗေဒ)
လုပ်ငန်းစီးပွားအတွေးအမြင်စာစု

အင်မတန်ကျယ်ပြောလှတဲ့၊
ကိုယ်နဲ့သက်ဆိုင်တဲ့ သက်ဆိုင်သဃောင်ထင်ရတဲ့
လောကနောက်ကို လိုက်ႇလိုက်တာ၊
ကိုယ်လုပ်နိုင်တဲ့၊ ကိုယ်ဩဇာလွှမ်းမိုးနိုင်တဲ့ လောက က
တဖြည်းဖြည်း ကျဉ်းသထက်ကျဉ်း
ကျုံ့သထက်ကျုံ့ လာတော့တာပါပဲ။
ကိုယ်လုပ်တာ ဘာမျှအရာမရောက်ဘူး
ဘာမျှဖြစ်မလာဘူးတွေ ဖြစ်ကရော။
တကယ်တော့ ကိုယ်ကပဲ အရာမရောက်တာတွေ
ဘာမျှဖြစ်မလာတာတွေ သွားလုပ်မိတာပါ။
"ကိုယ်" က စႇလိုက်ကြရအောင်လား



စိတ်ကူးချိုချိုအနုပညာ



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ် အေး ချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက် ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်း ရေးကိုဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိတ်ကူးချိုချို စာအုပ် – ၈

# မန်နေဂျာသုံးယောက်

နှင့်

## လူမှုစီးပွားအတွေးအမြင်ဆောင်းပါးများ

❖

ခင်မောင်ညို
(ဘောဂဗေဒ)

၁၉၉၉၊ အောက်တိုဘာလ

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၆၅၀/၉၉(၈) |
| မျက်နှာဖုံးခွင့်ပြုချက် | ၅၃၈/၉၉(၉) |
| မျက်နှာဖုံးဒီဇိုင်း | ကဒဝ |
| ပုံနှိပ်သူ | ဦးကျော်ငွေးမင်း<br>(၀၅၉၉၂)<br>ဖွံ့အိုင်အေပုံနှိပ်တိုက်<br>၂၅၆၊ ဆိပ်ကမ်းသာလမ်း<br>ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးတင်အုန်း (၁၉၄၃)<br>မိုးမင်းစာပေ<br>၉၃၊ရိပ်သာလမ်း<br>သဃ်္ဃန်းကျွန်း၊<br>ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်<br>အောက်တိုဘာလ၊ ၁၉၉၉ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၂၀၀ ကျပ်။ |

မာတိကာ


၁။ နှီးကြည့် ၇
၂။ ကိုယ့်နှုတ်ဖျားကကိုယ့်နား ၁၁
၃။ ကိုယ်ကစလိုက်ကြရအောင်လား ၁၅
၄။ အစည်းအဝေး ၁၉
၅။ ခရီးသည် ၂၃
၆။ တပည့်အိုင်းစတိုင်း ၂၇
၇။ ရွှေဥနဲ့ငန်း ၃၁
၈။ ရာထူးနှင့်လစာ ၃၅
၉။ လာဘ်ပေးကြသူများ ၃၉
၁၀။ ကျွန်တော်တို့ရဲ့ငန်းများ ၄၇
၁၁။ ဘဝစာမေးပွဲ ၅၀
၁၂။ ဒေါ်လာ (၂၀) = ဒေါ်လာ (၅၀၀၀) ၅၅
၁၃။ ဒီဂရီလွဲမျက်မှန်တစ်လက် ၅၉
၁၄။ သင်၊ ကျွန်ုပ်နှင့် ကျွန်ုပ်တို့ ၆၃
၁၅။ ကလင်တန်နှင့် ဗိုင်ယာနာ ၆၇
၁၆။ ဓမ္မဒါန ၇၀
၁၇။ အတွေ့အကြုံနှင့်ဆေးနည်း ၇၆
၁၈။ ပုံဖော်၊ ရှုမြင်၊ ပြင်ဆင် ၈၁
၁၉။ ပုဂံဘက်လှည့် ၈၅
၂၀။ စီးပွားရေးသတင်း ၈၉
၂၁။ ဘယ်သူပြောတာလဲ ၉၃
၂၂။ လူကြီးနိုင်းလို့ ၉၇
၂၃။ ကိုယ့်ဆုတောင်းနဲ့ကိုယ် ၁၀၁
၂၄။ မြင်တာရယ် - ရှိတာရယ် ၁၀၅
၂၅။ မျှဝေခံစား ၁၀၉
၂၆။ အပြ၊ အလုပ်၊ အဟုတ် ၁၁၃
၂၇။ ဘယ်သူ့အတွက်လဲ ၁၁၇
၂၈။ ဆွေးနွေးကြရာတွင် ၁၂၀
၂၉။ မန်နေဂျာသုံးယောက် ၁၂၅
၃၀။ ဘွဲ့နှင်းအတွေး ၁၂၉
၃၁။ ဘဝသစ် ၁၃၃
၃၂။ ဝမ်းသာပီတိ ၁၃၇
၃၃။ ဘယ်လောက်အကျိုးရှိသလဲ ၁၄၁
၃၄။ လောကဂီတ ၁၄၅
၃၅။ အဆက်အသွယ်၊ အဆက်အဆံ ၁၄၉
၃၆။ သောကကာကွယ် ၁၅၃
၃၇။ ဖြည်းဖြည်းနေ ၁၅၇

# စိတ်ကူးချိုချိုတိုက်ထုတ် စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | ဒေါ်နုကြည် (မဟာဝိဇ္ဇာ) | စိတ်ကူးလိပ်ပြာစာစီစာကုံးများ (စတုတ္ထအကြိမ်) | ၁၅၀ ကျပ် |
| ၂။ | ခင်မောင်ညို (ဘောဂဗေဒ) | သင့်ဖောက်သည်ကိုဘယ်လိုဆက်ဆံမလဲ (ကုမ္ပဏီများ၊ စက်ရုံအလုပ်ရုံများ၊ အရောင်းဆိုင်များနှင့် လုပ်ငန်းသုံးလက်စွဲသဖွယ် အသုံးပြုလိုသူများအတွက် အုပ် ၂၀ အထက် ဝယ်ယူလျှင် ၂၀ ရာခိုင်နှုန်းကော်မရှင်ဖြင့် တိုက်တွင်တိုက်ရိုက်ဝယ်ယူနိုင်ပါသည်။) | ၇၀ ကျပ် |
| ၃။ | စန်းဦး | နာနာဘာဝမော်တော်ကား (သရဖူမဂ္ဂဇင်းခန်းဆက်ဝတ္ထုလတ်) | ၁၅၀ ကျပ် |
| ၄။ | မြင့်စိုးလှိုင် | ငှက်တောလေ (ရာဘင်ဒြာနသ်တဂိုး–ကဗျာများ) | ၂၅၀ ကျပ် |
| ၅။ | ခင်မောင်ညို (ဘောဂဗေဒ) | ကမ္ဘာ့စီးပွား မြန်မာ့စီးပွား (စာရေးသူ၏ စီးပွားရေးအတွေးအမြင် ဆောင်းပါးများ) | ၂၀၀ ကျပ် |
| ၆။ | ဦးဘိုသိန်း(စက်မှုတက္ကသိုလ်) | ကလေးတို့ပြောဖို့အင်္ဂလိပ်စကား (ကစ်ကစ်နှင့်တစ်တစ် ပါဝင်သည်။) | ၁၅၀ ကျပ် |
| ၇။ | ဒေါ်နုကြည် (မဟာဝိဇ္ဇာ) | တစ်ဆယ့်နှစ်လရာသီ စာစီစာကုံးများ (ဆဋ္ဌမအကြိမ်) | ၁၅၀ ကျပ် |
| ၈။ | ခင်မောင်ညို (ဘောဂဗေဒ) | မန်နေဂျာသုံးယောက် (နိုင်ငံတကာစီးပွားရေးဂျာနယ် စာမျက်နှာ–၃ ဆောင်းပါးများ) | |
| ၉။ | ခင်မောင်ညို(ဘောဂဗေဒ) | သင်ဘယ်လောက်အောင်မြင်ချင်သလဲ သင်ဘယ်လောက်အောင်မြင်နိုင်မလဲ (အော်ပီကျယ်၏ အတွင်းသရုပ်ဖော်ပုံများဖြင့်) | |
| ၁၀။ | မြင့်စိုးလှိုင် | ဆန်းစသော်တာ (ရာဘင်ဒြာနသ်တဂိုး – ကဗျာများ) | |



# နှိုးကြည့်

(၁)

အိုကလာဟိုးမားတွင် နေထိုင်သော အင်ဒီးယန်းအနွယ်ဝင် အဖိုးအိုတစ်ဦးသည် နှစ်ပေါင်းများစွာ ဆင်းရဲနွမ်းပါးနေခဲ့သည်။ သို့သော် တစ်ရက်၌ သူပိုင်သည့်မြေကွက်တွင် ရေနံရှာဖွေတွေ့ရှိသောအခါ ဆင်းရဲသားဘဝမှ သူဌေးအဖြစ်သို့ နေ့ချင်းညချင်း ကူးပြောင်းသွားသည်။ သူချမ်းသာသွား သောအခါ တစ်သက်လုံးစိတ်ကူးယဉ်ခဲ့သော ကိစ္စတစ်ခုကို ချက်ချင်းထပြီး အကောင်အထည်ဖော်သည်။ ကယ်ဒီလက် အမျိုးအစား ခရီးရှည်သွား ကားကြီးတစ်စီးကို ချက်ချင်းဝယ်သည်။ ထိုခေတ်က ခရီးရှည်သွား ကားကြီးများသည် နောက်ပိုင်းတွင်

ဘီးနှစ်ထပ်တပ်သည်။ သို့သော် အဖိုးအိုက အရှည်ဆုံးကားကို လိုချင်သဖြင့် ဘီးလေးဘီးထပ်တပ်သည်။ ဦးထုပ်ပြားကြီး တစ်လုံးဝယ်သည်။ ထိုဦးထုပ်ကို စိတ်ရှိတိုင်း ဖဲပြားတွေထပ်တပ်သည်။ လည်စီးတစ်ခု ဝယ်စီးသည်။ ဆေးပြင်းလိပ်ကြီး တစ်လိပ်ဝယ်ဖွာသည်။

ထိုစတိုင်အတိုင်း ကားကြီးပေါ်တက်ပြီး အိုကလာဟိုးမားမြို့ကလေးသို့ နေ့တိုင်းသွားသည်။ သူက လူတိုင်းကို တွေ့ချင်သည်။ သူ့ကိုလည်း လူတိုင်းမြင်စေချင်သည်။ အဖိုးအိုသည် အစကတည်းက အသိမိတ်ဆွေ ပေါများသူဖြစ်သဖြင့် လမ်းမှာတွေ့သမျှ လူတိုင်းကို ဘယ်ဘက်လှည့်နှုတ်ဆက်လိုက်၊ ယာဘက်လှည့် နှုတ်ဆက်လိုက်လုပ်သည်။ တကယ်တမ်း တစ်လမ်းလုံး တစ်ချိန်လုံးလှည့်ပတ်ပြီး စကားပြောသည်။ သို့သော် ထူးဆန်းသည်မှာ သူ့ကားက မည်သူ့ကိုမျှ မတိုက်မိ။ နေပူပြင်းချိန်၊ လူစည်ချိန်၊ ဖုံထူထူလမ်းကျဉ်းကလေးမှာပင်၊ မည်သူ့ကိုမျှ မတိုက်မိ၊ မည်သည့် ပစ္စည်းကိုမျှလည်း မတိုက်မိ။

ဘာကိုမျှ ဝင်မတိုက်မိတာလည်း မဆန်းပါ။ အကောင်းစား အပုံစားကားကြီးကို ရှေ့ကမြင်းနှစ်ကောင်တပ်ကာ ဆွဲခိုင်းထားခြင်းဖြစ်သည်။ ကားပျက်၍ မဟုတ်ပေ။ အဖိုးအိုက ကားမမောင်းတတ်။ ယုတ်စွအဆုံး စက်ပင်မနှိုးတတ်။ သော့ကို ဘယ်လိုထည့်ရမည်၊ ဘက်လိုစက်နှိုးရမည်ကိုပင် မသိ။

ကားထဲမှာက မြင်းကောင်ရေ ရာချီသည့်အားတွေ ရှိနေသည်။ သို့သော် အင်ဒီးယန်းအဖိုးအိုက အပြင်မှာရှိသည့်

မြင်းနှစ်ကောင်ကိုသာ သုံးသည်။ ကားထဲက အကောင်းပကတိ ရာပေါင်းများစွာသော မြင်းတွေကိုမသုံး။

(၂)

ထိုအကြောင်းကို ပြောမိကြလျှင် အင်ဒီးယန်းအဖိုးအိုကို ရယ်တတ် ဟားတတ်ကြသော်လည်း အနီးဆုံးက ရယ်စရာ ဟားစရာလူတစ်ယောက်ကို ကျွန်တော်တို့ မေ့နေကြသည်။ ထိုသူမှာ တခြားသူဟုတ်ပါရိုးလား။ မှန်ပါသည်။ ကျွန်တော်တို့ကိုယ်တိုင်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့ကိုယ်ထဲမှာ မြင်းကောင်ရေချီပြီး ခွန်အားတွေ ရှိနေပါလျက်နှင့် အပြင်ကမြင်းနှစ်ကောင်ကို ကျွန်တော်တို့ အားကိုးချင်ကြသည်။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ အားမကိုးချင် ကိုယ့်ကိုယ်ကို မခိုင်းချင်။ သက်သာသလို အဆင်ပြေသလိုသာ အေးအေးဆေးဆေး ပေါ့ပေါ့ဆဆနေလိုက်ချင်ကြသည်။ အပြင်လူတွေ၊ ပြင်ပကအားတွေကို အားကိုးချင်ကြသည်။

စိတ်ပညာရှင်များက ကျွန်တော်တို့ပိုင်ဆိုင်သော အစွမ်းအစများ၊ အရည်အချင်းများ၏ နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအတွင်းလောက်ကိုသာ အသုံးချတတ်သည့် သူတွေဟု ဆိုပါသည်။ ကျန်သည့် ကိုးဆယ့်ငါး ရာခိုင်နှုန်းလောက်က ဘယ်ရောက်ကုန်ပါလိမ့်။ နေရင်းထိုင်ရင်း အလဟဿဖြစ်ကုန်သည်။ အသုံးမချသဖြင့် အလဟဿ ဖြစ်သွားရသည်။

အများအားဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊

သဘာဝ သယံဇာတတွေ မလေလွင့်ရေးတို့ကို၊ ကျွန်တော်တို့ တစ်တွေ အပြောများကြသည်။ သို့သော် သယံဇာတတွေ ဖြုန်းတီးတာထက် အစွမ်းအစတွေ အလဟဿ ဖြစ်ရတာက ပိုပြီးများပြားသည်။ အကောင်းဆုံးတေးသီချင်းတွေ၊ ကဗျာတွေ မဖွဲ့နွဲ့ရသေးဘဲ ဂူထဲရောက်သွားတတ်သည်။

သာမန်တွေးကြည့်လျှင်၊ ကိုယ့်ခြံထဲမှာ ရေနံတွင်းရှိနေတာ၊ ဒါမှမဟုတ် ရွှေတွင်းကြီးတစ်တွင်း ရှိနေတာ မသိလိုက်ပဲ သေသွားလျှင် ဝမ်းနည်းစရာ ကောင်းသည်ဟု ထင်သည်။ သို့သော် ကိုယ့်ခန္ဓာကိုယ်ထဲက အစွမ်းအစတွေ၊ သယံဇာတတွေ မသုံးလိုက်ရတာက ပိုပြီးဝမ်းနည်းစရာ ကောင်းသည်။

ကိုယ့်ကိုယ်ကို စက်နှိုးကြည့်လိုက်စမ်းပါ မိတ်ဆွေ၊ အပြင်ကမြင်းနှစ်ကောင်ကို မဆွဲခိုင်းပါနှင့်တော့။ ကြိုးဖြည်ပြီး လွှတ်ပေးလိုက်ပါ။ ကိုယ်ထဲမှာ မြင်းတွေရာချီပြီး ရှိနေပြီပဲ။

ဝ



# ကိုယ့်နှုတ်ဖျားကကိုယ့်နား

(၁)

များသောအားဖြင့် ကျွန်တော်တို့တစ်တွေဟာ သူများပြောတဲ့ စကားတွေကို နားထောင်တတ်ကြတယ်။ ဒါတောင်မှ သူဘာ ပြောသလဲဆိုတာ နည်းနည်းပဲနားထောင်ပြီး ကိုယ်ဘာပြန် ပြောရမလဲဆိုတာ စဉ်းစားနေတတ်ကြတာ များတယ်။ ဒီတစ် ခါတော့ ကျွန်တော်တို့ စကားကို ကျွန်တော်တို့ ပြန်နားထောင် ကြည့်ရအောင်. . . .

"ကျွန်တော်ကတော့ ဒီလိုပဲ၊ ကျွန်တော် ဒီလိုပဲ လုပ် တတ်တယ်"

ဒီစကားရဲ့ အဓိပ္ပာယ်က ကျွန်တော့်ကို တစ်ယောက်

ယောက်က ဒါမှမဟုတ် တစ်စုံတစ်ရာက ဒီအတိုင်းဖြစ်အောင် ပုံသွင်းလွှတ်လိုက်တယ်။ ဒီလိုနေ၊ ဒီလိုပြော၊ ဒီလိုလုပ်လို့ ခိုင်းလိုက်တယ် ဆိုတဲ့အဓိပ္ပါယ် ထွက်နေပါတယ်။ ဒီတော့ ကျွန်တော်ဖြစ်သမျှတွေ၊ ကျွန်တော် လုပ်သမျှတွေအတွက်လည်း ကျွန်တော့်မှာ တာဝန်မရှိပါဘူး။ ကျွန်တော့်ကို ဖန်ဆင်းပေးလိုက်တဲ့၊ ပုံသွင်းပေးလိုက်တဲ့သူတွေ၊ အရာဝတ္ထုတွေမှာပဲ တာဝန်ရှိတယ်လို့ ဆိုလိုရာရောက်ပါတယ်။

**"သူ - ကျွန်တော့်ကို စိတ်ဆိုးအောင် လာလုပ်နေပြန်ပြီ"**

ကျွန်တော်စိတ်ဆိုးရတာ သူ့ကြောင့်ပေါ့။ ကျွန်တော်စိတ်ဆိုးတဲ့အတွက် ကျွန်တော့်မှာ တာဝန်မရှိဘူး။ သူ့မှာပဲ တာဝန်ရှိတယ်။ ကျွန်တော့်စိတ်ကို သူကလွှမ်းမိုးထားတယ်။

**"ကျွန်တော်မလုပ်နိုင်ဘူး၊ အချိန်မရှိဘူးဗျ"**

တစ်ခုခုက ကျွန်တော်ကို လုပ်ခွင့်မပေးဘူး။ အချိန်က လုပ်ခွင့်မပေးဘူး။

**"တကယ်လို့ ကျွန်တော့်မိန်းမသာ ဒီထက်ပိုစိတ်ရှည်မယ်ဆိုရင်၊ ဒီလိုဘယ်ဖြစ်မလဲ"**

ဒါကလည်း ဘေးလူတစ်ယောက်ရဲ့ အပြုအမူဟာ ကျွန်တော်တို့ရဲ့ စွမ်းရည်တွေ၊ အစွမ်းအစတွေကို ကန့်သတ်ထားတယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ။

**"ကျွန်တော်လုပ်ကို လုပ်ရတော့မယ်"**

သနားစရာလေးပါလား၊ ပတ်ဝန်းကျင်အခြေအနေတွေက ဖြစ်ဖြစ်၊ အခြားလူတွေက ဖြစ်ဖြစ်၊ အခုလိုလုပ်ဖို့

ကျွန်တော်ကိုဝိုင်းပြီး ဖိအားပေးနေကြတယ်။ ကျွန်တော် လုပ်ချင်လို့ မဟုတ်ဘူး။ ကျွန်တော် လုပ်ချင်တာကို ရွေးပိုင်ခွင့်မရှိဘူး။

ဒီစကားတွေအားလုံးဟာ ဘော်လီဘောပုတ်တဲ့ စကားလုံးတွေ၊ တာဝန်ရှောင်လွှဲတဲ့ စကားလုံးတွေ၊ ကိုယ့်လုပ်ရပ် ကိုယ့်ကိစ္စအတွက် တာဝန်မယူတဲ့ ဝေါဟာရတွေ မဟုတ်ပါလား။

(၂)

"ကျွန်တော်တို့ ဘာတွေလုပ်နိုင်တယ်၊ ဘာတွေ ရွေးချယ်နိုင်တယ်ဆိုတာ ကြည့်ကြရအောင်"

"တခြားနည်းလမ်းတစ်ခုကို ကျွန်တော်ရွေးချယ်ကျင့်သုံးနိုင်ပါတယ်"

"ကျွန်တော့်ခံစားချက်တွေကို ကျွန်တော် ထိန်းချုပ်နိုင်ပါတယ်"

"သူတို့က ခွင့်မပြုလို့ မဟုတ်ဘူး။ ကျွန်တော်တင်ပြပုံကိုက အားနည်းလို့ပါ"

"ကျွန်တော် သဘောကျ ကျွန်တော်ရွေးချယ် တုံ့ပြန်နိုင်ပါတယ်"

"ကျွန်တော် လုပ်ဖို့မလုပ်ဖို့ ရွေးချယ်လိုက်ပါတယ်"

"ကျွန်တော်. . . ကိုပိုပြီး သဘောကျပါတယ်"

"ကျွန်တော် လုပ်ကိုလုပ်မယ်"

ဒီစကားတွေကျတော့ စောစောက စကားတွေနဲ့ မ

တူပါဘူး။ ကိုယ့်ဝေါဟာရတွေ၊ ကိုယ့်စကားလုံးတွေကပဲ ကိုယ့်ထွက်ပေါက်တွေ ပေးထားတယ်။ လုပ်ပိုင်ခွင့် ပေးထားတယ်။ ကိုယ်သာလျှင်ကိုယ့်ရဲ့ အရှင်သခင်ဖြစ်တယ်။ ကိုယ့်လုပ်ရပ်ကို ကိုယ်ကပဲ ရွေးချယ်တယ်။ ကိုယ့်လုပ်ရပ်အတွက် ကိုယ့်မှာပဲ တာဝန်ရှိတယ်။ တာဝန်လည်းယူတယ်။ အပြင်ကလူတွေ၊ အပြင်ကအရာဝတ္ထုတွေဟာ ကိုယ့်ကိုလာပြီး လွှမ်းမိုးလို့ မရဘူး။ သူတို့ ရဲ့ လွှမ်းမိုးမှုအောက်မှာ ကိုယ်ရောက်မနေဘူး။

(၃)

လူတွေဟာ ကိုယ့်ရဲ့လုပ်ရပ်တွေကို ကိုယ့်ဖာသာဆင်ခြေပေးတတ်၊ အထောက်အထားပြ ဖော်ပြပါတယ်။ ပြီးတော့ ကိုယ်ပြောတာကိုပဲ ကိုယ့်နားက ယုံနေတတ်ကြပါတယ်။ ဒီလိုနဲ့ နှုတ်ကလှည့်စားလိုက်၊ နားက လှည့်စားလိုက်နဲ့၊ ကံဆိုးကြမ္မာဆိုးတွေရဲ့သားကောင်၊ ဂြိုဟ်စီး၊ ဂြိုဟ်နင်းတွေရဲ့ ခံစားခံတွေ ဖြစ်နေတတ်ကြပါတယ်။

ဟုတ်ကဲ့၊ ကိုယ့်နှုတ်ဖျားမှာ ကိုယ့်နားတပ်ပြီး အသေအချာ နားထောင်ကြည့်လိုက်၊ ပြောကြည့်လိုက်ပါ။

ဝ



# ကိုယ်ကစလိုက်ကြရအောင်လား

(၁)

ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ရဲ့ ကျန်းမာရေးကိစ္စရှိတယ်၊ ကျွန်တော်တို့ရဲ့ ကလေးတွေကိစ္စရှိတယ်၊ လုပ်ငန်းခွင်ထဲက အလုပ်တွေရှိတယ်။ နိုင်ငံနဲ့ဆိုင်တဲ့ ကိစ္စတွေရှိတယ်၊ ချူကလီးယားစစ်ပွဲတွေ၊ အယ်လ်နီညိုတွေရှိတယ်။

အဲဒီကိစ္စတွေထဲက တချို့တွေက ကျွန်တော်တို့နဲ့ မဆိုင်ဘူး။ ပြီးတော့ ဘယ်လိုမှုစိတ်မဝင်စားတဲ့ ကျွန်တော်တို့ စိတ်လှုပ်ရှားအောင် လုံးဝ မစွမ်းဆောင်နိုင်တဲ့ ကိစ္စတွေလည်း ရှိသေးတယ်။

ဘာတွေက ကိုယ်နဲ့သက်ဆိုင်တယ်၊ ဘာတွေက ကိုယ်နဲ့မသက်ဆိုင်ဘူးဆိုတာ ကိုယ့်ဖာသာကိုယ်ပဲ ရွေးချယ်တတ်ကြ၊ ဆုံးဖြတ်တတ်ကြတယ်။ လူတစ်ယောက်အတွက် သက်ဆိုင်တယ်လို့ သတ်မှတ်တဲ့ကိစ္စတွေဟာ တခြားတစ်ယောက်အတွက် မသက်ဆိုင်တဲ့ ကိစ္စတွေဖြစ်နေတတ်တယ်။

မသက်ဆိုင်ဘူးလို့ သတ်မှတ်တဲ့ ကိစ္စတွေကိုတော့ ထားလိုက်ပါ။ သက်ဆိုင်တယ်ဆိုတဲ့ ကိစ္စတွေကရော၊ ဘယ်လောက်သက်ဆိုင်သလဲ . . .။

(၂)

ကိုယ်နဲ့သက်ဆိုင်တယ်လို့ သတ်မှတ်တဲ့ အဝန်းအဝိုင်း လောကကြီးထဲမှာ တချို့ကိစ္စတွေက ကျွန်တော်တို့ ဘာမှမတတ်နိုင်တဲ့ ကိစ္စ၊ ဘာမှလုပ်လို့မရတဲ့ ကိစ္စတွေပါ။ တချို့ကိစ္စတွေကျတော့ ကျွန်တော်တို့ တစ်ခုခုလုပ်လို့ရတဲ့၊ တစ်ခုခုလုပ်နိုင်တဲ့ ကိစ္စတွေဖြစ်ပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ကိုယ်နဲ့ဆိုင်ရုံသာဆိုင်ပြီး ဘာမျှမတတ်နိုင်တဲ့ ကိစ္စတွေအတွက် အချိန်တွေ ခွန်အားတွေ ပေးနေမိသလား။ ဒါမှမဟုတ် ကျွန်တော်တို့ တတ်နိုင်တဲ့ ကိစ္စတွေကို အချိန်ပေး အားစိုက်ခွန်စိုက် လုပ်နေသလား။

ထက်မြက်တဲ့လူတွေကတော့ သူတို့တတ်နိုင်တာတွေကို သူတို့လုပ်နေကြတယ်။ တစ်ခုခုဖြစ်ထွန်းမယ့် ကိစ္စတွေအပေါ် အာရုံစိုက်နေကြတယ်။ ဒီလိုလုပ်ရင်းကိုင်ရင်းနဲ့ အားသစ်ခွန်သစ်တွေ တိုးလာကြတယ်။ သူတို့ ဩဇာသက်ရောက်တဲ့

အဝန်းအဝိုင်း၊ ဩဇာသက်ရောက်တဲ့ လောကလည်း ကြီးသည်ထက်ကြီး၊ ကျယ်သည်ထက်ကျယ်လာ ကြတယ်။

ဥပမာ - ကိုယ့်ဖာသာကိုယ် စိတ်ချမ်းသာအောင်နေရင်း၊ ပြုံးပြုံးလေးနေရင်းနဲ့ ကိုယ့်ကိုတွေ့တဲ့လူတွေလည်း ပြုံးမိလာကြတယ်။ စိတ်ချမ်းသာကြတယ်။ စိတ်ချမ်းသာတဲ့လူတွေနဲ့ ဆက်ဆံရတာ ဆက်ဆံလို့ကောင်းတယ်။

ကိုယ့်ကိုယ်ကို ကောင်းအောင်နေတာ၊ စိတ်ချမ်းသာအောင်နေတာဟာ အများအကျိုးကို မထိခိုက်စေတဲ့အပြင် အများလည်းကိုယ့်ကြောင့် ကောင်းလာတတ်၊ စိတ်ချမ်းသာလာတတ်ပါတယ်။

ဒီလိုအလုပ်တွေအတွက် ကျွန်တော်တို့ ခွန်အားစိုက်ရ၊ အချိန်ပေးရပါလိမ့်မယ်။

(၃)

တချို့လူတွေကျတော့ ကိုယ့်အားနည်းချက်ကို ကိုယ်မမြင်ချင်ကြ၊ မပြင်ချင်ကြဘူး။ တစ်ခြားသူတွေရဲ့ အားနည်းချက်ကို ကြည့်တယ်။ ပတ်ဝန်းကျင်မှာ ပြဿနာလိုက်ရှာတယ်။ ကိုယ်ဘာမှ မတတ်နိုင်တဲ့ ကိစ္စတွေအတွက် ခေါင်းအခြောက်ခံကြတယ်။ ဒီတော့ အပြစ်တင်တဲ့ စကား၊ စွပ်စွဲတဲ့စကားတွေပဲ ထွက်လာတယ်။ သူများလုပ်သမျှ ကိုယ်ခံနေရသလို ဖြစ်နေတယ်။ အချိန်တွေကုန်၊ ခွန်အားတွေကုန်တယ်။ ဒီတော့ ကိုယ်လုပ်နိုင်တာကို ကိုယ်လုပ်ဖို့လည်း အချိန်မရ၊ ခွန်အားလည်း မရှိ။

တချို့လူတွေကျ ကိုယ်ထိန်းချုပ်နိုင်တဲ့ လောက အဝန်းအဝိုင်းက ကိုယ်နဲ့ဆိုင်တဲ့၊ ကိုယ်စိတ်ဝင်စားတဲ့ လောက အဝန်းအဝိုင်းထက် ကျယ်တယ်လို့ ထင်စရာဖြစ်နေပါတယ်။ ဒါက "အနတ္တ" ဆိုတာလေး မေ့သွားလို့ ဖြစ်ပါလိမ့်မယ်။

အင်မတန် ကျယ်ပြောလှတဲ့၊ ကိုယ်နဲ့သက်ဆိုင်တဲ့၊ သက်ဆိုင်သယောင်ထင်ရတဲ့ လောကနောက်ကို လိုက်လိုက်တာ၊ ကိုယ်လုပ်နိုင်တဲ့ ကိုယ်ဩဇာလွှမ်းမိုးနိုင်တဲ့ လောကကြီး တဖြည်းဖြည်း ကျဉ်းသထက်ကျဉ်း၊ ကျုံ့သထက်ကျုံ့လာ တော့တာပါပဲ။

ကိုယ်လုပ်တာ ဘာမျှအရာမရောက်ဘူး။ ကိုယ်လုပ်တာဘာမျှ ဖြစ်မလာဘူးတွေ ဖြစ်ကရော။

တကယ်တော့ ကိုယ်ကပဲ အရာမရောက်တာတွေ၊ ဘာမျှဖြစ်မလာတာတွေ သွားလုပ်မိတာပါ။

**"ကိုယ်" ကစ, လိုက်ကြရအောင်လား. . . .။**



## အစည်းအဝေး

အောင်မြင်တဲ့ လုပ်ငန်းတစ်ခုဖြစ်ဖို့အတွက် ထိရောက်ထက်မြက်တဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေ ရှိရပါမယ်။ စီမံခန့်ခွဲသူတွေနဲ့ ဝန်ထမ်းတွေရဲ့ကြားမှာ လူသိအများဆုံး သမရိုးကျဆက်သွယ်နည်းတစ်ခုကတော့ အစည်းအဝေး တွေပါပဲ။

ထူးဆန်းတာတစ်ခုက ကိုယ့်လုပ်ငန်း၊ ကိုယ့်အဖွဲ့အစည်းကို သေသေချာချာ ကျကျနန စီမံနိုင်တဲ့လူ ဖြစ်ပေမယ့် အစည်းအဝေးမှာကျတော့ အဆင်ချောချင်မှ ချောတတ်ပါတယ်။ အစည်းအဝေးရဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်လို့ဖြစ်စေ၊ ထိထိရောက်ရောက် ပြောဆိုဆက်ဆံတတ်ဖို့ ဖြစ်စေ၊ အားနည်းနေတတ်ပါတယ်။ ပြီးတော့ အစည်းအဝေး အစီ

အစဉ်အတိုင်း အထက်အောက် ဆက်ဆံရေးတွေ၊ ချောချော မွေ့မွေ့ ပြေပြေပြစ်ပြစ် သွားနေမယ်လို့လဲ တွက်ဆထားလို့ မရပါဘူး။

အစည်းအဝေးကို ဦးဆောင်ကျင်းပတဲ့ သူတွေနဲ့ တခြား အစည်းအဝေးတက်သူတွေ နှစ်ဦးနှစ်ဘက် အပြန် အလှန် ဆက်သွယ်ပြောကြားနိုင်တဲ့ နည်းလမ်းတွေ၊ လုပ်ထုံး လုပ်နည်းတွေ အစည်းအဝေးတစ်ခုမှာ ရှိရပါမယ်။ သူ့စိတ် ကူး သူ့အကြံဉာဏ်၊ ကိုယ့်စိတ်ကူး ကိုယ့်အကြံဉာဏ် အပြန် အလှန် ဖလှယ်နိုင်ရပါမယ်။ ဒါမှသာ ချောမွေ့တဲ့ ဆက်ဆံ ရေးတွေ ပေါ်ပေါက်လာနိုင်မယ်။ သတင်းအချက်အလက်တွေ ပြည့်ပြည့်စုံစုံနဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်မယ်။ ဒါကြောင့် အစည်းအဝေးကို စီစဉ်ကျင်းပပေးတဲ့သူဟာ နှစ်လမ်းသွား ဆက်ဆံရေးဖြစ်နေအောင် ဂရုစိုက်ရပါမယ်။

ဒီလိုမှမဟုတ်ပဲ အစည်းအဝေးကို တစ်ဖက်သတ် လွှမ်းမိုးထားမယ်၊ ဆက်ဆံရေးလမ်းကြောင်း ချို့ယွင်းအားနည်း နေမယ်ဆိုရင် ပြည့်စုံတဲ့ ဆုံးဖြတ်ချက်တွေ ဖြစ်မလာတတ်ပါ ဘူး။

တကယ်လို့သာ အစည်းအဝေးကို တက်ရောက်သူ တိုင်းက ဆက်သွယ်မှုလမ်းကြောင်း၊ ဆက်ဆံရေးလမ်းကြောင်း ချောမွေ့စေဖို့ နှစ်လမ်းသွားလမ်းကြောင်းကို ရွေးချယ်ကြမယ်၊ သတ်မှတ်ထားတဲ့ တာဝန်တွေကို လေးလေးစားစား တိတိ ကျကျ လိုက်နာကြမယ်ဆိုရင် ထိရောက်ထက်မြက်တဲ့ အစည်း အဝေးတွေ ဖြစ်လာမှာပါ။

ချောမွေ့တဲ့ဆက်ဆံရေး လမ်းကြောင်းတွေကို ပိတ်ဆို့တတ်တဲ့ အတားအဆီးတွေ ယေဘုယျအားဖြင့် (၁၁) ခု ရှိပါတယ်။ အဲဒီ (၁၁) ခုကို အုပ်စု (၃) စု ခွဲထားနိုင်ပါတယ်။

**အထက်စီးကနေခြင်း**

၁။ တခြားလူတွေပြောသမျှ ကောင်းတယ်၊ မကောင်းဘူးနဲ့ စီရင်ချက်တွေချနေတာ။
၂။ ပြဿနာကို ဂရုမထား၊ လူကိုနှစ်သိမ့်အားပေးနေတာ၊
၃။ တခြားလူတွေပြောသမျှ အပြစ်လိုက်ရှာတာ။
၄။ ရယ်စရာလိုလိုနဲ့ လှောင်ပြောင်တာ။
၅။ မေးခွန်းတွေ လိုအပ်တာထက် ပိုမေးတာ။ ပြောတုန်းက သေသေချာချာ နားမထောင် စိတ်မဝင်စားလို့ မကြားလိုက် ပြောပြီးသားတွေပြန်မေးတာ မမေးသင့်တဲ့မေးခွန်းတွေမေးတာ၊ တစ်ဖက်သား စကားဆုံးအောင် မပြောရသေးပဲ ဖြတ်မေးတာ။

**အချက်ပြခြင်း**

၆။ လမ်းကြောင်းပေးတာ၊ တခြားနည်းလမ်းတွေ ဆွေးနွေးခွင့်မပေးဘဲ လိုက်နာရမယ့် ညွှန်ကြားချက်ကိုပဲ ချပေးတာ။
၇။ ခြိမ်းခြောက်တာ၊ (တစ်ဖက်သား ကိုယ့်ကိုယ်ကို ခုခံကာ

ကွယ်စေတယ်) သူနဲ့ကိုယ် ကွာဟမှုတွေ တိုးလာစေတယ်။

၈။ မတောင်းဘဲ အကြံပေးတာ။

## ရှောင်ကျဉ်ခြင်း

၉။ ကိုယ်ပြောတာ ရှင်းရှင်းလင်းလင်း မရှိတော့ တစ်ဖက်သား အဓိပ္ပါယ်ကောက်လွဲ၊ အငြင်းပွားစရာတွေဖြစ်။

၁၀။ သတင်းတွေဖွက်ထား၊ ချန်ထား။ ဝန်ထမ်းတွေရဲ့ သိက္ခာ၊ သမာဓိကို မယုံကြည်တာ။

၁၁။ အငြင်းပွားစရာကြုံလာရင် စကားလှီးလွှဲပစ်တာ။

ဒီလိုအားနည်းချက်တွေကို အစည်းအဝေး စီစဉ်သူတွေကသိထားမယ်၊ ဆင်ခြင်နိုင်မယ်ဆိုရင် ကိုယ့်ရဲ့ရည်မှန်းချက်ပန်းတိုင်ကိုရောက်အောင် ဆွေးနွေးပြောဆို နိုင်ကြမှာပါ။

○



# ခရီးသည်

(၁)

ကျွန်တော်တို့တစ်တွေ ဘယ်လိုရပ်တည်နေကြတယ် ဆိုတာ ကျွန်တော်တို့ ဘယ်နေရာမှာ ထိုင်နေကြသလဲဆိုတဲ့အပေါ် မူတည်တယ်တဲ့။ ကျွန်တော်တို့ ထိုင်ကြည့်တဲ့နေရာ ပြောင်းကြည့်လိုက်ရင် အမြင်ပြောင်းတတ်၊ ရှုထောင့်ပြောင်းတတ်၊ ရပ်တည်ချက်ပြောင်းတတ် ကြပါတယ်။ တစ်ခါတလေမှာ မြန်မြန်ပြောင်းပြီး တစ်ခါတလေတော့ ဖြေးဖြေးပဲ ပြောင်းတတ်ကြပါတယ်။

သိပ္ပံလောက၊ သိပ္ပံနယ်မှာ တွေးပုံတွေးနည်း အဟောင်းတွေကို ချိုးဖောက်ရာက တွေ့ရှိမှုအသစ်တွေ၊ တီထွင်မှု

အသစ်တွေ ရရှိလာပါတယ်။ ဒီလို အတွေးပြောင်း၊ အမြင်ပြောင်းတာဟာ သိပ္ပံလောက တစ်ခုထဲအတွက်ပဲ အရေးကြီးတာ မဟုတ်ပါဘူး။

(၂)

တစ်ခါက နယူးယောက်မြို့တော် မြေအောက်ရထားပေါ်ကို သားအဖ (၃) ယောက်တက်လာကြတယ်။ အဲဒီသားအဖ (၃) ယောက် တက်မလာခင်တုန်းကဆိုရင် တနင်္ဂနွေနေ့ နံနက်ပိုင်းဆိုတော့ လူကလည်း ခပ်ရှင်းရှင်း၊ တချို့ကလည်း သတင်းစာဖတ်လို့၊ တချို့လည်း ကိုယ့်အတွေးနဲ့ကိုယ်၊ တချို့လည်း မျက်စိပိတ်ပြီး တိတ်တိတ်ဆိတ်ဆိတ်ပဲ။ တကယ့်ကို အေးအေးဆေးဆေး ဝန်းကျင်လေးတစ်ခုပဲ။

သားအဖ (၃) ယောက်လည်း တက်လာရော၊ ကလေးတွေဆိုတော့ အော်ကြ၊ ဟစ်ကြ၊ ဆော့ကြတာပေါ့။ တစ်ယောက်နဲ့တစ်ယောက် ပြေးတမ်းလိုက်တမ်းကစားကြ၊ စက္ကူလုံးတွေနဲ့ ထုကြ၊ ပစ်ကြ။ ခရီးသည်တွေလည်း လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေလို့မရဘူး။ စက္ကူလုံးတွေ ဒဏ်ခံရတဲ့သူ ခံရနဲ့။

ဒါပေမယ့် ကလေးတွေရဲ့ အဖေက ဟဲ့ - တစ်ခွန်းပြောဖော်မရဘူး။ ခရီးသည်တွေက အတော်လေးစိတ်ဆိုးနေကြပြီ။ နောက်ဆုံးမနေနိုင်တဲ့ ခရီးသည်တစ်ယောက်က ဝင်ပြီး "ခင်ဗျားကလေးတွေက လူတွေကို အတော်ဒုက္ခပေးနေကြပြီ၊ ခင်ဗျားဘာလို့ မထိန်းဘဲ ဒီအတိုင်း ကြည့်နေရတာလဲ" လို့

မေးတယ်။

အဲဒီတော့မှ ကလေးအဖေက သတိပြန်လည်လာသလို "ခင်ဗျားပြောတာဟုတ်တယ်၊ ကျွန်တော် တစ်ခုခုတော့ လုပ်ဖို့ ကောင်းတာပေါ့။ ပြီးခဲ့တဲ့ တစ်နာရီလောက်ကပဲ သူ့အမေဆုံးသွားလို့ ကျွန်တော်ဆေးရုံက ပြန်လာတာ၊ ကျွန်တော်ဖြင့် ဘယ်လိုစဉ်းစားရမှန်းတောင် မသိဘူး။ ကလေးတွေလဲ ဘယ်လိုလုပ်ရမယ်ဆိုတာ သိပုံမပေါ်ဘူး" တဲ့။

အဲဒီလို ပြောလိုက်တော့ ဘေးကဝင်ပြောတဲ့လူဟာ အတော် စိတ်မကောင်းဖြစ်သွားတယ်။ အမြင်တွေ ပြောင်းသွားတယ်။ အတွေးတွေပြောင်းသွားတယ်။ ခံစားချက်တွေ ပြောင်းသွားတယ်။ အပြောအဆို၊ အပြုအမူတွေ ပြောင်းသွားတယ်။ မေတ္တာတွေ၊ စေတနာတွေ၊ ဂရုဏာတွေ တဖွားဖွားပေါ်လာတယ်။ "ဖြစ်မှဖြစ်ရလေ"၊ "စိတ်မကောင်းလိုက်တာ"၊ "ဘယ်လိုများဖြစ်တာပါလိမ့်"၊ "ကျွန်တော်ဘယ်လိုများ ကူညီရမလဲ" နဲ့ ဖြစ်ကုန်ပါတယ်။

(၃)

လူပျို၊ အပျိုဘဝကနေ အိမ်ထောင်သည် ဖြစ်သွားရင်၊ သားသမီးဘဝကနေ မိဘ ဘဝပြောင်းသွားရင်၊ ကျောင်းသားဘဝကနေ ဆရာဘဝပြောင်းသွားရင် အမြင်တွေ အတွေးတွေ အပြုအမူတွေ ပြောင်းသွားတတ်တယ်။

တစ်ခါတလေမှာ ကျန်းကျန်းမာမာ ဘဝကနေ ရုတ်တရက် နေထိုင်မကောင်း ဖြစ်သွားတာမျိုး၊ သေမင်းရဲ့

တံခါးဝရောက်သွားတဲ့ အခါမျိုးမှာ ဖြုန်းကနဲ အမြင်တွေ အတွေးတွေ သဘောထားတွေ ပြောင်းသွားတတ်ပါတယ်။ ကိုယ်တစ်သက်လုံး လုပ်ခဲ့တဲ့အလုပ်တွေဟာ ဘာမျှအရေး မကြီးပါလား၊ တမလွန်အရေးအတွက် ဘာမျှ မလုပ်သေးရ ပါလားနဲ့ ဖြစ်ကုန်တတ်ကြပါတယ်။

သဘောထားတွေ၊ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံတွေ ပြောင်းတဲ့အခါ အသေးအဖွဲ ကိစ္စလေးတွေတော့ ပြောင်းသွား တတ်ပါတယ်။ ဒါပေမယ့် အခြေခံပုံစံပြောင်းတဲ့အခါ၊ ထိုင်တဲ့ နေရာ ပြောင်းကြည့်တဲ့အခါ အမြင်သိသိသာသာ ပြောင်းတတ် ကြပါတယ်။

ရထားပေါ်မှာ စိတ်ဆိုးဒေါသထွက်နေရာကနေ ကြင် နာစိတ် သနားစိတ်ဖြစ်သွားတာလို ဘယ်နေရာမဆို မြန်မြန် ဆန်ဆန် သွက်သွက်လက်လက်တော့ ပြောင်းဖို့မလွယ်ပါဘူး။ သားသမီးကနေ မိဘဘဝပြောင်းတဲ့အခါမှာ ချက်ချင်းလက်ငင်း အမြင်ပြောင်းသွားမှာ မဟုတ်ပါဘူး။

အပြောင်းအလဲဆိုတာ ကျွန်တော်တို့ရဲ့ ဘဝခရီးမှာ အမြဲတွေ့နေရတဲ့ ထာဝရတရားတစ်ခု မဟုတ်ပါလား။

○



## တပည့် အိုင်းစတိုင်း

(၁)

ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းပြောဖူးတဲ့ စကား တစ်ခွန်းရှိတယ် --

"ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ ထူးထူးခြားခြား ပြဿနာတွေကို အဲဒီပြဿနာတွေကို ဖန်တီးစဉ်က ဉာဏ် အဆင့်လောက်နဲ့ပဲ ဖြေရှင်းလို့ မရဘူး" တဲ့။

ဟုတ်ပါတယ်။ ပြဿနာတွေ ဖန်တီးတာ၊ ဖန်တီးမိ သွားတာကိုက ကျွန်တော်တို့ရဲ့ ဉာဏ်အဆင့်နိမ့်ကျလို့ပါ။ မှား လို့မှားမှန်းမသိ၊ မှားပြောလို့ မှားပြောမိမှန်းမသိ ဖြစ်တတ်ကြ ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို

ချီးကျူးပူဇော်တဲ့အခါမှာ ဉာဏ်တော်လျှင် ရှေ့သွားရှိတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံလို့ ပူဇော်လေ့ရှိကြပါတယ်။

ပြဿနာလုပ်ရတာ၊ ပြဿနာဖြစ်သွားတာက လွယ်လွယ်လေးပဲ။ အပေါ်ယံမှာ အလွယ်တကူ ဖြစ်သွားတတ်ပါတယ်။ လွယ်လွယ်လေး ဖြစ်သွားတတ်တဲ့ ပြဿနာကို ဖြေရှင်းတဲ့အခါမှာ အပေါ်ယံကြောဖြေရှင်းလို့ မရကြပါဘူး။ ခပ်ပေါ့ပေါ့ ဖြေရှင်းလို့ မရပါဘူး။ ဆေးမီးတိုတွေနဲ့ ဖြေရှင်းတဲ့အခါ ပြဿနာက ခဏလေးသက်သာ သယောင်၊ အဆင်ပြေသွားသယောင် ရှိပေမယ့် ရေရှည်မှာမပြေလည်ပဲ ပိုဆိုးတောင် သွားတတ်ပါတယ်။

အိုင်းစတိုင်းရဲ့စကားကို နီးနီးစပ်စပ် မြန်မာလိုပြန်ရရင် "အမေးနွားကျောင်းသား၊ အဖြေဘုရားလောင်း" လို့ ပြန်ရမယ်ထင်တယ်။ နွားကျောင်းသား ဉာဏ်လောက်နဲ့ ပြဿနာလုပ်လို့ရပေမယ့် ပြဿနာကို ဖြေရှင်းဖို့အတွက်က ဘုရားလောင်းရဲ့ ဉာဏ်လောက်လိုမယ် ထင်ပါတယ်။

ကျွန်တော်တို့တစ်တွေရဲ့ ဉာဏ်ရည်ဟာ အသုံးမချရင်၊ မမြှင့်တင်ရင် နွားကျောင်းသားဉာဏ်လောက်ရှိပေမယ့် အသုံးချမယ် မြှင့်တင်မယ်ဆိုရင် ဘုရားလောင်းရဲ့ ဉာဏ်မျိုးတွေ ဖြစ်နိုင်ပါတယ်။

(၂)

ပျော်ရွှင်တဲ့ အိမ်ထောင်ရေးတစ်ခု ဖြစ်ချင်ရင် အဖျက်စွမ်းအားတွေဘေးဖယ်။ အပြုစွမ်းအားတွေ တိုးပွား

အောင်လုပ်။

သားလိမ္မာ သမီးလိမ္မာလေး တစ်ယောက်ရချင်ရင် ကြင်နာတတ် နားလည်တတ် ဂရုစိုက်တတ် ကိုယ်ချင်းစာတတ်တဲ့ မိဘတစ်ယောက် ဖြစ်အောင်လုပ်။

လုပ်ငန်းခွင်မှာ လွတ်လပ်တဲ့ ဝန်ထမ်းတစ်ယောက် ဖြစ်ချင်ရင် တာဝန်ပိုယူတတ်ရမယ်။ ပိုပြီး ကူညီတတ်ရမယ်။ နှလုံးလှအသုံးကျတဲ့ လူတစ်ယောက်ဖြစ်ရမယ်။

တိုတိုပြောရရင် ပြဿနာရှာတတ်တဲ့၊ ပြဿနာလုပ်တတ်တဲ့ဉာဏ်ထက် အဆင့်မြင့်တဲ့ ပြဿနာဖြေရှင်းတတ်တဲ့ ဉာဏ်ရှိရပေလိမ့်မယ်။

(၃)

အများအားဖြင့်တော့ ကျွန်တော်တို့တစ်တွေဟာ လွယ်ချင်ကြ၊ မြန်ချင်ကြ၊ သက်သာချင်တတ်ကြတယ်။ ဒီတော့ ဖြတ်လမ်းတွေ၊ လမ်းတိုတွေ၊ ဆေးမီးတိုတွေကို ကြိုက်တတ်ကြတယ်။

ကျွန်တော့် တပည့်လေးတစ်ယောက်က ပြောဖူးတယ်။ “အမြန်ဆုံးသူဌေးဖြစ်နည်းဆိုတဲ့ စာအုပ်ကိုတွေ့တော့ ကိုင်တောင်မကြည့်ရဲဘူး။ ဘေးလူတွေက ကျွန်တော့်ကို အချောင်သမားလို့ ထင်သွားမှာပေါ့။ အမြန်ဆုံးသူဌေးဖြစ်အောင် လုပ်လို့လည်းမရဘူး။ လုပ်လို့ရလည်း အမြန်ဆုံးဆင်းရဲသား ဖြစ်သွားမှာပဲ။ အမြန်ဆုံးသူဌေးဖြစ်ချင်တဲ့ သူကလည်း ဒီလိုစာအုပ် တွေ၊ ဘာတွေဘယ်ဖတ်နေမလဲ” တဲ့။

ကျွန်တော့်တပည့်ရဲ့ စကားကို သဘောကျလွန်းလို့ ကျွန်တော် မကြာမကြာ ကိုး ကားမိတယ်။

တစ်ပတ်အပြတ်သင်တန်းတွေ၊ မိုက်ကရိုကူးထား ချုံ့ထားတဲ့ စာရွက်အတိုလေးတွေ၊ ခုံနံပတ်ထိုး သုံးဆယ့်ကိုးဆိုတဲ့ အချောင်စကားမျိုးတွေ နားခါးလောက်အောင် ကြားနေရတဲ့အချိန်မှာ ဘွဲ့နဲ့ပညာအတူတူပဲလို့ ထင်နေကြချိန်မှာ ကျွန်တော်က ကျွန်တော့်တပည့်ရဲ့ စကားကို အိုင်းစတိုင်းရဲ့ စကားလောက် တန်ဖိုးထားမိတယ်ဆိုရင် လွန်တယ်လို့ ပြောကြမလား . . . . ။

O



# ရွှေဥနဲ့ငန်း

(၁)

အီစွတ်ပုံပြင်ထဲက ရွှေဥ,ဥတဲ့ ငန်းအကြောင်းကို အများသိကြမှာပါ။ မသိသေးတဲ့ သူတွေအတွက် ပြန်ပြောရမယ်ဆိုရင် တစ်ခါက ဆင်းရဲတဲ့ လယ်သမားတစ်ယောက်ဟာ သူ့ရဲ့ငန်းက ရွှေဥ,ဥတာကို တွေ့ရတယ်။ ပထမတော့ သူမယုံဘူး။ တစ်ယောက်ယောက်က လာနောက်ထားတယ်လို့ ထင်နေတယ်။ နောက် အဲဒီဥကို ပြကြည့်လိုက်တော့ တကယ့်ရွှေအစစ် ဖြစ်နေတယ်။ ပြီးတော့ ပထမတစ်ရက် ထဲမဟုတ်ဘဲ နောက်ရက်တွေပါ တစ်နေ့ကို ရွှေဥတစ်လုံး၊ ရွှေဥတစ်လုံး ဥပေးနေတော့ ပိုပြီးအံ့ဩရပြန်တယ်။ ဒီလိုနဲ့ သူချမ်းသာလာတယ်။

ချမ်းသာလာတာနဲ့အမျှ လောဘကလည်း တက်လာတယ်။ စိတ်ကလည်း မရှည်ချင်တော့ဘူး။ ဒါနဲ့ ငန်းရဲ့ဗိုက်ထဲမှာရွှေဥတွေ အများကြီးရှိနေပုံရတယ်လို့ ယူဆပြီး ငန်းကိုသတ်လို့ ဗိုက်ဖွင့်ကြည့်လိုက်တယ်။ ရွှေဥတစ်လုံးမှ မရှိတော့ဘူး။ နောက်ထပ်လည်း မရနိုင်တော့ဘူး။ ဒါပဲ။

(၂)

တစ်ခါတလေမှာ ကျွန်တော်တို့တတွေဟာ အကြောင်းအားလျော်စွာ ရွှေဥရတဲ့လယ်သမားတွေ ဖြစ်နေတတ်ကြပါတယ်။ ဥပမာ ကျွန်တော်တို့တတွေဟာ သယံဇာတပေါများကြွယ်ဝတဲ့ ဒီမြေ၊ ဒီရေမှာ မွေးဖွားလာကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ရထားတဲ့ ရွှေဥဟာဘယ်လိုဖြစ်ပြီး ရထားတယ်၊ ဘယ်လိုတိုးပွားအောင် လုပ်ရမယ်၊ ဘယ်လိုအသုံးချရမယ်ဆိုတာ သိပ်ပြီးမသိကြဘူး။

ရွှေဥကိုဂရုစိုက်ပြီး ငန်းကိုဂရုမစိုက်ရင် ရွှေဥလည်းဆုံး၊ ငန်းလည်းဆုံးတတ်ပါတယ်။ တစ်ဘက်ကကြည့်ပြန်ရင် ရွှေဥထွက်ထွက်၊ မထွက်ထွက် ငန်းကိုပဲ တယုတယ လုပ်နေပြန်ရင် ငန်းကိုကျွေးစရာလည်း ရှိမှာမဟုတ်။ ကိုယ်လည်းစားစရာ ရှိမှာမဟုတ်ဘူး။

ဒီတော့ ထူးချွန်တယ်၊ ထက်မြက်တယ်၊ ထိရောက်တယ်ဆိုတာ ဘာလဲ. . .

ရွှေဥကိုပဲ ဂရုစိုက်တာခေါ်သလား . . .။

ငန်းကို ဂရုစိုက်တာခေါ်သလား . . .။

ရွှေဥကိုရော ငန်းရော ဂရုစိုက်တာလား . . .။

(၃)

ကျွန်တော်တို့ မိတ်ဆွေတစ်ယောက်ဟာ စာသိပ်ဖတ်ပါတယ်။ ကျွန်တော်တို့တစ်တွေထက်ကို အများကြီးဖတ်ပါတယ်။ ဒါပေမယ့် သူ့ဆီက ဘာမျှထူးထူးခြားခြား ထွက်လာတာ၊ ပြောတာဆိုတာ၊ ရေးတာသားတာ ဘာမျှမတွေ့ရဘူး။

နောက်မိတ်ဆွေတစ်ယောက်က ရေးလိုက်တာ ဟောတစ်ပုဒ်၊ ဟောတစ်ပုဒ်နဲ့ ဥတွေတော့ ဥတွေပဲ။ ဒါပေမယ့် ရွှေဥမဟုတ်ဘူး။ အနှစ်သာရရှိတာ၊ တန်ဖိုးရှိတာတွေ ထွက်မလာဘူး။ ဘာလို့လည်းဆိုတော့ သူကိုယ်တိုင်က ဘာစာမျှ မဖတ်ဘူး။ ဘာသွင်းအားစုမျှ မရှိဘူး။

ကျွန်တော်တို့တစ်တွေဟာ ဘာမျှမထုတ်လုပ်ပဲနေလို့ မဖြစ်သလို အကျိုးမရှိတာတွေ၊ အရသာမရှိတာတွေ၊ အပြောင်အပြက်တွေချည့်ပဲ ထုတ်လုပ်နေလို့ မဖြစ်ပါဘူး။

ရွှေဥတွေဥကြရသလို ရွှေဥတွေဥနိုင်အောင်လည်း ဂရုစိုက်ဖို့ လိုပါလိမ့်မယ်။ ထက်မြက်တယ်၊ ထိရောက်တယ်ဆိုတာ၊ ထုတ်လုပ်မှုနဲ့ ထုတ်လုပ်နိုင်စွမ်းအားတို့ရဲ့ အချိုးကို ဆိုလိုပါတယ်။ သွင်းအားစုနည်းနည်းနဲ့ များများထုတ်လုပ်နိုင်ရင် ထက်မြက်တယ်၊ ထိရောက်တယ်လို့ ဆိုရမှာပေါ့။

(၄)

ကျွန်တော်တို့မှာ ဘယ်လိုထုတ်လုပ်နိုင်စွမ်းအားတွေ

ရှိကြသလဲ . . .

ရုပ်ဝတ္ထုပစ္စည်းတွေရှိကြတယ်၊ ငွေကြေးအင်အားတွေရှိတယ်၊ လူ့စွမ်းအားတွေရှိကြတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေ၊ ငွေကြေးအင်အားတွေကို အသုံးချ စီမံတာကလည်း တကယ်တော့ လူ့စွမ်းအားတွေပဲ မဟုတ်လား။ ဒီစွမ်းအားတွေကို ကျွန်တော်တို့ ထိန်းသိမ်းစောင့်ရှောက်ကြမယ်၊ တိုးပွားအောင် လုပ်ကြမယ်ဆိုရင် ရွှေဥတွေ မှန်မှန်ထွက်လာမှာပါ။

ရုပ်ဝတ္ထုပစ္စည်းတွေ၊ ငွေကြေးအင်အားတွေ၊ လူ့စွမ်းအားတွေကို မထိန်းသိမ်း မစောင့်ရှောက်ဘူး၊ တိုးပွားအောင် မစီမံကြဘူးဆိုရင်ဖြင့် အကျိုးများစရာ မရှိပါဘူး။

(၅)

ရွှေဥ,ဥပေးနေတဲ့ ငန်းတွေကို ပစ်မထားကြပါနဲ့။

o



## ရာထူးနှင့်လစာ

ဂျက်၊ ရိုစ်မင်ရဲ့ ကုမ္ပဏီဟာ လူနှစ်ယောက်ထဲရှိတဲ့ ကုမ္ပဏီပါ။ သူရယ် သူ့ဝန်ထမ်းရယ် ဒါပဲ။ ပထမဆုံး သူ့အတွက် ဝန်ထမ်းတစ်ယောက် လိုအပ်လာတုန်းက သူ့ရဲ့အလုပ်ဟာ ကွန်ပျူတာ အစီအစဉ်ရေးဆွဲသူပါ။ အဲဒီလူက သူ့ရဲ့ရာထူးဟာ ဘာလဲလို့ ဂျက်ကိုမေးတော့ ဂျက်က စိတ်ပေါက်ပေါက်နဲ့ သူ့ ရုံးခန်းက မြန်မြန်သွားပြီး ကွန်ပျူတာ ခလုပ်တွေသွားနှိပ်နေအောင် ခပ်ရွဲ့ရွဲ့ ပြောပစ်လိုက်တယ်။ "ကျုပ်က ဒီကုမ္ပဏီမှာ ဥက္ကဋ္ဌဗျာ၊ ဒါဆိုရင် ခင်ဗျားက ဥက္ကဋ္ဌရဲ့ လက်ထောက်ပေါ့။

နောက် တစ်ပတ်လောက်လည်းကြာရော၊ ကိုရွှေ

ချောက "ဥက္ကဌ၏လက်ထောက်" ဆိုတဲ့ ရာထူးနဲ့လိပ်စာကဒ် ပြားတွေဝေ၊ ဧည့်သည်တွေကို ဥက္ကဌရဲ့ လက်ထောက်ပါဆိုပြီး သူ့ကိုယ်သူ မိတ်ဆက်တော့တာပါပဲ။ ဒီတော့ ဥက္ကဌကြီးက အံ့အားတွေသင့်လို့ ဒါပေမယ့် နောက်ကာလတွေမှာ ဒီအတွေ့ အကြုံကို အခြေခံပြီးတော့ အလုပ်,လုပ်တတ်တဲ့ အကျင့်ရသွား တယ်။ နှင်းဆီပန်းကို ဘယ်လိုပဲနာမည်ပေးပေး၊ ဘယ်လိုပဲ ခေါ်ခေါ် မွှေးတာပဲ။ ဒါပေမယ့် လူတွေက နာမည်လှလှလေး တွေ၊ ရာထူးလှလှလေးတွေ လိုချင်ကြတယ်ဆိုတာ သူသဘော ပေါက်သွားတယ်။ ဒီအကြောင်းကို စီးပွားရေးပညာရှင် တွေကလည်း သဘောကျတူလက်ခံ ထားကြပါတယ်။

ပညာရှင်တစ်ယောက်က "ကိုယ့်ကိုယ်ကို သဘော ထားပုံ၊ ရှုမြင်ပုံဟာ ကိုယ်ဘာလုပ်သလဲဆိုတာနဲ့ ကိုယ့်ကို လူတွေက ဘယ်လိုခေါ်သလဲ ဆိုတဲ့အပေါ်မှာ မူတည်တယ်။ ရာထူးနဲ့နာမည်လေးပြောင်းလိုက်ရုံနဲ့ ကိုယ်ရဲ့အတ္တကို ထိခိုက် တယ်၊ ကိုယ်ရည်ကိုယ်သွေးကိုလည်း ထိခိုက်တယ်"လို့ ထောက်ခံပါတယ်။

ငွေရေးကြေးရေးဟာ အရေးမကြီးဘူးတော့ မဟုတ် ပါဘူး။ အတိုင်းအတာတစ်ခုအထိတော့ အရေးပါ,ပါတယ်။ ဥပမာ - စားဝတ်နေရေးအတွက် ငွေကြေးလိုအပ်ပါတယ်။ ဒါပေမယ့် အတိုင်းအတာတစ်ခု၊ အဆင့်အတန်းတစ်ခု အတွက်သာဖြစ်ပြီး အဲဒီအဆင့်ကို ကျော်သွားရင်တော့ ငွေဟာ ဒုတိယနေရာမှာ ရောက်သွားပါတယ်။ ရာထူးနာမည်ဟာ အလုပ်ခွင်အပေါ်မှာ ပိုပြီးစိတ်ကျေနပ်မှု၊ ပျော်ရွှင်မှုရစေဖို့ အ

ထောက်အကူ အများကြီးဖြစ်ပါတယ်။

ဂျက်၊ ရိုစ်မင်ဟာ ၁၉၇၀ ပြည့်လွန်နှစ်တွေတုန်းက ကွန်ပျူတာကုမ္ပဏီတစ်ခုရဲ့ ဥက္ကဋ္ဌအနေနဲ့ ရာထူးနာမည်တွေကို ကမ်းပြီး ဒေါ်လာထောင်ပေါင်းများစွာ သက်သာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

"အရောင်းသမား" ဆိုတဲ့ရာထူးနဲ့ "အရောင်းမန်နေဂျာ" ဆိုတဲ့ ရာထူးနှစ်ခု ဘယ်ဟာယူမလဲဆိုရင် အရောင်းမန်နေဂျာဆိုတဲ့ရာထူးကို လခနည်းနည်းနဲ့ ယူသူက ပိုပါတယ်။ ဘာဖြစ်လို့အလုပ်မှန်မှန်ဆင်း၊ ရုံးမှန်မှန်တက်ကြသလဲဆိုတော့ သူတို့တစ်တွေ အလုပ်,လုပ်ရတာပျော်လို့၊ ရာထူးကောင်းကောင်းရထားတာ ကျေနပ်ကြလို့ ဖြစ်ပါတယ်။ "ဒါရိုက်တာ" တို့၊ "မန်နေဂျာ" တို့ ဆိုတဲ့ ရာထူးတွေကို လူတွေကြိုက်တတ်ကြပါတယ်။ ဒီတော့ လက်ထောက်မန်နေဂျာတို့ မန်နေဂျာရဲ့ လက်ထောက်တို့ဆိုတဲ့ ရာထူးတွေရရင်၊ သဘောခွေ့တတ်ကြပါတယ်။

ပြီးတော့ လုပ်ဖော်ကိုင်ဘက်တွေ၊ လက်အောက်ငယ်သားတွေကလည်း ရာထူးကြီးတယ်ဆိုရင် အဲဒီလူဘယ်လောက်ပဲ ကျွမ်းကျင်မှုရှိရှိ မရှိရှိ လေးစားတတ်ကြ၊ ရိုသေတတ်ကြပါတယ်။ မန်နေဂျာဆိုတာထက် ဒုဥက္ကဋ္ဌဆိုတာကို ပိုလေးစားတတ်ကြပါတယ်။ အောက်ကရာထူးတွေကလည်း ဒီလိုပါပဲ။ အဲဒီရာထူးကြီးတယ်လို့ ထင်ရတဲ့သူတွေနဲ့ ပတ်သက်တဲ့အခါ အချိန်ပေးပြီး စောင့်ဆိုင်းနိုင်ကြတယ်။ တယ်လီဖုန်းပြန်ဖြေတာကိုလည်း စောင့်နိုင်ကြတယ်။

ဖောက်သည်တွေဆိုတာကလည်း လက်ထောက် မန်နေဂျာနဲ့တွေ့ဖို့ထက် မန်နေဂျာနဲ့ပိုတွေ့ချင်တတ်ကြတယ်။ တချို့ဆို အလုပ်ထဲမှာ သာမန်ရာထူး(အဖွဲ့ဝင်) လောက်နဲ့ နေတတ်ကြပြီး လုပ်ငန်းပြင်ပက တခြားလူတွေနဲ့ ဆက်ဆံတဲ့ အခါ ရာထူးကြီးကြီး ပြတတ်ကြပါတယ်။ ရာထူးမပါတဲ့ လိပ်စာကတ်ပြားတွေ့ရင် အလုပ်လက်မဲ့လို့ ယူဆတတ်ကြပါတယ်။

အလုပ်ခေါ်ရင်လည်း အရောင်းစာရေးအလိုရှိသည်လို့ မခေါ်ဘဲ အရောင်းမန်နေဂျာအလိုရှိသည်လို့ ကြော်ငြာရင် လျှောက်ထားတဲ့သူတွေ ပိုများလာတတ်သလို အရည်အချင်းလည်း ပိုမြင့်တတ်ကြပါတယ်။

ကဲ. . . ရာထူးနဲ့လခ ဘယ်ဟာကို ရွေးကြမလဲ . . ။

○



# လာဘ်ပေးကြသူများ

(၁)

အများအားဖြင့် လာဘ်ပေးလာဘ်ယူ ကိစ္စအကြောင်းပြောရင် လာဘ်ယူသူတွေအကြောင်း ပြောဖြစ်တာများတယ်။ လာဘ်ပေးတဲ့သူတွေရဲ့အကြောင်း သိပ်မပြောဖြစ်ကြဘူး။ အခုတော့ လာဘ်ပေးတဲ့သူတွေရဲ့ လုပ်ငန်းတွေကိုလည်း ဝေဖန်လာကြပြီ။ လာဘ်ပေးမှုတိုက်ဖျက်ရေးတွေလည်း လှုပ်ရှားလာကြပြီ။ လာဘ်ယူလို့ ပေးကြရတယ် ဆိုပေမယ့် ပေးတဲ့သူမရှိရင် ယူတဲ့သူလည်း ရှိမှာမဟုတ်ဘူး။ ဒီတော့ လာဘ်ပေးတဲ့သူတွေကိုလည်း အပြစ်ကင်းစင်တဲ့ ကလေး,လေးတွေလို သဘောထားလို့မရဘူး။ ရက်စက်ကြမ်းကြုတ်တဲ့ အစိုးရအရာထမ်း၊ ဝန်ထမ်း

တွေကြောင့် ပေးရတာပါ၊ ကိုယ့်စီးပွားရေးလုပ်ငန်းအတွက် မျက်နှာသာရချင်လို့ အခွင့်အရေးရချင်လို့ ပေးရတာပါ။ ကျွန်တော်တို့မှာ အပြစ်မရှိပါဘူးလို့ ပြောလို့မရပါဘူး။

သေချာပေါက်ပြောနိုင်တာက လာဘ်ပေးသူပဲဖြစ်ဖြစ်၊ လာဘ်ယူသူပဲဖြစ်ဖြစ်၊ ဘယ်ဘက်ကနေနေ အများပြည်သူရဲ့ အကျိုးစီးပွားကို ထိခိုက်စေတယ်။ တရားမျှတတဲ့ ရောင်းဝယ်ဖောက်ကားမှုတွေကို ထိပါးတယ်။ သယံဇာတတွေကို လေလွင့်ဆုံးရှုံးစေတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ထိခိုက်တယ်။ လူတွေခံစားနေရတဲ့ ဆင်းရဲဒုက္ခတွေ၊ ဝေဒနာတွေကို တိုးပွားစေတယ်။

ဥပမာ - ဥရောပဆေးကုမ္ပဏီတစ်ခုနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံက ဝန်ကြီးတစ်ယောက် အရေးပေါ်လိုအပ်နေတဲ့ ဆေးဝါးတွေဝယ်ယူဖို့၊ နိုင်ငံတကာကရတဲ့ အထောက်အပံ့တွေကို ဘယ်လိုသုံးစွဲကြမလဲဆိုတာ ဆွေးနွေးကြတယ်။ တကယ်လို့ အစွမ်းထက်တဲ့ ခေတ်မီဆေးဝါးတွေကို မဝယ်ပဲ ပေါပေါလောလောနဲ့ရတဲ့ သက်တမ်းကုန်ဆေးတွေ၊ ခပ်ညံ့ညံ့ဆေးတွေကို ဝယ်မယ်ဆိုရင် ကုမ္ပဏီလည်း အကျိုးရှိ၊ အဲဒီဝန်ကြီးလည်း အကျိုးရှိ၊ ဒါပေမယ့် ဝေဒနာရှင်တွေက ထိုက်သင့်တဲ့ ဆေးဝါးပြုစုကုသမှုမခံကြရလို့ ဒုက္ခရောက်ကြရတယ်။ ဒီကိစ္စမှာ လာဘ်ယူသူပဲ တာဝန်ရှိတယ်၊ လာဘ်ပေးတဲ့သူပဲ တာဝန်ရှိတယ်လို့ ပြောလို့မရဘူး။ နှစ်ဖက်စလုံးမှာ တာဝန်ရှိတာပဲ။

လာဘ်ယူတဲ့သူတွေဘက်ကိုကြည့်ရင် အရှေ့ဥရောပနဲ့ ဗဟိုအာရှက အစိုးရဝန်ထမ်းတွေ အများဆုံးဖြစ်တယ်။

လာဘ်ပေးတဲ့သူတွေကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက လာဘ်ယူမှုတွေကို ကျယ်ကျယ်လောင်လောင် ပြောဆိုနေကြတဲ့ စက်မှုနိုင်ငံကြီးတွေ အခြေစိုက်ကုမ္ပဏီကြီးတွေ ဖြစ်နေတာကို တွေ့ကြရပါတယ်။ လာဘ်ပေးတဲ့သူတွေက ကိုယ့်လူတွေဖြစ်နေလို့ မပြောကြတာလား။

ဥပမာ - အာဖရိကမှာ ဖြစ်နေတဲ့ လာဘ်ယူမှုတွေ ဆန့်ကျင်နှိမ်နင်းရာမှာ အထောက်အကူပေးမယ်လို့ ပြောနေတဲ့ ဂျာမဏီနိုင်ငံမှာ လာဘ်ပေးမှုကို ဟန့်တားထားတဲ့ ဥပဒေမရှိဘူး။ လာဘ်ပေးတဲ့ငွေတွေကို တရားဝင်ပေးရတဲ့ငွေတွေလို စာရင်းထဲမှာ စရိတ်စကအနေနဲ့ ထည့်ပြရင် အခွန်ဆောင်ရတာ သက်သာမယ်။ ဒီလိုဆိုတော့ မီးစတစ်ဘက်၊ ရေမှုတ်တစ်ဘက်ဆိုသလို တစ်ဘက်က လာဘ်ယူတာဆန့်ကျင်ပြီး တစ်ဘက်က လာဘ်ပေးတာကိုအားပေးတာ တွေ့ရမယ်။ ဒီတော့ လာဘ်ယူတာတွေကို တိုက်ဖျက်ဖို့လိုသလို၊ လာဘ်ပေးတာတွေကိုလည်း မျှမျှတတ တိုက်ဖျက်ဖို့လိုလာတယ်။

(၂)

လာဘ်ပေးသူတွေကို ဆန့်ကျင်မယ်လို့ ဥပဒေအရကို သတ်မှတ်ထားနိုင်တဲ့ နိုင်ငံကလည်း ခပ်ရှားရှား။ အမေရိကန်ပြည်ထောင်စုမှာတော့ ပြည်ပမှာလာဘ်ပေးတာကို ရာဇဝတ်မှု တစ်ခုအနေနဲ့ သတ်မှတ်ထားတယ်။ နိုင်ငံအတော်တော်များများကတော့ ဂျာမဏီလိုပဲ၊ လာဘ်ပေးတဲ့စရိတ်ကို ဆောင်ရမယ့်အခွန်ထဲက နုတ်လို့ရတယ်။

ဒီတော့ လာဘ်ပေးမှုဆန့်ကျင်ရာမှာ ဘာတွေပါဝင်မလဲ --

(၁) စက်မှုနိုင်ငံကြီးတွေက လာဘ်ပေးသူတွေကို စုံစမ်းဖော်ထုတ်ဖို့ သတင်းလောကနဲ့ ပြည်သူ့ဥပဒေအကျိုးဆောင်တွေက ဆောင်ရွက်ကြရမယ်။

(၂) ပြည်ပမှာလာဘ်ပေးတာတွေကို ရာဇဝတ်မှုအနေနဲ့ သတ်မှတ်ကြရမယ်။

(၃) လာဘ်ရလာတဲ့ ငွေမည်းကို ငွေဖြူအဖြစ် ခဝါမချနိုင်အောင် ဟန့်တားကြရမယ်။

(၄) ဖွံ့ဖြိုးဆဲနိုင်ငံတွေဘက်က ကုန်သွယ်မှုနဲ့ နိုင်ငံတကာက ကုန်ပစ္စည်း မှာယူတင်သွင်းတဲ့ကိစ္စတွေမှာ လာဘ်ပေးဖို့ကြိုးစားတာတွေကို ဆန့်ကျင်ကြရပါမယ်။

၁၉၉၇ ခုနှစ် ဇီဇင်ဘာလ (၁၇) ရက်နေ့တုန်းက နိုင်ငံတကာ စီးပွားရေးလောကမှာ လာဘ်ပေးမှုတိုက်ဖျက်ရေး ညီလာခံတစ်ခု ပြုလုပ်ခဲ့ကြပါတယ်။ ဒီညီလာခံမှာ စက်မှုဖွံ့ဖြိုးပြီး အိုအီးစီဒီအဖွဲ့ဝင်နိုင်ငံ (၂၉) နိုင်ငံက ကိုယ်စားလှယ်တွေ တက်ရောက်လက်မှတ်ထိုးကြပြီး ၁၉၉၈ ခုနှစ်အတွင်းမှာ ပြည်ပကို လာဘ်ပေးတာတွေဟာ ရာဇဝတ်မှုပဲရယ်လို့ သတ်မှတ်တဲ့ ဥပဒေပြဋ္ဌာန်းဖို့ သဘောတူခဲ့ကြ ပါတယ်။

ဒီသဘောတူညီမှုဟာ အများကြီးခရီးရောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ အ

ရောင်းအဝယ် အပေးအယူတွေ အများဆုံးလုပ်တာ ဒီနိုင်ငံတွေကဖြစ်ပြီး အများဆုံး လာဘ်ပေးတာတွေကလည်း ဒီနိုင်ငံက ကုမ္ပဏီတွေပဲ ဖြစ်လို့ပါ။ ပြီးတော့ ဒီနိုင်ငံတွေက လုပ်ပြကြရင် ကျန်တဲ့နိုင်ငံတွေကလည်း လိုက်လုပ်စရာ အကြောင်းရှိပါတယ်။ လာဘ်ပေးတဲ့ ကုမ္ပဏီတွေကိုလည်း ပြစ်ဒဏ်တွေချမှတ်ကြမယ်လို့ ဆိုပါတယ်။

တစ်ခုရှိတာက ကိုယ့်နိုင်ငံ၊ ကိုယ့်ကုမ္ပဏီကတော့ လာဘ်မပေးဘူး၊ ကိုယ့်ပြိုင်ဘက်ကုမ္ပဏီက လာဘ်ပေးလို့ ကိုယ်က အနစ်နာခံပေးရသလို ဖြစ်မနေစေဖို့လည်း လိုအပ်ပါတယ်။ ဒီအတွက်လည်း နိုင်ငံတကာ စီးပွားရေးအုပ်စုကြီးတွေက ဝိုင်းဝန်းဆောင်ရွက်ကြရမှာပါ။

အခုအထိတော့ လာဘ်ပေးမှုတိုက်ဖျက်ရေးဟာ အစပျိုးခါစပဲ ရှိပါသေးတယ်။ ကြီးမားကျယ်ပြန့်လှတဲ့ လာဘ်ပေးမှုတွေအားလုံးကို အုပ်စီးမိအောင်တော့ မလုပ်နိုင်သေးပါဘူး။ ဒီတော့ အနိမ့်ဆုံးအဆင့်မှာ ဥပဒေမဟုတ်ပေမယ့် အစိုးရတွေကို အကြံပေးတဲ့ အနေကစပြီး၊ အမြင့်ဆုံး ဥပဒေပြုတဲ့ အဆင့်အထိ အဆင့်ဆင့် တက်သွားကြရပါမယ်။ ဥပမာ - လာဘ်ပေးတာကို တရားဝင်စရိတ်လို့ သတ်မှတ်ပြီး ပေးရမယ့်အခွန်ထဲက နုတ်ခွင့်ပြုတာတွေကို ခွင့်မပြုတော့ဖို့ အစိုးရအရာရှိတွေကို မေတ္တာရပ်ခံနေကြပါပြီ။

လာဘ်ပေးမှုတိုက်ဖျက်ရေး လုပ်ငန်းမှာ ခြေမြန်လက်မြန်နဲ့ မြန်မြန်ဥပဒေဆွဲ၊ မြန်မြန်အကောင်အထည် ဖော်ချင်ကြသူတွေရှိသလို အစစအရာရာ ရေပက်မဝင်အောင် ထောင့်

စေ့ချင်တဲ့သဘောနဲ့ အချိန်ယူရေးဆွဲချင်ကြတဲ့ သူတွေလည်း ရှိပါတယ်။ တချို့နိုင်ငံတွေ ကျပြန်တော့လည်း တမင်သက် သက်ကို အချိန်ဆွဲချင်ကြတဲ့ သဘောရှိပါတယ်။

(၃)

ငွေမည်းတွေကို ငွေဖြူဖြစ်အောင်လုပ်တဲ့ လုပ်ငန်းနဲ့ လာဘ်ယူတဲ့ကိစ္စတွေဟာလည်း ဆက်စပ်နေပါတယ်။ လာဘ် ယူပြီးရလာတဲ့ ငွေတွေဟာ နိုင်ငံတကာ ငွေပေးငွေယူ လမ်း ကြောင်းတွေကိုသုံးပြီး စီးထွက်သွားတတ်ကြပါတယ်။ အဲဒီလို ပြင်ပကို စီးထွက်ရာမှာ လုံလုံခြုံခြုံ စိတ်ချလက်ချနဲ့ စီးထွက် သွားနိုင်အောင် ကူညီတဲ့သူတွေကလည်း တခြားသူတွေ ဟုတ်ပါရိုးလား။ စောစောက လာဘ်ပေးတဲ့သူတွေပါပဲ။ ဒီလိုနဲ့ စက်မှုနိုင်ငံကြီးတွေမှာ ရုံးစိုက်တဲ့ ကမ္ဘာ့အကြီးဆုံးဘဏ်တွေဟာ ငွေမည်းက ငွေဖြူဖြစ်အောင် လုပ်ပေးနေတဲ့ စက်ရုံကြီးတွေ ဖြစ်လာပါတယ်။ တချို့ဘဏ်တွေက မသိလို့လုပ်မိတာဖြစ် ပေမယ့် သိလျက်နဲ့ လုပ်နေတဲ့ဘဏ်တွေလည်း ရှိပါတယ်။ အခုလို ငွေမည်းကနေ ငွေဖြူဖြစ်သွားတဲ့ ငွေကြေးပမာဏဟာ ကမ္ဘာ့ဝင်ငွေရဲ့ (၂) ရာခိုင်နှုန်းကနေ (၅) ရာခိုင်နှုန်းအထိ ရှိ နိုင်တယ်။ ဒီ ပမာဏဟာ ထင်တာထက် အများကြီး ပိုများ တဲ့ ငွေကြေးပါ။

ဒီဘက်ပိုင်းတွေမှာ အီလက်ထရွန်းနစ်နည်းနဲ့ ငွေ ပြောင်းငွေလွှဲ လုပ်လို့ရတော့ ငွေတွေကို နိုင်ငံနယ်နိမိတ်ကျော် ပြီး ထုတ်ဖို့ဆိုတာ သိပ်ခက်တဲ့ အလုပ်မဟုတ်ပါဘူး။ ကမ္ဘာ

အနံ့ ငွေပြောင်းငွေလွှဲတွေကို စောင့်ကြပ်ကြည့်ရှုဖို့ ပွင့်လင်းတဲ့ စနစ်တစ်ခု ဖြစ်ဖို့ဆိုတာကလည်း ဝေးလှပါသေးတယ်။

နိုင်ငံတကာ အရောင်းအဝယ်တွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ လာဘ်မပေးရဆိုတဲ့ စည်းမျဉ်းစည်းကမ်းတစ်ခု ဖြစ်လာဖို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နဲ့ လက်အောက်ခံလုပ်ငန်းစဉ်တွေထဲမှာ ထည့်သွင်းလာနိုင်စရာ အကြောင်းရှိပါတယ်။ လာဘ်ပေးမှုတိုက်ဖျက်ရေးမှာ အစိုးရ၊ လူမှုဝန်ထမ်းအဖွဲ့အစည်းတွေနဲ့ ပုဂ္ဂလိကကဏ္ဍ သုံးဦးသုံးဖလှယ် ပါဝင်ကြရမှာ ဖြစ်ပါတယ်။ အခုဆိုရင်ပဲ တချို့နိုင်ငံ အကြီးအကဲတွေနဲ့ နိုင်ငံစုံကုမ္ပဏီကြီး တချို့ရဲ့ ထောက်ခံအားပေးမှုကို ရနေပါပြီ။ နောင်ဆိုရင် တင်ဒါတင်ကြတဲ့ နိုင်ငံတကာ လုပ်ငန်းတွေဟာ လာဘ်မပေးပါဘူးဆိုတဲ့ ခံဝန်ချက်ပေးရလိမ့်မယ်။


နိုင်ငံတကာက ဝယ်ယူကြတယ်ဆိုတာလည်း အများအားဖြင့် နိုင်ငံတကာ အဖွဲ့အစည်းတွေက ထောက်ပံ့တဲ့ငွေနဲ့ ဝယ်တာတွေဖြစ်ပါတယ်။

(၄)

လုပ်ငန်းတွေ၊ ကုမ္ပဏီတွေရဲ့ အမြင်စွဲနေတဲ့ အလေ့အထတွေ၊ လုပ်ထုံးလုပ်နည်းတွေ ပြောင်းဖို့ဆိုတာ အလွန်ခက်သလို အချိန်လည်း အတော်လေးပေးရပါတယ်။ ဒါပေမယ့် လာဘ်ပေးနေကျ ကုမ္ပဏီကြီးတွေ အနေနဲ့ လာဘ်မပေးကြဖို့ ဖိအားတွေတိုးလာတာကို ခံနေရပါပြီ။ တစ်ဖက်မှာ လာဘ်ယူသူတွေ ပြစ်ဒဏ်ခံကြရသလို လာဘ်ပေးတဲ့သူတွေ ပြစ်ဒဏ်ခံ

ကြရတာ မဝေးတော့တဲ့ အနာဂတ်မှာ မြင်တွေ့ကြရပါတော့မယ်။

O



## ကျွန်တော်တို့ရဲ့ ငန်းများ

ရွှေဉတွေထုတ်တာကိုပဲ ဂရုစိုက်မယ်၊ ရွှေဉထုတ်ပေးနေတဲ့ ငန်းကိုရော ဂရုမစိုက်ကြဘူးလား။ ရွှေဉနဲ့ငန်း နှစ်ခုစလုံးကို ဂရုစိုက်ရမယ် မဟုတ်ပါလား။

ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်လုပ်ငန်းတွေကို ကြည့်ကြရအောင်ပါ။ ကျွန်တော်တို့မှာ ဘယ်လိုပိုင်ဆိုင်မှုတွေ၊ ဘယ်လို အစွမ်းအစတွေ ရှိကြသလဲ။

ကျွန်တော်တို့မှာ ရုပ်ဝတ္ထုတွေ ပိုင်ဆိုင်ကြတယ်၊ ငွေရေးကြေးရေး အင်အားတွေရှိတယ်။ ပြီးတော့ အရေးအကြီးဆုံး၊ အရေးအပါဆုံးဖြစ်တဲ့ လူသားတစ်ယောက်ရဲ့ လူသားဆန်တဲ့

အစွမ်းအစတွေ၊ အရည်အချင်းတွေကို ကျွန်တော်တို့ ပိုင်ဆိုင်ကြတယ်။

ကျွန်တော်တို့ပိုင်ဆိုင်တဲ့ ပစ္စည်းကိရိယာတွေကို ထပ်ခါတလဲလဲ အသုံးပြုကြတာ၊ ကျွန်တော်တို့လိုချင်တာတွေ ရအောင်ခိုင်းကြတာ၊ ဒါတွေအားလုံးဟာ ရွှေဥ,တွေနဲ့ တူပါတယ်။ ရွှေဥတွေကို လိုချင်ပေမယ့် ရွှေဥ,ဥပေးနေတဲ့ ငန်းကို ဂရုမစိုက်သလို၊ အဲဒီပစ္စည်းကိရိယာတွေကို လိုအပ်တဲ့ သန့်ရှင်းပေးတာ၊ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ပေးတာတွေ မလုပ်ပဲထားရင် အဲဒီ "ငန်း" ကြီးသေသွားမှာပဲ။ ပစ္စည်းကိရိယာတွေ အသုံးအဆောင်တွေကို ကြာရှည်သုံးလို့ရမှာ မဟုတ်ပါဘူး။

အခုဒီဘက်ခေတ်မှာ ခေတ်စားလာတဲ့ (R) သုံးလုံးဖြစ်တဲ့ Reduce (လျှော့ကြ)၊ Reuse (ပြန်သုံးကြ)၊ Recycle (စွန့်ပစ်ပစ္စည်းတွေ ပြန်အသုံးဝင်အောင်လုပ်ကြ) ဆိုတာ အထူးအဆန်းမဟုတ်ပါဘူး။ မင်္ဂလသုတ်ထဲမှာ အားလုံးပါပြီးသားတွေပါ။ ဒါကြောင့် မင်္ဂလသုတ်ကို ကျေကျေညက်ညက်လေ့လာအသုံးချတာဟာ ခေတ်မီရုံမကပါဘူး။ ခေတ်ရှေ့ ကပါပြေးနေစေပါတယ်။

ငွေကြေးအင်အား၊ ငွေကြေးအရင်းအမြစ်ဆိုတာ ဘယ်လောက်ရှိတယ်၊ ဘယ်လောက်မရှိဘူး။ အိတ်ထဲမှာ ငွေတစ်ပြားမျှမရှိဘူး ဆိုတာမျိုးတွေကို မရည်ရွယ်ပါဘူး။ ကျွန်တော်တို့ရဲ့ ငွေရှာနိုင်တဲ့ စွမ်းအားကိုဆိုလိုတာပါပဲ။ ဘဝတစ်သက်တာ ကျွန်တော်တို့ရဲ့ ငွေရှာနိုင်တဲ့ စွမ်းအားဟာ

နည်းနည်းနောနော မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ကိုကျွေးမွေးဖို့၊ အဝတ်အစားဆင်ဖို့၊ နေစရာနဲ့ အခြားအသုံးအဆောင်တွေရဖို့၊ ရှာရှာပေးနေတဲ့ ငွေကြေးတွေဟာ တစ်နှစ်၊ ဆယ်နှစ်၊ တစ်သက်စသည်ဖြင့် ပေါင်းကြည့်ရင် နည်းနည်းနောနော မဟုတ်တာတွေ့ရပါ လိမ့်မယ်။

ဒီနေရာမှာ ကျွန်တော်တို့ဟာ အရင်းနဲ့အတိုးကိုခွဲပြီး သိရပါလိမ့်မယ်။ "အတိုး" ကို သင့်တော်သလို ဝေဖန်ခွဲခြမ်းသုံးစွဲတာဟာ ရွှေဉကို သုံးစွဲရာရောက်ပါတယ်။ ဒါပေမယ့် အရင်းကိုယူသုံးလိုက်ရင်တော့ ငန်းကိုသတ်စားလိုက်ရာရောက်သွားပါတယ်။ လောလောဆယ် ကျွန်တော်တို့ ငွေရှာလို့ရတိုင်း ငွေလိုက်ရှာကြရင်၊ ငွေနောက်ပဲလိုက်နေကြရင် ငန်းကြီးဒုက္ခရောက်ပါလိမ့်မယ်။ ရွှေဉ,ဉပေးနေတဲ့ ငန်းကို ဂရုစိုက်တဲ့အနေနဲ့ အသိပညာ၊ အတတ်ပညာတွေ ဆက်လက်ဆည်းပူးကြရပါတယ်။ ကျွမ်းကျင်မှုတွေ တိုးပွားအောင် ကြိုးစားကြရပါတယ်။

ဒီခေတ်က အသိပညာ၊ အတတ်ပညာ တိုးတက်မှုမြန်ဆန်လေတော့ ခေတ်နဲ့လျော်ညီတဲ့ အသိပညာ၊ အတတ်ပညာတွေရအောင် ကြိုးစားကြရပါမယ်။ စာမေးပွဲအောင်ရုံ၊ အောင်လက်မှတ်ရရုံနဲ့ မပြီးပါဘူး။ လက်မှတ်တွေ တစ်ပုံတစ်ခေါင်းကြီး ရထားပေမယ့် ခေတ်နဲ့လျော်ညီတဲ့ ကျွမ်းကျင်မှုတွေ၊ အရည်အချင်းတွေ မရှိရင် ကျန်ရစ်ခဲ့မှာပါ။

အကြောင်းသင့်လို့ ဆွေကြောင့်မျိုးကြောင့် နေရာကောင်းရထားတဲ့သူတွေဟာ ကိုယ်ရတဲ့နေရာနဲ့ ထိုက်တန်တဲ့

အရည်အချင်းနဲ့ ပြည့်စုံအောင် ကြိုးစားကြရမှာပါ။ ထိုက်တန်တဲ့ အရည်အချင်းမရှိရင် အဲဒီလုပ်ငန်း၊ အဲဒီအဖွဲ့အစည်းဟာ ကိုယ့်ကြောင့် ကျဆင်းသွားနိုင်ပါတယ်။

ရုပ်ဝတ္ထုအရင်းအမြစ်တွေနဲ့ ငွေကြေးအရင်းအမြစ်တွေအားလုံးကို ထိန်းချုပ်တာဟာ လူ့အစွမ်းအစပါပဲ။ လူ့အစွမ်းအစဆိုရာမှာ အခြေခံဟာ ထုတ်လုပ်မှုနဲ့ ထုတ်လုပ်မှုစွမ်းအား၊ ရွှေဥနဲ့ငန်း အချိုးအစားကျဖို့ ဖြစ်ပါတယ်။ တစ်နေ့တာကိစ္စတွေနဲ့ လုံးချာလည်နေကြရင်၊ အထက်လူကြီးရဲ့ မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေရပြီး ကိုယ့်အရည်အချင်းကို အားမကိုးနိုင်ရင်၊ သူများကို ကိုယ့်ဝမ်းရေးအတွက် အားကိုးနေရရင်၊ သူတစ်ပါး လက်ညှိုးထိုးတာကို ဆင်ခြေပေးဖို့ပဲ ကြံဆနေရရင်၊ ကိုယ့်အစွမ်းအစတွေ တိုးပွားအောင် မလုပ်ဘူးဆိုတာ ထင်ရှားပါတယ်။

ထိရောက်တယ်၊ ထက်မြက်တယ်လို့လည်း ဘယ်မှာဆိုနိုင်ပါ့မလဲ . . .။

o

## ဘဝစာမေးပွဲ

"ဆရာ - ကျွန်တော်တို့ စာကျက်လို့မရဘူး။ ဘယ့်နှယ်လုပ်မလဲ"

"ဘယ့်နှယ်မှ မလုပ်နဲ့၊ စာမှ မကျက်ရသေးဘူး။ စာကျက်လို့မရတာက အရင်လုပ်နေကြတာကိုး။ မင်းတို့က ငါ့အသက်ရဲ့ ထက်ဝက်လောက်ရှိတာ။ ဒီတော့ ငါ့ရဲ့မှတ်ဉာဏ်ထက် မင်းတို့မှတ်ဉာဏ်က နှစ်ဆလောက်ကောင်းတယ်။ ပြိုင်ကျက်မလား"

"ဒါတော့ - ဆရာက ဆရာကိုး. . . ဆရာရယ်"

"တစ်ခုပဲ၊ ငါကစာကျက်ရင်ရ,ရမယ်လို့ ဆုံးဖြတ်ထား

တယ်။ မင်းတို့က စာကျက်ရင် မရ,ရဘူးလို့ ကြိုတင်ဆုံးဖြတ်ထားတယ်။ ကွာတာက ဒါလေးပဲ"

"ကျက်ပြီးတော့လည်း မေ့တာပဲဆရာရဲ့၊ စာမေးပွဲခန်းထဲရောက်တော့ ဘာမျှသတိမရတော့ဘူး"

"စာမေးပွဲခန်းထဲမှာ သတိမရရင် ကျက်ထားတယ်၊ မှတ်ထားတယ်လို့ မဆိုနိုင်ဘူး။ စာမေးပွဲခန်းထဲမှာ သတိရမှ ကျက်ထားတယ်လို့ ဆိုနိုင်တယ်။ ဒါဟာ ကျက်ကတည်းက ကျက်ထားတဲ့အခေါက်ရေ နည်းတယ်၊ ကျက်နေပေမယ့် စိတ်မဝင်စားဘူး။ ကျက်ပြီးတော့လည်း စိတ်မဝင်စားဘူး ဆိုတာပြတယ်"

"စာမေးပွဲဆိုတာကို ဒီလောက်ရေးကြီးခွင်ကျယ်တွေ ပြောမနေပါနဲ့ ဆရာရယ်။ အောင်လည်း ဘာမျှမဖြစ်ပါဘူး။ မအောင်လည်း ဘာမျှမဖြစ်ပါဘူး"

"ဒါက မင်းက စပျစ်သီးချင်တယ် လုပ်ချင်တာကိုး၊ စာပေးပွဲတစ်ခုထဲကို ငါလည်းဒီလောက် ရေးကြီးခွင်ကျယ် မလုပ်ပါဘူး။ စာမေးပွဲနဲ့ပက်သက်လို့ ထားတဲ့သဘောထားကို ပြောနေတာပါ။ အခုပဲကြည့်လေ၊ စာမေးပွဲဆိုတာ အရေးမကြီးပါဘူးတွေ၊ ဘာတွေဖြစ်လာပြီ"

"ဒါဖြင့် အရေးကြီးလို့လား"

"မင်း မလိုချင်တဲ့၊ တန်ဖိုးမထားတဲ့ဟာဆိုရင် အစကတည်းက မယူနဲ့လေ။ မင်းပညာတတ်တစ်ယောက် မဖြစ်ချင်ရင် ပညာမသင်နဲ့ပေါ့။ ပညာမလိုချင်ပဲ ပညာသင်နေတာကတော့ ကိုယ့်ကိုယ်ကိုလည်း လိမ်ရာရောက်တယ်။ အချိန်

ဖြုန်းရာလည်း ရောက်တယ်။ ဒီပညာမသင်ချင်ရင်လည်း တစ်ခြားပညာတွေ သင်ပေါ့။ အချိန်တွေကုန်တာ နှမြောစရာကြီး"

"ဘွဲ့လေးတစ်ခုတော့ ရထားရင် ကောင်းတာပေါ့ ဆရာရယ်"

"ဘယ်သူကပြောသလဲ၊ ဘွဲ့တော့ဘွဲ့ရပါပဲကွာ၊ ဒါပေမယ့် သူကဘယ်လိုလုပ်ပြီး ရလာတဲ့ဘွဲ့ပါ၊ လူကဘွဲ့လောက် မတော်ပါဘူး၊ မတတ်ပါဘူးဆိုတာ ကောင်းသလား"

ဒါမှမဟုတ် ဘွဲ့တော့မရပါဘူးကွာ၊ ဒါပေမယ့် သူ့အရည်အချင်းက ဘွဲ့ရတစ်ယောက်ထက် အများကြီးတော်ပါတယ်။ တတ်ပါတယ်ဆိုတာ ပိုကောင်းသလား။

ဆယ်တန်း အောင်, အောင်ဖြေမယ်၊ ပြီးရင် တက္ကသိုလ်တက်မယ်၊ ပြီးမှ အလုပ်,လုပ်မယ်ဆိုတဲ့ စဉ်းစားပုံ စဉ်းစားနည်းတော့ ပြောင်းဖို့ကောင်းပြီ။ အလုပ်,လုပ်ပြီးမှ တက္ကသိုလ်တက်မယ်။ ဒါမှမဟုတ် အလုပ်,လုပ်ရင်း တက္ကသိုလ်တက်ရင် ကောင်းမယ်ဆိုတာမျိုးပါ စဉ်းစားဖို့လိုလာပြီ။ အခုလိုပြောလို့ ပညာမတတ်စေချင်လို့,လို့ မထင်နဲ့။ ဒါပေမယ့် ပညာဆိုတာ တက္ကသိုလ်မှာပဲ သင်လို့ရတာမျိုး မဟုတ်ပါဘူး"

"ကျွန်တော်တို့ အခုစာမေးပွဲအောင်ရင် ပြီးတာပဲမဟုတ်လား ဆရာရဲ့။ ဘယ်သူကမှ ဘယ်လိုအောင်ခဲ့တယ်ဆိုတာ မမေးပါဘူး"

"အဲသလိုမဟုတ်ပါဘူး။ စာမေးပွဲအောင်တာထက် ဘယ်လိုအောင်တယ်ဆိုတာ စာမေးပွဲမှာသာ မဟုတ်ဘူး။ ဘဝအတွက်ပါ အရေးကြီးတယ်"

"ကျောင်းစာမေးပွဲအောင်ပြီး အပြင်မှာအသုံးမကျတဲ့လူ၊ စာမေးပွဲမအောင်ပေမယ့် အပြင်မှာရှေ့တန်းရောက်နေတဲ့သူတွေ ရှိတာပဲမဟုတ်လား"

"မှန်တယ်လေ၊ အဲဒါဘယ်လို အောင်ခဲ့သလဲဆိုတဲ့အပေါ် မူတည်တယ်။ စာမေးပွဲဆိုတာရှိတော့ စာကျက်ရမယ်၊ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကိုရဖို့ အခွင့်အလမ်း တစ်ခုဖြစ်တယ်။ ဒီပန်းတိုင်ကိုရောက်ဖို့ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန် ကြိုးစားအားထုတ်ရမယ် ဆိုတဲ့အသိနဲ့ အလေ့အကျင့် ရှိတဲ့သူဟာ အပြင်လောကမှာလည်း ရိုးရိုးသားသား မှန်မှန်ကန်ကန် ကြိုးစားမှာပဲ။

ဒီလိုမှမဟုတ်ဘဲ စာမေးပွဲကို ဘယ်နည်းနဲ့ဖြတ်လမ်းက အောင်‚အောင် လုပ်ရမလဲဆိုတဲ့ သူတွေကလည်း ဘဝလမ်းခရီးမှာ ရိုးသားမှန်ကန်ကြိုးစားဖို့ ဘယ်တော့မျှလုပ်မှာမဟုတ်ဘူး။ ဖြတ်လမ်းကို အမြဲလိုက်ရှာနေမှာပဲ"

ဝ



## ဒေါ်လာ (၂၀) - ဒေါ်လာ (၅၀၀၀)*

၁၈၈၇ ခုနှစ်က အသက်ငါးဆယ် ခြောက်ဆယ်လောက်ရှိတဲ့ လူကြီးလူကောင်းတစ်ယောက်ဟာ အမေရိကန်နိုင်ငံ ကုန်စိမ်းဆိုင်တစ်ဆိုင်ထဲကို ဝင်လာတယ်။ သူလိုချင်တဲ့ သစ်သီးဝလံတွေယူပြီးတော့ အရောင်းစာရေးကို ဒေါ်လာ (၂၀) တန် (၁) ရွက် လှမ်းပေးလိုက်တယ်။ အရောင်းစာရေးက အကြွေပြန်အမ်းလိုက်ပြီးတော့ အဲဒီစက္ကူကို အံဆွဲထဲထည့်ထားလိုက်တယ်။

ဒါပေမယ့် ဟင်းသီးဟင်းရွက်တွေ ကိုင်ထားလို့ စိုနေတဲ့လက်မှာ မင်တွေစွန်းပေနေတာကို သတိထားလိုက်မိ

တယ်။ ဘယ်လိုမှ ထင်စရာမရှိတော့ အကြာကြီးစဉ်းစားနေရတယ်။ ဒီလူကြီး ဒီဆိုင်မှာ ဈေးလာဝယ်တာ မနေ့တစ်နေ့က မဟုတ်ဘူး။ နှစ်ပေါင်းများစွာ ကြာလှပြီ။ အိမ်နီးချင်းလည်း အိမ်နီးချင်း၊ ဖောက်သည်ကလည်း ဖောက်သည်၊ ဒီလိုလူမျိုးက မဟုတ်တာလုပ်မယ်ထင်ပါဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်လေဆိုပြီး ရဲကို ဖုန်းဆက်လိုက်တယ်။

ရဲတစ်ယောက်ကတောင် ဒီငွေစက္ကူက အစစ်ပါတဲ့။ နောက်ရဲတစ်ယောက်က ငွေစက္ကူကို ပွတ်ကြည့်လိုက်တော့ မင်တွေထွက်လာတယ်။ နောက်ဆုံးတော့ ရှာဖွေခွင့်ဝရမ်းတောင်းပြီး စောစောကလူကြီးမင်းရဲ့ ထပ်ခိုးကို ရှာကြည့်လိုက်တော့ အတုလုပ်နေတဲ့ ငွေစက္ကူတွေ မိသွားတယ်။ လူကြီးမင်းဆွဲထားတဲ့ ပန်းချီကား (၃) ကားလည်းတွေ့တယ်။ ဒီလူဟာ တကယ့်ပန်းချီဆရာပဲ။ ငွေစက္ကူအတုတွေရအောင်လည်း သူကိုယ်တိုင် အပီအပြင်ဆွဲတာ၊ လွန်ခဲ့တဲ့ အနှစ် (၁၀၀) ကျော်ကဆိုရင် ဒေါ်လာ (၂၀) ဆိုတဲ့ငွေဟာ နည်းနည်းနောနောတန်ကြေးရှိတာ မဟုတ်ဘူး။ ဒါကြောင့် စုတ်ချက်တစ်ချက်ပြီးတစ်ချက် အသေးစိတ်-အနုစိတ် မှန်းထားတော့ တကယ့်ငွေစက္ကူအစစ်နဲ့ ခွဲမရအောင် တူနေတော့တာပေါ့။ ရေစိုနေတဲ့လက်နဲ့ ကိုင်မိလို့သာ မင်တွေပျံ့သွားပြီး အတုမှန်းသိတာ ဖြစ်ပါတယ်။

သူ့ကိုဖမ်းမိပြီးတဲ့နောက် ပန်းချီကား (၃) ကားကို လေလံပစ်တော့ ပန်းချီကား တစ်ကားကို ဒေါ်လာ (၅၀၀၀) ကျော်၊ စုစုပေါင်း ဒေါ်လာ တစ်သောင်းခွဲခြောက်ထောင်

လောက်ရတယ်။ ဒေါ်လာ (၂၀) အတုတွေ ဆွဲတာလည်း ဒီလက်ပဲ။ ဒေါ်လာငါးထောင်ကျော်တန်တဲ့ ပန်းချီကားတွေ ဆွဲတာလည်း ဒီလက်ပဲ။ ဒီလောက်ပါရမီရှိတဲ့သူက လူလိမ်၊ လူညာ၊ သူခိုး၊ သူဝှက် ဘယ်လိုလုပ် ဖြစ်သွားရသလဲ။

ထူးဆန်းတာက ပန်းချီကားတစ်ချပ်ဆွဲရတဲ့အချိန်နဲ့ ဒေါ်လာ (၂၀) တန် တစ်ရွက်ဆွဲလို့ ကုန်တဲ့အချိန်ကလည်း အတူတူပဲ။ ဒီတော့ ဒေါ်လာ (၂၀) တန်တစ်ရွက်ဆွဲအပြီးမှာ ဒေါ်လာ (၅၀၀၀) ကျော် ဆုံးရှုံးတဲ့ အဓိပ္ပါယ်ထွက်နေပါတယ်။ ဒီတော့ - သူ့ဆီက ဒေါ်လာ (၅၀၀၀) ကျော်, (၅၀၀၀) ကျော် ခိုးနေတဲ့သူဟာ သူများမဟုတ်ဘဲ သူကိုယ်တိုင် ဖြစ်နေပါတယ်။

တကယ်လို့သူဟာ သူ့ရဲ့အစွမ်းအစကို တရားဥပဒေဘောင်အတွင်းက အသုံးချမယ်ဆိုရင် သန်းကြွယ်သူဌေး ဖြစ်နိုင်ပါတယ်။

သူတစ်ပါးဆီက ဒေါ်လာ (၂၀) လောက် လိမ်ညာဖို့၊ ခိုးဖို့ကြိုးစားရင်းနဲ့ သူ့ဆီက ဒေါ်လာ (၅၀၀၀) ကျော် ပါသွားတာ သူ. . . မသိလိုက်ဘူး။ သူ့ဆီက ခိုးတဲ့သူဟာ တစ်ခြားလူမဟုတ်ဘဲ သူကိုယ်တိုင် ဖြစ်နေတာကိုလည်း မသိလိုက်ဘူး။

နောက် ရတနာ သူခိုးတစ်ယောက်ကို အင်တာဗျူးလုပ်တဲ့သူက မေးကြည့်တယ်။ "ခင်ဗျား - အများဆုံးခိုးခဲ့တဲ့သူကို မှတ်မိပါသလား" သူက ခဏစဉ်းစားပြီး "ဒီမေးခွန်းက လွယ်ပါတယ်။ ကျွန်တော်အများဆုံး ခိုးခဲ့တဲ့သူဟာ ကျွန်တော်

ပါပဲ။ တကယ်လို့သာ ကျွန်တော်ဟာ မှန်မှန်ကန်ကန်၊ ရိုးရိုးသားသားကြိုးစားရင် သူဌေးသူကြွယ်တစ်ယောက်၊ အောင်မြင်တဲ့ လုပ်ငန်းရှင်တစ်ယောက် ဖြစ်နိုင်ပါတယ်။ လူ့အဖွဲ့အစည်းကို အကျိုးပြုတဲ့သူတစ်ယောက် ဖြစ်နိုင်ပါတယ်"

ကဲ. . . ကျွန်တော်တို့ တစ်တွေကရော --

ကျွန်တော်တို့ဟာ ကိုယ့်အစွမ်းအစကို ကိုယ်သိကြ၊ ယုံကြသလား။ ကိုယ့်အစွမ်းအစကို အပြည့်အဝ အသုံးချကြရဲ့လား။ ကိုယ့်ကိုယ်ကို မယုံကြည်၊ ကိုယ့်အစွမ်းအစ ကိုမသိ၊ ကိုယ့်အစွမ်းအစကို အသုံးမချကြဘူး ဆိုရင်တော့ ကျွန်တော်တို့တစ်တွေလည်း စောစောကလူတွေနဲ့ ဘာကွာလို့လဲ။ ကျွန်တော်တို့ဆီက အများဆုံးခိုးယူနေကြတဲ့ ကျွန်တော်တို့တစ်တွေ ဖြစ်နေမှာပါ။ ကိုယ့်စွမ်းအားရှိသလောက် မလုပ်ဘဲနေတဲ့အတွက် လူ့အဖွဲ့အစည်းက ခိုးယူရာလည်း ရောက်ပါတယ်။ ဒီလို ခိုးယူမိနေတာတောင် သတိထားမိချင်မှ ထားမိကြမှာပါ။

သတိထားမိပေမယ့် အဆုံးအရှုံးကအကြီးသား. . . ။

○



# ဒီဂရီလွဲမျက်မှန်တစ်လက်

(၁)

ခင်ဗျားရဲ့ မျက်စိက နည်းနည်းဒုက္ခပေးနေတယ်။ စာကြည့်လို့သိပ်မကောင်းဘူး။ စာကြည့်ရမှာစိုးလို့ ဖြစ်တာတော့ မဟုတ်ဘူး။ ဒီတော့ မျက်စိဆရာဝန်ဆီသွားမယ်။ သူက ခင်ဗျား ပြောပြတာတွေ ခဏနားထောင်မယ်။ ပြီးတော့ သူ့မျက်မှန် ခင်ဗျားကိုလှမ်းပေးလိုက်မယ်။ အဲဒီမျက်မှန်ကို တပ်ကြည့်ပါ။ သူတော့ - အဲဒီမျက်မှန် တပ်ကြည့်လာတာ ဆယ်နှစ်ကျော် သွားပြီ။ သိပ်အဆင်ပြေတယ်။ အိမ်မှာ သူ့အတွက် မျက်မှန်အပိုတစ်လက် ရှိသေးတယ်ဆိုပြီး စေတနာနဲ့ သူ့မျက်မှန်ကို ပေးလိုက်တယ်။

ခင်ဗျားတပ်ကြည့်တဲ့ အခါကျ နဂိုရ်ထက်ပိုဆိုးသွားတယ်။ ဟိုတုန်းက မျက်ရိုးကိုက်ရုံလောက်၊ ဝါးတားတား ဖြစ်ရုံလောက်ပဲ၊ အခုဆို ဘာမျှမမြင်ရတော့ဘူး။ အခုလို ဘာမျှမမြင်ရတော့တဲ့အကြောင်း မျက်စိဆရာဝန်ကို ပြန်ပြောပြလိုက်တယ်။

သူက မယုံဘူး။ သူတောင် အဆင်ပြေသေးတာ။ ခင်ဗျားမျက်စိတွက်လည်း အဆင်ပြေရမယ်တဲ့။ သေသေချာချာ တပ်ကြည့်စမ်းပါဦးတဲ့။

ခင်ဗျားက ဟုတ်တယ်။ တပ်ကြည့်ပြီးပြီ။ တကယ်ကို ဘာမျှမမြင်ရဘူးလို့ ပြောတော့ --

သူက ခင်ဗျားကို ကျွန်တော် ကူညီနေတာ။ ဒါ သက်သက် ကျေးဇူးကန်းတာ၊ ကျွန်တော့်ကို ဆေးဖိုးဝါးခ မပေးချင်လို့လားနဲ့ ဖြစ်ပါလေရော။

ကဲ. . . အဲဒီလိုဆိုရင် ဒီမျက်စိဆရာဝန်ဆီကို ခင်ဗျား နောက်ထပ်သွားဦးမလား။ ဘယ်သွားတော့မလဲ။ သေသေချာချာ စစ်ဆေးမေးမြန်း ခွဲခြမ်းစိတ်ဖြာကြည့်ပြီးမှ ဆေးညွှန်းတာ မဟုတ်ဘဲကိုး။ သေသေချာချာ မမေးမမြန်း မစစ်ဆေးဘဲ မျက်မှန်ဒါမှမဟုတ် ဆေးတစ်ဖုံညွှန်းလိုက်တဲ့ သူတစ်ယောက်ကို ဘယ်သူက ယုံကြည်စိတ်ချနိုင်မလဲ။

(၂)

တကယ်တော့ ကျွန်တော်တို့တစ်တွေလည်း လူတစ်ယောက်ရဲ့အကြောင်း၊ အခြေအနေတစ်ခုအကြောင်းကို သေ

သေချာချာ စစ်ဆေးမေးမြန်းမှု မလုပ်ဘဲ အဆောတလျင် ဆုံးဖြတ်တတ်ကြတယ်။ ဘယ်သူဘာဖြစ်လို့ ဆိုတာနဲ့ ကျွန်တော့်တုန်းက ဘယ်ဆေးနဲ့ပျောက်တာ၊ ဘယ်ဆေးသောက်ပါလားနဲ့ စေတနာတွေ ယိုစီးလွှန်ကဲတတ်ကြတယ်။

ကျွန်တော်ဟာ မြန်မာတိုင်ရင်းဆေးတွေ အသုံးအစွဲများသူမို့ တိုင်းရင်းဆေးဆရာတွေရဲ့ ကုထုံးကို သတိထားကြည့်မိတယ်။ ဝေဒနာရှင်တစ်ယောက်နဲ့ တစ်ယောက် ဆေးပေးပုံမတူဘူး။ အချိန်တစ်ချိန်နဲ့ တစ်ချိန် ပေးပုံလည်းမတူဘူး။ ရာသီကိုကြည့်တယ်။ နက္ခတ်ကိုကြည့်တယ်။ ဆီး၊ ဝမ်း၊ သွေး၊ လေ အနည်းအများ အယုတ်အလျော့ကို ကြည့်တယ်။ ကျွန်တော်နားလည်သလောက်ဆိုရင် အပေါ်ယံရောဂါ လက္ခဏာတွေကို လိုက်ပြီး ကုတာမဟုတ်ဘဲ ရောဂါရဲ့အကြောင်းတရားကို လိုက်ကုတာတွေ့ရတယ်။

တစ်ခါက ကျွန်တော့်လက်မှာ ညှင်းလို အရေပြားနာလေးတွေ ပေါ်လာလို့ လိမ်းဆေးလိမ်းကြည့်တယ်။ မပျောက်ဘူး။ မြန်မာသမားတော်က ချွေးမကောင်းလို့၊ ကျောက်ကပ်မကောင်းလို့၊ ဆီးမကောင်းလို့ ဖြစ်မယ်။ ဆီးစစ်ကြည့်ပါဆိုပြီး ခိုင်းတယ်။ ဆီးစစ်ကြည့်တော့ သူပြောတဲ့အတိုင်း မှန်နေတယ်။ သူပေးတဲ့ ဆေးကိုသောက်တယ်။ ခိုင်းတဲ့အတိုင်း စားတယ်နေတယ်။ နောက်တော့ အဲဒီညှင်းလေးတွေ ပျောက်သွားတယ်။ ဆရာကြီးက ကျွန်တော့်ကို မြန်မြန်ပျောက်အောင်ဆိုပြီး၊ ပြီးစလွယ် လိမ်းဆေးမပေးလိုက်ဘူး။

ဒါဟာ သာမန်အရပ်သား တစ်ယောက်နဲ့ ကျွမ်းကျင်

ပိုင်နိုင်တဲ့ သမားတော်တစ်ယောက်ရဲ့ ကွာခြားချက်ဖြစ်ပါတယ်။

(၃)

ကျွန်တော်ဟာ စိတ်မြန်တဲ့လူတစ်ယောက် ဖြစ်လေတော့ စကားပြောတာ၊ စာရေးတာလည်း မြန်တယ်။ တပည့်တွေ၊ ကျောင်းသားဟောင်းတွေနဲ့ မကြာခဏ တွေ့တွေ့နေတဲ့အခါမှာ ကျွန်တော်တွေ့ခဲ့၊ ကြုံခဲ့တဲ့ အတွေ့အကြုံတွေနဲ့ အကြံကောင်း၊ ဉာဏ်ကောင်းတွေ စွတ်စွတ်ပြီး ပေးလေ့ရှိပါတယ်။ အသက် (၅) နှစ်နီးပါးသာရှိသေးတဲ့ သမီးလေးကိုလည်း ဟိုလိုလုပ်၊ ဒီလိုလုပ်နဲ့ အကြံဉာဏ်တွေ တစ်လှေကြီး ပေးလေ့ရှိပါတယ်။

ဒါပေမယ့် ကျွန်တော် မအောင်မြင်ပါဘူး။ ဘာလို့လဲဆိုတော့ ဖြစ်နေတဲ့ အခြေအနေတွေ၊ ပြဿနာတွေကို သေသေချာချာ အချိန်ယူမစိစစ် မခွဲခြမ်းဘဲ၊ သူတို့အကြောင်းကို နားလည်အောင်မကြိုးစားဘဲ ဆေးညွှန်းပေးနေမိလို့ပါပဲ။ ကျွန်တော်က ဒီဂရီမကိုက်တဲ့ မျက်မှန်တစ်လက် ပေးလိုက်မိတာကိုး။

○



# သင်၊ ကျွန်ုပ်နှင့် ကျွန်ုပ်တို့

(၁)

သဘာဝတရားရဲ့ ဖြစ်စဉ်အတိုင်းပဲ ကျွန်တော်တို့ဟာ (၁) ပြီးမှ (၂),(၃),(၄) အစဉ်လိုက် သွားကြရပါတယ်။ (၁) ကနေ (၁၀၀) တို့၊ (၁၀၀၀) တို့ကို တန်းပြီးကျော်တက်လို့ မရပါဘူး။

ငယ်ငယ်တုန်းကဆိုရင် ကျွန်တော်တို့ဟာ ကလေးဘဝ၊ အရွယ်မရောက်သေးတဲ့ ဘဝဆိုတော့ သူတစ်ပါးကိုပဲ မှီခိုအားထားကြရတယ်။ မိဘတွေက ကျွေးမှစားရတယ်။ မိဘကဆင်မှဝတ်ရတယ်။ မိဘကခိုင်းသလို၊ ညွှန်ကြားသလို လုပ်ကြရတယ်။ သူများမရှိဘဲ ကိုယ်တစ်ယောက်ထဲနေလို့ ထိုင်လို့ အသက်မွေးဖို့ဆိုတာ မဖြစ်နိုင်ဘူး။

လတွေ၊ နှစ်တွေ ကြာလာတဲ့အခါကျတော့ ရုပ်ပိုင်း

ဆိုင်ရာကပဲ ကြည့်ကြည့်၊ စိတ်ပိုင်း၊ ခံစားမှုပိုင်း၊ ငွေရေးကြေး ရေးပိုင်းကပဲ ကြည့်ကြည့်၊ သူတစ်ပါးအပေါ် မှီခိုအားထားရ တာတွေ လျော့နည်းလာတယ်။ ကိုယ့်အားကိုယ်ကိုး နိုင်လာ တယ်။ ကိုယ့်သဘောနဲ့ကိုယ် လုပ်နိုင်ကိုင်နိုင်တာ အတော် များလာပါတယ်။

ကျွန်တော်တို့ ဒီထက်ရင့်ကျက်လာတဲ့အခါ ကျတော့ ကိုယ်တစ်ယောက်ထဲနေလို့ မရဘူးဆိုတာ သဘောပေါက်လာ ကြတယ်။ ဆက်ဆံချင်လို့ပဲ ဖြစ်ဖြစ်၊ မဆက်ဆံချင်လို့ပဲ နေနေ၊ တခြားလူတွေနဲ့ ဆက်ဆံမှု၊ ပေါင်းသင်းမှုတွေ လုပ်ကြရတယ်။

လူ့အဖွဲ့အစည်း တိုးတက်ဖြစ်ပေါ်ပုံကလည်း ဒီလိုပါ ပဲ။ အစတုန်းက သဘာဝတရားကို မှီခိုအားထားပြီး စားစရာ၊ ဝတ်စရာ၊ နေစရာတွေ ရှိကြတယ်။ နောက်တော့ ကိုယ့်ဖာ သာကိုယ် ထုတ်လုပ်နိုင်ကြတယ်။ ဒီထက် အဆင့်မြင့်လာတော့ ကိုယ်ကျွမ်းကျင်တာ ကိုယ်ဇောက်ချလုပ်၊ သူကျွမ်းကျင်တာ သူဇောက်ချလုပ်၊ ပြီးမှ သူလိုတာနဲ့ ကိုယ်လိုတာ လဲလှယ်။ သူ့ဆန္ဒလည်းပြည့်၊ ကိုယ့်ဆန္ဒလည်းပြည့်။

တစ်ခါတလေမှာ ကိုယ်ခန္ဓာအရသာ လူကောင် ကြီးကြီးလာပြီး ကလေးစိတ်မပျောက်သေးတာ၊ အစစ အရာရာ အဖေအမေက လိုက်စီစဉ်ပေးနေရတာမျိုးတွေ တွေ့ရ တတ်ပါ တယ်။ ဒီလိုပဲ တာဝန်တွေကြီးလာပေမယ့် ကိုယ်တစ်ယောက် ထဲ လွတ်လွတ်လပ်လပ် နေချင်တာ၊ တခြားလူတွေနဲ့ မပြောဆို မဆက်ဆံချင်တာတွေ တွေ့ရတတ် ပါတယ်။

(၂)

ပထမ မှီခိုအားထားရတဲ့ အဆင့်တုန်းက "ခင်ဗျား" က အဓိကပဲ။ ခင်ဗျားက ကျွန်တော့်ကို ဝတ်ပေးတယ်။ အစား အသောက်ကျွေးတယ်၊ ပြုစုစောင့်ရှောက်တယ်၊ ခင်ဗျားကြောင့် ကျွန်တော် အသက်ရှင်နေရတယ်၊ ခင်ဗျားကြောင့် ကျွန်တော် ပြဿနာဖြစ်ရတယ်။ ကျွန်တော် ကောင်းတာတွေ၊ ဆိုးတာတွေ အားလုံးက ခင်ဗျားအပေါ် မူတည်တယ်။ ပြင်ပအားကို အားကိုး အားထား လုပ်နေရတယ်။

လွတ်လပ်တဲ့ အမှီအခိုကင်းတဲ့ အဆင့်ရောက်တော့ ကျွန်ုပ်လုပ်နိုင်တယ်၊ ငါလုပ်နိုင်တယ်၊ ငါ့မှာ တာဝန်ရှိတယ်၊ ငါ့ကိုယ်ငါ အားကိုးတယ်။ ငါဘာလုပ်ချင်သလဲဆိုတာ လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်တယ်။

အပြန်အလှန်ဆက်နွယ်၊ ဆက်စပ်နေတဲ့ အဆင့် ရောက်တော့ ငါတစ်ယောက်ထဲ မဖြစ်သေးဘူး။ ငါ့ချည်းမဖြစ် သေးဘူး။ ကျွန်ုပ်တို့၊ ငါတို့လုပ်မှ ဖြစ်မယ်။ ငါတို့ဝိုင်းဝန်း ဆောင်ရွက်မှဖြစ်မယ်။ ငါတို့အစွမ်းအစတွေ၊ ကျွမ်းကျင်မှုတွေ ကို ဝိုင်းဝန်းအသုံးချမှဖြစ်မယ်၊ ဒါမှ ကိုယ်တစ်ယောက်ထဲ လုပ် နိုင်တာထက်၊ သူတစ်ယောက်ထဲ လုပ်နိုင်တာထက် ကြီးကျယ် မြင့်မားတဲ့ အရာတွေရအောင် အားလုံးဖန်တီးနိုင်ကြတယ်။

(၃)

မှီခိုအားထားနေရတဲ့သူတွေဟာ ကိုယ်လိုချင်တာရဖို့

သူတစ်ပါးကို အားကိုးကြရတယ်။ သူများပေးမှ ရတယ်။ လွတ်လပ်တဲ့သူတွေဟာ ကိုယ်လိုချင်တာကို ကိုယ့်ဖာသာကိုယ် ရအောင် လုပ်နိုင်ကြတယ်။ ကိုယ်ကြိုးစားရင် ကိုယ်ဖြစ်ချင်တာ ဖြစ်မယ်လို့ ယုံကြည်တတ်ကြတယ်။ အပြန်အလှန် ဆက်စပ်ပြီး၊ ဆက်နွယ်ပြီး၊ ဆက်ဆံပြီး၊ လုပ်တတ်တဲ့ သူတွေကတော့ ကိုယ့်အစွမ်းအစနဲ့ သူ့အစွမ်းအစပေါင်းစပ်ပြီး ကြီးကျယ်တဲ့ ကိစ္စတွေ၊ အောင်မြင်မှုတွေ ဖြစ်အောင် ဖန်တီးနိုင်ကြပါတယ်။

မှီခိုတဲ့အဆင့်နဲ့စာရင် လွတ်လပ်တဲ့အဆင့်ဟာ ပိုပြီးရင့်ကျက်လာသလို အပြန်အလှန် ဆက်နွယ်ဆက်ဆံတတ်တဲ့အဆင့်ကတော့ အရင့်ကျက်ဆုံး အဆင့်ဖြစ်ပါတယ်။ လွတ်လပ်တဲ့၊ အမှီအခိုကင်းတဲ့ အဆင့်ဟာ အမြင့်ဆုံးအဆင့် မဟုတ်သေးဘူးဆိုတာ တွေ့ရပါတယ်။ လွတ်လပ်ချင်လို့ဆိုပြီး မိသားစုတွေ ပစ်ပယ်။ တစ်ကိုယ်ကောင်းဆန်တာတွေဟာ ရင့်ကျက်ရာ မရောက်ပါဘူး။

ပြီးတော့ ရင့်ကျက်မှုဆိုတာ ပတ်ဝန်းကျင်နဲ့ အခြေအနေကောင်းတာ မကောင်းတာနဲ့လည်း မဆိုင်ပါဘူး။ ပတ်ဝန်းကျင်ကောင်းမှာ မရင့်ကျက်ပဲ နေနိုင်သလို ပတ်ဝန်းကျင်ဆိုးပေမယ့် ရင့်ကျက်နိုင်ကြပါတယ်။

○



## ကလင်တန်နှင့် ဒိုင်ယာနာ

(၁)

လူ့လောကမှာ ကျွန်တော်တို့ အမှုမဲ့အမှတ်မဲ့ လုပ်မိတတ်တာတွေ၊ တမင်သက်သက် လုပ်မိတတ်တာတွေ ရှိကြတယ်။ လုပ်လိုက်တုန်းက လျှပ်တစ်ပြက် မျက်စေ့တစ်မှိတ်လေး။ ဘာမျှမဆင်ခြင်၊ မစဉ်းစားမိဘဲ လုပ်လိုက်တတ်ကြပေမယ့် ရလာတဲ့ အကျိုးဆက်တွေက တစ်သီတစ်တန်းကြီး မဆုံးနိုင်အောင် ဖြစ်တတ်ပါတယ်။

ပန်းလေးတစ်ပွင့် ပွင့်လာတာကိုကြည့်ရင် အခုမှ ပွင့်လာသလိုလို ထင်ရပေမယ့် ပန်းပင်ကလေးတစ်ပင်ဖြစ်အောင် နှစ်တွေ လတွေအများကြီးကြာခဲ့တာ တွေ့ရပါမယ်။ ပန်းပင်

ကလေး တစ်ပင်ဟာ မျိုးစေ့ကျလို့ ဖြစ်ပါတယ်။ ဒီမျိုးစေ့ရဖို့ ဆိုတာကလည်း ရှေ့ရှေ့က အပင်တွေပေါက်ခဲ့လို့ ဆိုတာတွေ့ ရပါမယ်။ ဒီလိုနောက်ကြောင်းကို ပြန်ကောက်ရင် နှစ်ပေါင်း များစွာက ကိစ္စတွေနဲ့ အခုကိစ္စတွေ ဆက်စပ်နေတာကို တွေ့ ကြရပါတယ်။

နိုင်ငံတစ်ခုရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ရင်လည်း ပစ္စုပ္ပန်ဟာ ဟိုး - ရာချီထောင်ချီရှိတဲ့ နှစ်တွေက နိုင်ငံသား နဲ့ ခေါင်းဆောင်တွေရဲ့ အပြုအမူတွေ၊ ကြိုးပမ်းအားထုတ်မှု တွေရဲ့ ရလဒ်ဖြစ်နေတာကို တွေ့ကြရပါတယ်။

(၂)

သာမန်အနေနဲ့ ပြောရရင်တော့ ဒေါ်လာသန်းလေး ငါးဆယ် အကုန်အကျခံ စုံစမ်းစစ်ဆေးပြီးမှ ကလင်တန်ဆိုတာ လည်း သာမန်လူသားတစ်ယောက်၊ သူလိုကိုယ်လို ယောကျ်ား တစ်ယောက်ပါလားဆိုတာ တွေ့လာကြပါတယ်။

သာမန်အရပ်သားတစ်ယောက် ကျူးလွန်တဲ့ ကိစ္စမျိုး ဆိုရင်တော့ သူတို့နိုင်ငံ သူတို့ဓလေ့အရ ဘာမျှမဆန်းဘူးလို့ ဆိုနိုင်ပါတယ်။ ပြည်သူလူထုကို ကိုယ်စားပြုရတဲ့၊ ပြည်သူလူထု နဲ့ ဆက်ဆံနေရတဲ့ လူတစ်ယောက်အနေနဲ့ ကြည့်တဲ့အခါကျ သူလုပ်နေတဲ့၊ လုပ်ခဲ့တဲ့ အသေးအဖွဲ့ကိစ္စလေးတွေဟာ အကြီး အကျယ်ကိစ္စ ဖြစ်သွားပါတော့တယ်။

အခုဆိုရင် နိုင်ငံပေါင်းများစွာတို့ရဲ့ တိုင်းပြည်ဝင်ငွေ တွေ စုပေါင်းထားတာနဲ့ ညီမျှတဲ့ အမေရိကန် တပ်မတော်ကြီး

တစ်ခုလုံး သမ္မတကလင်တန်ရဲ့ လက်ထဲမှာ ရှိပါတယ်။ သူ့လက်ထဲကအင်အားဟာ နည်းနည်းနောနော မဟုတ်ပါဘူး။

ဒါပေမယ့် ဒီလောက်အင်အား တောင့်တင်းတဲ့နေရာမှာ ရောက်နေတဲ့ ယောကျ်ားသားဟာ (မြန်မာလိုပြောရရင် အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားဟာ)၊ သုံးတောင်ဝတ်ရဲ့ ဒဏ်ကို မခံနိုင်တဲ့ ပျော့ညံ့မှုရှိနေတာကို တွေ့ကြရပါတယ်။ ဒီအတွက် စရိတ်ကုန်၊ လူပမ်း၊ အချိန်တွေကုန်ခဲ့ကြရပါတယ်။ ရာထူးကြီး တာဝန်ကြီးမားလာပေမယ့် ရင့်ကျက်မလာတဲ့ အပိုင်းတွေရှိတာကို တွေ့ရပါတယ်။

မနှစ်က ကားမှောက်ပြီး ကွယ်လွန်သွားရှာတဲ့ ပြည်သူ့အချစ်တော် ဒိုင်ယာနာမင်းသမီးအကြောင်းကို ပြန်ကြည့်ရင် ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာ ဦးစီးဦးဆောင် ပြုခဲ့တာမှန်တယ်။ ဒါပေမယ့် အိမ်ရှေ့စံ မင်းသမီးဖြစ်လာတယ်။ မင်းသမီးလို မနေချင်ဘူး။ စည်းနဲ့ကမ်းနဲ့ မနေချင်ဘူး။ ငယ်ငယ်ကလည်း နန်းတော်ထဲမှာ ကြီးပြင်းလာတာ မဟုတ်ဘူး။

ပြီးတော့ အမျိုးသမီးလို လှလှပပနေချင်၊ ဆွဲဆောင်ချင်တယ်။ အလှအပရဲ့ ဆွဲဆောင်မှုနောက် ကိုယ်တိုင်လည်း လိုက်ပါခဲ့ရတယ်။ ကိုယ်ရောက်နေတဲ့ နေရာရဲ့ တာဝန်ကြီးမှု၊ တာဝန်လေးမှုတွေကို လက်မခံနိုင်ဘူး။ တာဝန်ကြီးလာပေမယ့် ငယ်ငယ်တုန်းကလိုပဲ စိတ်နေစိတ်ထား ရှိနေတယ်။ စိတ်ခံတော်က ရင့်ကျက်သင့်သလောက် ရင့်ကျက်မလာခဲ့ဘူး ဆိုတာတွေ တွေ့ရပါတယ်။ ကိုယ်ကျင့်တရား ကောင်းမလာခဲ့တာတွေကို တွေ့လာရပါတယ်။

(၃)

လူဆိုတာ မှားတတ်တာမှန်ပါတယ်။ မှားတတ်တဲ့အတွက် ကိုယ်က မမှားအောင်ဆင်ခြင်ဖို့ ပိုလိုလာပါတယ်။ အထူးသဖြင့် သာမန်လူတွေထက် တာဝန်ကြီးကြီး ယူလာရရင် အမှားလေးမဟုတ်တော့ဘဲ အမှားကြီးများ ဖြစ်သွားတတ်ပါတယ်။ တာဝန်တွေ ပိုပိုပြီးယူလာကြရတဲ့အခါ တာဝန်နဲ့လိုက်လျောတဲ့ ရင့်ကျက်မှု၊ တည်ငြိမ်မှု၊ သိက္ခာစောင့်ထိန်းမှုတွေ လိုအပ်တယ်လို့ ဗိုင်ယာနာနဲ့ ကလင်တန်တို့ အကြောင်းတွေကို ဆင်ခြင်နေမိပါတယ်။

○



# ခမ္မဒါန

(၁)

ကွယ်လွန်သူ ဦးဘယ်သူ၊ အသက်ဘယ်လောက်၏ ခမ္မဒါနဟု ဆိုသည့် စာအုပ်လေးတွေ၊ ပရိတ်ကြီး (၁၁) သုတ်၊ ပဋ္ဌာန်း၊ ခမ္မစကြာ၊ ဗုဒ္ဓဘာသာဝင်လက်စွဲ စသည့် . . စသည့် စာအုပ်လေးတွေ ရဖူးကြပါလိမ့်မည်။ ဝေငှလည်း ဝေငှဖူးပါလိမ့်မည်။ ထိုစာအုပ်လေးတွေ ဘယ်တုန်းကစပြီး ဘယ်သူ့ဈာပန အခမ်းအနားမှာ စ,ဝေခဲ့ဖူးပါသလဲ။ အခုအထိ မည်သူမျှ ထိုမေးခွန်းကို ဖြေနိုင်မည်မထင်ပါ။

ထိုသို့ဆိုလျှင် မိမိကွယ်လွန်သည့်အခါတွင် ခမ္မဒါန ပြုစေချင်ပါသလား။

ဟယ် - နိမိတ်မရှိ၊ နမာမရှိဟု ပြောမည်လား။

မိမိသေသည့်အကြောင်း ပြောတာ နိမိတ်မကောင်းဘူးလား။ မသေသည့် အကြောင်းပြောလျှင် မသေတော့ဘူးလား။

(၂)

ကြီးကြီးကျယ်ကျယ် ချီရလျှင် ထိုကွယ်လွန်သူ၏ ဓမ္မဒါနစာအုပ်များသည် လွန်ခဲ့သည့်နှစ်ပေါင်း (၁၄၀၀) ခန့်ကပင် တရုတ်နိုင်ငံက စတင်ခဲ့သည်ဟု ဆိုပါသည်။ ထိုင်းနိုင်ငံတွင် ယခုအထိ ခေတ်စားဆဲ၊ မြန်မာနိုင်ငံတွင်လည်း အတိုင်းအတာတစ်ခုအထိ ခေတ်စားဆဲ။

ကွယ်လွန်သူ မကွယ်လွန်မီက မည်သို့ဆက်ဆံကြ၊ သဘောထားကြ၊ ကျွေးမွေးပြုစုစောင့်ရှောက် တတ်ကြသည် မသိရသော်လည်း ကွယ်လွန်သည့်အခါ အမှတ်တရတွေ၊ သတိတရတွေ၊ ဂုဏ်ကျေးဇူးထုတ်ဖော်တာတွေ၊ ရည်စူးလှူဒါန်းတာတွေ လုပ်တတ်ကြသည်။ ထိုအထဲတွင် အသုဘရှုသူများကို ဓမ္မဒါန စာအုပ်ဝေငှသည့် အလုပ်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

'အလှူတကာတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်သည်' ဟူသော အဆုံးအမကို နာခံကြ၍လားမသိ။ နောက်ဆုံးခရီးတွင် ကွယ်လွန်သူ၏ အမည်နာမဖြင့်၊ သူ့ကိုရည်စူးပြီး ကျန်ရစ်သူ မိသားစုများက အနည်းဆုံးစာတမ်းနှင့် ခေတ်ပုံပါယပ်တောင်၊ စာစောင်များ၊ သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ သူ့အကြိုက်ဆုံးစာစောင်များ၊ ဗုဒ္ဓစာပေများကို ဓမ္မဒါနပြုကြ၊ ဝေငှ

တတ်ကြသည်။

တရုတ်ပြည်တွင် အေဒီ (၅၄၃) ခုနှစ်က နာရေးအတွက် ဗုဒ္ဓကျမ်းတစ်စောင်ကို အထူးထုတ်ဝေ ဓမ္မဒါနပြုခဲ့ဖူးသည်ဟု သိရသည်။ ယခုထိုကျမ်းတစ်အုပ်မျှ မကျန်ရစ်။

တရုတ်နိုင်ငံ၌ အေဒီ (၈၆၈) ခုနှစ်တွင် အထူးထုတ်ဝေသော ဓမ္မဒါန စာအုပ်တစ်အုပ်ကို ယခုအထိ တွေ့နိုင်သေးသည်။

ထိုင်းနိုင်ငံတွင် ၁၈၄၃ ခုနှစ်၌ သာသနာပြုအဖွဲ့များက ခရစ်ယာန်အဆုံးအမများ ရေးသားထားသည့် စာအုပ်များကို စတင်ထုတ်ဝေဝေငှခဲ့ကြသည်။ ၁၈၈၁ ခုနှစ်၊ ပဥ္စမမြောက်ရာမဘုရင်လက်ထက်တွင် လေ့မှောက်ကာ ရေနစ်ကွယ်လွန်သော မိဖုရားတစ်ပါး၏ ဈာပနအတွက် ဘုရင့်အမိန့်ဖြင့် ဓမ္မဒါနစာအုပ်များ ရိုက်နှိပ်ဝေငှခဲ့သည်။

ထိုင်းနိုင်ငံ၌ ထိုဓမ္မဒါန စာအုပ်များ သီးသန့်ရိုက်နှိပ်ထုတ်ဝေသော လုပ်ငန်းများပင် ရှိသည်။ စာအကျအပေါက်နည်းသော ပုံနှိပ်တိုက်များကို လူထုကမျက်စိကျကြသည်။ ကွယ်လွန်သူ၏ ဓမ္မဒါနအဖြစ် ဝေငှလိုသော စာအုပ်များတွင် အမှားအယွင်း၊ အကျအပေါက်တွေ များစေချင် ပါစေချင်ပုံ မရ။

အချို့သော ဓမ္မဒါနစာအုပ်များသည် စီးပွားဖြစ် ပုံနှိပ်ရောင်းချခြင်း မပြုသော အကြောင်းအရာများ ဖြစ်နေတတ်သည်ကလည်း ကွယ်လွန်သူ၏ ဓမ္မဒါနသည် ထူးခြားနေတတ်သည်။ သမိုင်း၊ ဗုဒ္ဓဘာသာ၊ ဗိသုကာပညာ၊ အက်ဆေး၊ ကဗျာ၊

တိုင်းရင်းဆေး၊ အနောက်တိုင်းဆေး၊ စိုက်ပျိုးရေး၊ နက္ခတ္တဗေဒ ဘာမဆို ဖြစ်နိုင်သည်။

အထူးခြားဆုံးမှာ လူသိထင်ရှားသော ပုဂ္ဂိုလ်များ ကွယ်လွန်လျှင် သူတို့၏ အတ္ထုပ္ပတ္တိများ ပါဝင်နေတတ်ခြင်း ဖြစ်သည်။ တစ်ချိန်ကဆိုလျှင် မွေးဖွားသည့်နေ့၊ ကွယ်လွန်သည့်နေ့များကို သင်္ချိုင်းကျောက်စာတိုင်တွင် တွေ့ရသည်။ စစ်တွေမှ သူဌေးကြီး ဦးရဲကျော်သူ၏ သင်္ချိုင်းကျောက်စာကို တစ်ခါက သွားဖတ်ဖူးသည်။

ထိုသို့ဖြင့် စာကြည့်တိုက်ပေါင်းများစွာရှိသည့်အနက် ကွယ်လွန်သူ၏ ဓမ္မဒါနများကို သီးသန့်စုစည်းကာ ထိန်းသိမ်းထားသည့် စာကြည့်တိုက်မျိုးလည်း ပေါ်ပေါက်လာသည်။

ထိုစာကြည့်တိုက်မျိုးမှာ လူသိလည်းမများ၊ လူသိများ၍လည်းမဖြစ်။ ကိုယ်ရေးကိုယ်တာဘဝနှင့် သမိုင်းကြောင်း ဆက်စပ်ချင့်တွက်သူများ အတွက်သာ အသုံးဝင်နေသည်။ တစ်ခါတစ်ရံ သမိုင်းတွင်ပျောက်ကွယ်နေသော ဟာကွက်ပျော့ကွက်များကို ဓမ္မဒါနစာအုပ်များတွင် ရှာဖွေဖော်ထုတ် ရရှိနိုင်သည်။

ဓမ္မဒါနစာအုပ်များ ဝေငှကြရာ၌ စောင်ရေများများ ဝေငှလေ့မရှိသဖြင့်လည်း ထိုစာအုပ်များသည် ရှားပါးစာအုပ်ဖြစ်နေတတ်သည်။ တစ်ခါတစ်ရံ စာအုပ်ထူထူကြီး အနည်းငယ်ကိုသာ ရိုက်နှိပ်ကာ ဆွေမျိုးညာတိများကိုသာ ဝေငှခြင်းမျိုးလည်းရှိသည်။

ထိုင်းနိုင်ငံ၌ အချို့စီးပွားရေး သမားများက နာရေး

သတင်းများကိုဖတ်ကာ စောင့်ဆိုင်းပြီး ခမ္မဒါန စာအုပ်များ ရယူကာ ဆိုင်တင်ရောင်းချတတ်ကြသည်။ တစ်လလျှင် (၁၅) မျိုးခန့်သော စာအုပ်များ ဤနည်းဖြင့် ဆိုင်ပေါ်ရောက်လာတတ်ကြသည်ဟု ဆိုသည်။ ဤသို့ စီးပွားဖြစ်လုပ်ကိုင်ခြင်းကို ခေတ်ပုံရိုက်ကာ တားဆီးကြ၊ ဟန့်တားကြသော်လည်း နာရေးကိစ္စဖြစ်နေ၍ ရုတ်ရုတ်သဲသဲ မလုပ်သာဘဲ ရှိနေသည်။

တစ်ဖက်ကကြည့်ပြန်လျှင်လည်း ကွယ်လွန်သူအတွက် ရည်စူးပြီး ခမ္မဒါနပြုသော ကိစ္စဖြစ်ရာ မည်သူ့သာ ပေး၍ မည်သူမည်ဝါတွေကို မပေးနိုင်ဟု ငြင်းဖို့ခက်သည်။

o



# အတွေ့အကြုံနှင့် ဆေးနည်း

(၁)

ကျွန်တော်တို့ကျောင်းဆရာတွေကို ကျောင်းသားကျောင်းသူတွေက သူတို့ဆရာဖြစ်တဲ့အတွက် သူတို့မသိတာ မတတ်တာတွေကို အားလုံးကျွန်တော်တို့ သိမယ်၊ တတ်မယ်လို့ ထင်တတ်ကြတယ်။ မေးတတ်မြန်းတတ်တယ်။ ဘာသာရပ်တွေသာမက လူ့အရေး၊ ဘဝအရေးမေးခွန်းတွေပါ မေးတတ်ကြတယ်။ သိချင်ကြတယ်။ စူးစမ်းကြတယ်။

ဥပမာ - ကျွန်တော့်ကိုဆို စီးပွားရေးပညာရပ်နဲ့ ပတ်သက်ရင် ဘာမဆိုသိမြင်နှံ့စပ်တယ်လို့ ထင်တဲ့အတွက် ဘာသာရပ်မျိုးစုံ၊ အကြောင်းအရာမျိုးစုံကို မေးတတ်ကြတယ်။

ဒါပေမယ့် ကျွန်တော် ကျွမ်းကျင်နိုင်နင်းတဲ့ ဘာသာရပ်ရှိသလို၊ နာမည်တောင် မကြားဘူးတဲ့ ဘာသာရပ်လည်းရှိတယ်။ အပြင် ကကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေအကြောင်းလည်း မေးတတ် ကြတယ်။

တစ်ခါတစ်လေလည်း သူတို့က ကျွန်တော့်ကို အား မလိုအားမရ ဖြစ်ကြပုံပေါ်ပါတယ်။ "ဆရာကပြောတော့ ပညာ ဆိုတာ ဥစ္စာဆို၊ ပညာများများတတ်ရင် ဝင်ငွေလည်းကောင်း မယ်ဆို၊ စာအုပ်ဆိုတာ ဥစ္စာနဲ့ ကက်ကင်းကျတယ်ဆို၊ ဆရာ့ ကျ စာအုပ်တွေအများကြီးဖတ်၊ အများကြီးရေးနေပြီး ဘာဥစ္စာ မှလဲ မရှိ၊ ကားတောင် သူများကား ကပ်စီးနေရပါလား။ ကလေးကျောင်းကြိုတာတောင် စက်ဘီးနဲ့ကြိုနေရပါလား။ ဆရာတတ်ထားတဲ့ ပညာတွေ၊ ဆရာအသုံးမချပါလား" နဲ့ အပြစ်တင်ပါတယ်။

ကျွန်တော့်အဖြေက ကျွန်တော် နည်းနည်းလေးသာ တတ်သေးတဲ့အကြောင်း၊ ကျွန်တော် ကောင်းစားဖို့၊ ချမ်းသာ ကြွယ်ဝဖို့ထက် နိုင်ငံနဲ့လူမျိုး ချမ်းသာကြွယ်ဝဖို့ အသုံးချနေတဲ့ အကြောင်းပါ။ သူတို့က သိပ်သဘောကျပုံ မပေါ်ဘူး။ စီးပွား ရေးလည်း ပြည့်စုံမှ စီးပွားရေးပညာရှင်လို့ သတ်မှတ်ချင်ကြပုံ ရတယ်။ သူတို့ခေတ် သူတို့မျက်စိနဲ့တော့ ဟုတ်တုတ်တုတ် ပဲ။

သူတို့နားလည်သလို ကျွန်တော်တို့ နားမလည်နိုင်၊ သူတို့မေးသလို ကျွန်တော်တို့ မဖြေနိုင်တာတွေက ကျွန်တော် တို့နဲ့သူတို့ နောက်ခံချင်း၊ အတွေ့အကြုံချင်း မတူကြလို့ပါ။

ကျွန်တော့်အနေနဲ့ ဒီကိစ္စကို သိပ်သတိထားရပါတယ်။

တလောက ကျောင်းသူတစ်ယောက်က ကျွန်မ ရန်ကုန်မှာ စာမေးပွဲဖြေရမှာလား၊ နယ်မှာဖြေရင် ကောင်းမလားဆိုတဲ့ မေးခွန်းကိုမေးတော့ ကျွန်တော်က ခပ်ပေါ့ပေါ့ပဲ "ဘယ်မှာဖြေတာ အရေးမကြီးပါဘူး၊ ဖြေနိုင်တဲ့နေရာဆို ကောင်းတာပဲ" လို့ ဖြေလိုက်ပါတယ်။ "မဟုတ်ဘူးဆရာ" ဆိုပြီး သူပြန်ပြောတော့ ကျွန်တော်လန့်သွားတယ်။ ကျွန်တော် နောက်ဆုံးနှစ်ကျောင်းသား ဘဝတုန်းကလည်း နယ်မှာဖြေခဲ့ဖူးတယ်။ ဒါပေမယ့် အနှစ် (၂၀) ကျော်ကြာလို့ သူတို့တွေ့ကြုံရတာမျိုးချင်း မတူလေတော့ သူစဉ်းစားတာတွေ ကျွန်တော် မစဉ်းစားမိဘူး။

(၂)

ကျွန်တော့်မှာ အကြောင်းအားလျော်စွာ မျိုးဆက် (၂) ဆက်လောက်ကွာတဲ့ သမီးလေး တစ်ယောက်ရထားတော့ အခုမျိုးဆက်အကြောင်း အိမ်မှာနေရင်း ထိုင်ရင်း လေ့လာဖြစ်တယ်။

ဥပမာ - အခုအထိ ကျွန်တော် ဘယ်ကျီနဲ့ ဘယ်လုံချည်တွဲဝတ်ရမယ်၊ အဆင်ပြေတယ် မပြေဘူးဆိုတာ ကျွန်တော်မသိပါဘူး။ ဒီနေရာမှာ ငါးနှစ်အရွယ် ကျွန်တော့် သမီးက "မိုက်တယ်" "မမိုက်ဘူး" နဲ့ ရွေးပေးလေ့ရှိပါတယ်။

ကျွန်ပျူတာဆို ကျွန်တော် လုံးဝနားမလည်ပါဘူး။ ဒါကြောင့် ကွန်ပျူတာနဲ့ပတ်သက်လာရင် ကျွန်တော့်တပည့်ရဲ့

တပည့်ဖြစ်ရပါတယ်။

ကျွန်တော်တို့ မိတ်ဆွေတွေနဲ့ နှစ်ကြိမ်လောက် တွေ့ပါတယ်။ ဟိုပြေးဒီလွှားလုပ်နေရတဲ့ မိတ်ဆွေတွေ၊ အနာဂတ်မှာ တာဝန်ကြီးကြီးတွေယူဖို့ ပြင်ဆင်ရင်း စာသင်ခန်းထဲ ငြိမ်ငြိမ်လေးထိုင် စာသင်ရ၊ စာကြည့်ရ၊ ကျောင်းသားလုပ်နေရတော့ ရုတ်တရက် နေသားကျပုံမရဘူး။ သူတို့အတွက် အတိတ်က အတွေ့အကြုံနဲ့ မလုံလောက်ဘဲ အနာဂတ်အတွက် အတွေးအခေါ်သစ်တွေ၊ ကျွမ်းကျင်မှုသစ်တွေ ရယူဖို့ လိုအပ်တာကိုး။

(၃)

မိတ်ဆွေတစ်ယောက်က "မအ" အောင် သမိုင်းကို လေ့လာရမယ်ဆိုတာ ဘဝင်မကျဘူး။ သမိုင်းကို လေ့လာပေမယ့်လည်း "အ" နိုင်တယ်လို့ ယူဆပုံရတယ်။ သူကလည်း အနာဂတ်ကို ခပ်သန်သန်၊ ကိုယ်ကလည်း အနာဂတ်ကို ဝါသနာပါပါဆိုတော့ ဗေဒင်ဆရာတွေ မဟုတ်ပေမယ့် လေကြောအတော် ရှည်မိကြပါတယ်။

ဟိုတုန်းကတော့ တည်ငြိမ်တဲ့ခေတ်၊ အပြောင်းအလဲနည်းတဲ့ခေတ်ဆိုတော့၊ အသက်ကြီးရင်၊ လုပ်သက်များရင်၊ ကိုယ့်ထက်သိ ကိုယ့်ထက်တတ်လို့ ဆိုနိုင်ပါတယ်။ ခု ဒီဘက်ခေတ်က အပြောင်းအလဲတွေသိပ်များ၊ သိပ်မြန်လေတော့ အတိတ်က အတွေ့အကြုံတွေဟာ အနာဂတ်အတွက် အသုံးဝင်တာလည်းရှိ၊ မဝင်တာလဲရှိရဲ့။ အခု ပစ္စုပ္ပန်မှာ တွေ့ကြုံနေ

ရတာတွေ၊ ယောအတွင်းဝန် ဦးဖိုးလှိုင်တို့၊ ကင်းဝန်မင်းကြီးတို့ ကြုံမှမကြုံဖူးတာ၊ သူတို့သွားမေးရင် ဘယ်နားလည်လိမ့်မလဲ။

(၄)

အထင်ရှားဆုံး သာဓကတစ်ခုကတော့ တစ်နှစ်ကျော် ကြာလာပြီဖြစ်တဲ့ အာရှအကျပ်အတည်းပါပဲ။ ဘာ့ကြောင့်ဖြစ်တယ်၊ ဘယ်လိုဖြစ်တယ်၊ အမျိုးမျိုးပြောနေကြပေမယ့် ဘယ်သူမှမကြုံခဲ့ဖူးဘဲ အခြေအနေချင်းလည်း မတူတော့ အခုအထိ သမားအိုကြီးတွေဆီက ဆေးကောင်းဝါးကောင်းတွေ ထွက်မလာပါဘူး။

○



## ပုံဖော်၊ ရှုမြင်၊ ပြင်ဆင်

(၁)

တစ်နေ့တုန်းက အကြားအမြင် များလှတယ်ဆိုတဲ့ ကမ္ဘာ့မြို့တော်ကြီးတစ်ခုက မိတ်ဆွေတစ်ယောက်လာလို့ ကျွန်တော်တို့တတွေ ဆုံတွေ့ကြပါတယ်။ သူဟာ နိုင်ငံတကာကလာတဲ့ ဧည့်သည်တော်များ၊ သူတို့နိုင်ငံကို လေ့လာရေးလာရောက်တဲ့အခါ သွားရေး၊ လာရေးတွေ စီစဉ်ပေးရပါတယ်။ ဒီတော့ နိုင်ငံတကာဧည့်သည်များနဲ့ အတွေ့အထိ များပါတယ်။ ဒါပေမယ့် ဘယ်နိုင်ငံကိုမှ မရောက်ဖူးပါဘူး။ ဒါကြောင့် ကိုယ့်နိုင်ငံမှာနေလည်း မျက်စိကြီး နားကြီးဖြစ်နေပေမယ့် နိုင်ငံတကာအတွေ့အကြုံရအောင်ဆိုပြီး နိုင်ငံ (၁၀) နိုင်ငံကို (၃၄) ရက်ကြာလည်ပတ်ဖို့ စီစဉ်ပြီး လာရောက်ခဲ့ပါသတဲ့။

ဒီလောက်မျက်စိကြီး နားကြီး နိုင်ငံတစ်နိုင်ငံ၊ မြို့တော်တစ်ခုမှာနေတဲ့ သူတောင်မှ ကိုယ်တွေ့ဗဟုသုတ ရယူဖို့ လိုပါရောလားလို့ တွေးစရာဖြစ်ပါတယ်။

(၂)

တစ်နေ့က မိတ်ဆွေတစ်ယောက်က ဖိတ်ခေါ်လို့ ကိုယ့် တတ်ထားသမျှ မှတ်ထားသမျှ ဖတ်ထားသမျှလေးတွေ ပြောဖို့ လိုက်သွားပါတယ်။ တွေ့တုန်းကြုံတုန်း သိထားသမျှလေးတွေ ပြောချင်တာနဲ့ အတော်လေး ပြင်ဆင်သွားပါတယ်။

ဒါပေမယ့် သင်တန်းသားအနည်းစုကပဲ စိတ်ပါဝင်စားပုံရပါတယ်။ မေးကြ၊ မြန်းကြ၊ ဆွေးနွေးကြလုပ်ကြပါတယ်။ အများစုက စိတ်ဝင်စားပုံမရပါဘူး။ စိတ်ပါဝင်စားရမှန်းတောင် သိပုံမပေါ်ပါဘူး။ ဒီတော့လည်း ကိုယ်ပေးချင်သမျှ၊ ပြောချင်သမျှလေးတွေ မပြောဖြစ်ခဲ့ပါဘူး။

(၃)

အနှစ် (၂၀) ကျော် ပညာရေးလောကမှာ ကျင်လည်လာတဲ့ သူတစ်ယောက်အနေနဲ့ မဂ်ပညာ၊ ဖိုလ်ပညာနားအနားမကပ်နိုင်သေးပေမယ့် ပညာရေးထက် ဦးစားပေးစရာ ဘာမျှမမြင်မိပါဘူး။

တစ်နေ့က ဖတ်ရတဲ့ပညာရေးရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ရပ်ကတော့ **အနာဂတ်ကို ပုံဖော်ခြင်း၊ ရှုမြင်ခြင်း၊ ပြင်ဆင်ခြင်း** တဲ့။ အလျဉ်းသင့်တဲ့အခါ အဲဒီအကြောင်းတွေ

ဆွေးနွေးချင်ပါသေးတယ်။

သင်တန်းတက်ရဖို့ ဝင်ခွင့်စာမေးပွဲတောင် ဖြေရတဲ့ သင်တန်းသား တစ်စုနဲ့ တွေ့ဖြစ်၊ ဆုံဖြစ်၊ စာပေဆွေးနွေးဖြစ်ပါတယ်။ ဒီသင်တန်းသားတွေဟာ ဘယ်သူကမျှ ဇွတ်အတင်း ကျောင်းလွှတ်လို့လာရတဲ့ သူတွေမဟုတ်ပါဘူး။ အိမ်က အပြင်ထွက်လို့ကောင်းအောင်၊ အကြောင်းပြလို့ကောင်းအောင်၊ ကျောင်းလာတက်ကြတဲ့ သူတွေမဟုတ်ပါဘူး။ ဒါကြောင့် ပညာကို တကယ်လိုလားတဲ့ တကယ်တတ်ချင်လို့ လာတဲ့သူတွေလို့ ထင်ထားမိခဲ့ပါတယ်။

ဒါပေမယ့် စာမေးပွဲဖြေဆိုဖို့ လာကြရာမှာ လူကြီးတွေက ကလေးတွေလုပ်သမျှ၊ မဟုတ်တယုတ်တွေ အကုန်လုပ်တာတွေ့ရတော့ အတော်ဝမ်းနည်းရပါတယ်။ ပညာကို လိုချင်တာမှ ဟုတ်ရဲ့လား၊ စာရွက်စာတမ်းတွေ လက်မှတ်တွေကိုပဲ လိုချင်တာလား၊ လက်မှတ်တွေရဖို့ မတရားတဲ့နည်းလည်း သုံးမှာပဲလား၊ မတရားတဲ့နည်းနဲ့ ရလာတဲ့ လက်မှတ်တွေ၊ ဒီဂရီတွေ ယူရတာ မရှက်ဘူးလား. . . ဆိုတဲ့ မေးခွန်းတွေ ပေါ်လာပါတယ်။

စာကျက်ချိန်မရလို့၊ အလုပ်မအားလို့ စတဲ့,စတဲ့ ဆင်ခြေတွေကိုတော့ ပေးကြပါတယ်။ ဒါ မှန်ပါတယ်။ ဒါပေမယ့် ဒီအကြောင်းတွေကြောင့် မတော်မတရားတဲ့နည်းကို သုံးရတယ်ဆိုတဲ့ အကြောင်းပြချက်က မမှန်ကန်ပါဘူး။

ခက်တာက သူတို့တစ်တွေဟာလည်း နောင်တစ်ချိန်မှာ မြန်မာ့စီးပွားရေးလောက၊ စီမံခန့်ခွဲရေးလောကကို

ဦးဆောင်မယ့်သူတွေပါ။ အခုတောင်မှ ဦးဆောင်ကြ စီမံကြတဲ့ သူတွေလည်းပါပါတယ်။

(၄)

ပညာရေးဆိုတာ အနာဂတ်ကို ပုံဖော်ခြင်း၊ ရှုမြင်ခြင်း၊ ပြင်ဆင်ခြင်း ဖြစ်ပါတယ်။

ပညာရေးဆိုတာ မဟာဗျူဟာ ကျပါတယ်။

○



# ပုဂံဘက်လှည့်

ကျွန်တော်တို့ဟာ ပညာရေးဝန်ထမ်းတစ်ယောက် ဖြစ်တာက တစ်ကြောင်း၊ လူငယ်တွေနဲ့ ထိတွေ့နေရလို့ တစ်ကြောင်း၊ စာလည်း နည်းနည်းပါးပါး ရေးနေတဲ့သူ ဖြစ်လို့တစ်ကြောင်း လူငယ်တွေနဲ့ထိတွေ့တဲ့အခါ ပညာရေးအကြောင်းပဲ ဆွေးနွေး ဖြစ်ပါတယ်။ ဘယ်အခြေအနေ ရောက်ရောက် လေ့လာ ဆည်းပူးချင်စိတ်ရှိဖို့ စဉ်ဆက်မပြတ် ပညာဆည်းပူးနေဖို့တွေ ပြောလေ့ရှိပါတယ်။

ဟိုး. . . တလောက မန္တလေးရောက်တော့ ကျွန်တော့်အစ်ကို ဘစ်ယောက်က သူ့ရဲ့သား၊ ကျွန်တော့်ရဲ့တူဟာ အမြဲတမ်း စာဖတ်နေတဲ့အကြောင်း ပြောပြပါတယ်။ ဒီတော့ ကျွန်တော်က စာတွေဖတ်တာတော့ ဟုတ်ပါပြီ။ စာဖတ်ပြီး ဒီကောင်ဘာတွေများ ထူးခြားလာသလဲ၊ ပြောင်းလဲလာသလဲလို့ မေးကြည့်ပါတယ်။ သူ့အဖြေကတော့ "မထူးပါဘူးကွာ" တဲ့။ ဒါဆိုရင်တော့ သူဟာ အချိန်ဖြုန်းဖို့၊ ဒါမှမဟုတ် ဇိမ်ခံချင်လို့၊ ဒါမှမဟုတ် စာအုပ်ကလေးကိုင်ပြီး နှပ်နေဖို့ ဖတ်တာဖြစ်မယ်။ ဗဟုသုတရဖို့ ဖတ်တာလည်းပါမှာပေါ့။ ဒါပေမယ့် စာဖတ်ပြီး ဖတ်ထားတဲ့စာထဲက ဘာကိုမှအသုံးမချရင်၊ စာဖတ်တဲ့သူနဲ့ မဖတ်တဲ့သူ အတူတူပါပဲလို့ ပြောလိုက်ရတယ်။

ဟောပြောပွဲတွေ၊ ပို့ချစရာတွေ ကြုံလာတဲ့အခါ မင်းတို့ရဲ့လွှတွေကို အမြဲတမ်းသွေး (Sharpen your saw)၊ နည်းပညာစွမ်းရည်၊ လူမှုဆက်ဆံရေးစွမ်းရည်၊ အကြောင်းနဲ့အကျိုး သိတတ် ဆင်ခြင်တတ်တဲ့ စွမ်းရည်တွေကို အမြဲတိုးမြှင့်နေကြဖို့ အမြဲပြောလေ့ရှိပါတယ်။

ကျွန်တော့်စကား နားထောင်တဲ့ တပည့်လိမ္မာလေးတွေကလည်း ကွန်ပျူတာသင်တန်းတက်လိုက်၊ အတွင်းရေးမှူးသင်တန်းတက်လိုက်(ယောကျ်ားလေးတွေတောင်ပါသေး)၊ ဟိုသင်တန်းတက်၊ ဒီသင်တန်းတက်နဲ့ သင်တန်းတက်စားနေကြပုံပါပဲ။ ဒီတော့လည်း ကျွန်တော့်မှာ ပြောရပြန်ပါတယ်။ လွှသွေးတာက တော့ဟုတ်ပါပြီ။ သွေးထားတဲ့ လွှကြီးကိုလည်း အသုံးချကြပါဦး။ မင်းတို့ဟာက လွှသွေးနေတာနဲ့ အချိန်လည်း

ကုန်၊ လွှဲလည်းကုန်ပြီး ပစ်လိုက်ရတော့မယ်လို့ ပြောရပြန်ပါတယ်။

စောစောက ကျွန်တော့်တူပဲ ရန်ကုန်လာပြီး TOEFL သင်တန်းတွေ၊ ဘာတွေတက်သေးတယ်။ မင်းက ဘယ်နိုင်ငံသွားပြီး ဘယ်ကျောင်းတက်မှာလဲဆိုတော့ ရေရေရာရာ မဖြေနိုင်ဘူး။ သူလွှသွေးတာက ဘာလုပ်ဖို့မှန်း မသိဘူး။

ကျွန်တော့်တူလိုလူတွေ အတော်များများပုံရတယ်။ တလောက ဂျာနယ်တစ်စောင်မှာ ဘယ်နိုင်ငံက ဝင်ခွင့်ရမရ ဗီဇာပေးမပေး မသေချာပဲနဲ့ ငွေကုန်ကြေးကျခံပြီး သင်တန်းတွေ တက်နေကြပုံ ရေးထားတာ တွေ့လိုက်ရသေးတယ်။

ကျွန်တော် ကိုယ်နှိုက်က လက်မှတ်တွေ၊ အမြီးတွေကို အားမပေးလိုပေမယ့် ကလေးတွေလက်မှတ်ရအောင်၊ အမြီးရှည်အောင် ကြိုးစားကြတာတွေကို မကန့်ကွက်ပါဘူး။ အလကားတော့ မဖြစ်လောက်ဘူးလို့ တွက်ပါတယ်။ ဒါပေမယ့် သင်တန်းတွေ သုံးလေးခုလျှောက်တက်၊ စာကျက်၊ စာမေးပွဲဖြေ၊ ပြီးတော့လည်း ကျက်ထားတဲ့စာတွေ မေ့ပစ်လိုက်ကြပုံ ရတယ်။ မေးကြည့်တော့ သူဂုဏ်ထူးထွက်ထားတဲ့ ဘာသာအကြောင်းတောင်မှ ဘာမျှမပြောနိုင်ဘူး။ ဒါ - နိုင်ငံတကာ စာမေးပွဲက ဂုဏ်ထူးရထားတဲ့ သူနော်။

တချို့လည်း သင်တန်းတက်တဲ့အခါ တက်လိုက်။ သင်တန်းပျက်တဲ့အခါ ပျက်လိုက်။ ပျက်တာက ခပ်များများဆိုတော့ သင်တန်းသာပြီးသွားတယ် လိပ်ပတ်မလည်လိုက်ရှာဘူး။ ရှားရှားပါးပါး လူစွမ်းကောင်းတစ်ချို့ကျတော့လည်း

ဘောင်ဘင်ခတ်ပြီး ကိုယ်သိထားတာ နည်းနည်းလေးနဲ့ အကုန် လျှောက်ဝေဖန်တာ တွေ့ရပြန်ပါတယ်။

တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲဆိုတဲ့ ဝိရိယစကား တစ်ခုရှိပါတယ်။ ပုဂံကတော့ ဘယ်မျှမရွှေ့ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က ပုဂံဘက်လှည့်ဖို့တော့ လိုပါလိမ့်မယ်။

○



## စီးပွားရေးသတင်း

(၁)

အာရှမှာ စီးပွားရေးအကျပ်အတည်းတွေ ဖြစ်လာတော့ စီးပွားရေး တည်ငြိမ်မှုဟာ အရေးတကြီးဖြစ်လာပါတယ်။ အဲဒီအခါ "စီးပွားရေးတည်ငြိမ်မှု" ကို အကြောင်းပြပြီး ကိန်းဂဏန်းတွေ၊ သတင်းအချက်အလက်တွေ ဖွက်ကြ၊ ဖုံးကြလုပ်တဲ့အကျင့်တွေ တိုးပွားလာပါတယ်။ တချို့ကိစ္စတွေမှာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် လုပ်တာပဲလို့ နားလည်နိုင်စရာတွေရှိပါတယ်။ ဒါပေမယ့် တချို့ကတော့ ကိုယ့်ရဲ့အကျိုးအတွက် လုပ်တာတွေ ဖြစ်နေတတ်ပါတယ်။

မသမာမှုတွေ၊ လာဘ်ပေး လာဘ်ယူမှုတွေ အကြောင်းကို ကျွန်တော်တို့ စာနယ်ဇင်းတွေက ပြောတတ်ကြ၊

ရေးတတ်ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စာနယ်ဇင်းတွေကရော မသမာမှုတွေ လာဘ်ပေးလာဘ်ယူမှုတွေ ကင်းကြရဲ့လား။ ချစ်သူခင်သူကိုသာစေ၊ မုန်းသူကိုနာစေ လုပ်တတ်ကြတာပဲ မဟုတ်လား။ ဒီတော့ တချို့စာနယ်ဇင်းသမားတွေဟာ ငွေရှင်ကြေးရှင် လုပ်ငန်းရှင်တွေရဲ့ အိတ်ထောင်ထဲရောက်ပြီး သူတို့လုပ်ငန်းအတွက် ကောင်းသတင်းတွေ ကြေညာပေးတတ်ကြတယ်။ စာနယ်ဇင်းသမားတွေကလည်း တောင်းတတ်ကြ၊ ရောင်းတတ်ကြတယ်။ မကောင်းသတင်းတွေ ရေးပစ်မယ်လို့ ခြိမ်းခြောက်တတ်ကြတယ်။ ကိုယ့်ဆွေကိုယ့်မျိုးအတွက် အလုပ်တောင်းတတ်ကြတယ်။

ဒီတော့လည်း စာနယ်ဇင်းတွေပဲ သိက္ခာကျတာပါ။ စီးပွားရေးလုပ်ငန်းတွေနဲ့ စာနယ်ဇင်းတွအကြားမှာ အမုန်းတွေပဲ ထပ်ပွားကြရတာပါ။

တချို့နိုင်ငံတွေမှာတော့ စာနယ်ဇင်းတွေကို စီးပွားရေးလုပ်ငန်းကြီးတွေက ထိန်းချုပ်ထားတာဖြစ်လို့ ဘက်လိုက်တယ်ဆိုတာ မဆန်းပါဘူး။

သတင်းအချက်အလက်တွေ လူသိ၊ သူသိဖြစ်ဖို့ ကိစ္စမှာ စီးပွားရေး စာနယ်ဇင်းပညာ (Economics Journal-ism) ဟာ အတော်အရေးပါ,ပါတယ်။ စီးပွားရေးအကြောင်းတွေ အထူးသဖြင့် ဘောဂဗေဒနဲ့ ပတ်သက်တဲ့အကြောင်းတွေ ရေးနေတဲ့ စာနယ်ဇင်းသမားတွေဟာ ဒီထက်ပိုပြီး လေ့ကျင့်သင်ကြားမှုရှိဖို့ နားလည်တတ်ကျွမ်းဖို့ လိုပါတယ်။ အခြေခံဘောဂဗေဒနဲ့ စီးပွားရေးလုပ်ငန်းရဲ့ သဘောသဘာဝတွေ

နိယာမတွေကို သိရှိတတ်ကျွမ်းရပါမယ်။

အရှေ့တောင်အာရှမှာ ငွေကြေးအကျပ်အတည်းနဲ့ စီးပွားရေးအကျပ်အတည်း ဖြစ်ရတဲ့ အကြောင်းတွေအများကြီး ထဲက အကြောင်းတစ်ခုကတော့ သတင်းထောက် အတော်များ များဟာ ဘာတွေဖြစ်နေသလဲ ဆိုတာကို နားမလည်ကြဘူး။ ဒီတော့ ကိုယ်သိတာ၊ နားလည် တာလေးလောက်ပဲ ရေးတယ်။ အရေးကြီးတဲ့ သတင်းအချက် အလက်တွေကို မရေးဘဲ ချန် ထားခဲ့တယ်။ ဒါမှမဟုတ် အမှားတွေပဲ ရေးတတ်ကြတယ်။

(၂)

စီးပွားရေး ရှုထောင့်ကကြည့်ရင် သတင်းဟာ ငွေ ဖြစ်နိုင်ပါတယ်။ သတင်းစောရရင် ရသလို အကျိုးရှိနိုင်ပြီး နောက်ကျရင် နောက်ကျသလို နစ်နာထိခိုက်နိုင်ပါတယ်။ ဒီ အခါမှာ သတင်းကို သူငါမရွေး တစ်ပြိုင်နက်တည်းသိခွင့်ရဖို့ အရေး၊ အားလုံးညီတူညီမျှ လက်လှမ်းမှီဖို့အရေးတွေဟာ လည်း အရေးကြီးပါတယ်။

ဘယ်အရပ်၊ ဘယ်ဒေသ (ဥပမာ-နယ်စပ်ဈေးကွက်) မှာ ဘယ်ပစ္စည်းတွေ ဆွဲနေတယ်၊ ဈေးကောင်းနေတယ်ဆို တာ သိခွင့်မရတဲ့ နယ်ကလယ်သမားတွေနဲ့ ကုန်သည်တွေ ထက် ဒီသတင်းကို စောစောသိခွင့်ရတဲ့ ကုန်သည်ကြီးတွေက ပိုအကျိုးရှိတတ်ပါတယ်။ ဂျာနယ်ထဲမှာ အဲဒီသတင်းပါလာတဲ့ အချိန်ဆိုရင် တစ်ပတ်နှစ်ပတ်လောက် နောက်ကျသွားပြီး မဂ္ဂဇင်းထဲပါလာတဲ့ အခါကျတော့ တစ်လလောက်နောက်ကျ

သွားပါပြီ။ သူများသိပြီး၊ လုပ်ပြီးကိုင်ပြီး၊ စားပြီးသွားပြီ။

ဒီတော့ နယ်စပ်သတင်းလိုမျိုး၊ ကုန်သွယ်ရေးသတင်းလိုမျိုး၊ နေ့စဉ် (တတ်နိုင်ရင်ချက်ချင်း) ရရင်ရသလို အကျိုးရှိနိုင်ပါတယ်။

စားသုံးသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လယ်သမားလို ထုတ်လုပ်သူ အငယ်စားလေးတွေပါ သတင်းအချက်အလက် မျှမျှတတ၊ ပြည့်ပြည့်စုံစုံ ရအောင် ဥပဒေပြဋ္ဌာန်းဖို့လည်း စဉ်းစားနေကြပါတယ်။ ဥပဒေပြဋ္ဌာန်းတာထက် ပိုခက်တဲ့ ကိစ္စကတော့ အဲဒီဥပဒေအတိုင်း လိုက်နာဖို့ပဲ ဖြစ်ပါတယ်။

ဝ



# ဘယ်သူပြောတာလဲ

(၁)

ကျွန်တော်တို့တစ်တွေ တစ်သက်လုံး လုပ်လာခဲ့ပေမယ့် အခု အထိ ကောင်းကောင်းမတတ်သေးတဲ့ ပညာတစ်ခုကတော့ စကားပြောတာပဲလို့ ကျွန်တော်ထင်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ပြောရရင်တော့ စာရေးတာ၊ ဆက်ဆံတာ၊ ဆက်သွယ်တာ စတဲ့ Communication အားလုံး ပါဝင်ပါတယ်။

"စကားခြောက်ခွန်း၊ လူ့ဌထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်" တဲ့။ အကျိုးမရှိတဲ့စကားဆို မပြောနဲ့။ မဟုတ် မမှန်တဲ့စကားဆို မပြောနဲ့။ အကျိုးရှိမယ်၊ ဟုတ်မှန်မယ်ဆိုရင် သူခံသာသည်ဖြစ်စေ မခံသာသည်ဖြစ်စေ အခြေအနေ အချိန် အခါကြည့်ပြီး ပြောပါ - တဲ့။ ဒါပေမယ့် အဲဒီစံညွှန်းနဲ့ တိုင်းပြီး ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ပြောနေတဲ့ စကားတွေဟာ အကျိုးရှိတဲ့ စကားမှဟုတ်ရဲ့လား။ မှန်တဲ့စကားမှ ဟုတ်ရဲ့လား။

မပြောသင့်မပြောထိုက်တဲ့ စကားတွေကိုများ ပြောနေပါသလား စဉ်းစားစရာပါ။

မိတ်ဆွေတစ်ယောက် တစ်ခါက ဝေဖန်တာကို မှတ်မိနေပါတယ်။ "မင်းတို့တစ်နေ့လုံး ပြောတဲ့စကား တောင်းနဲ့ခံထား၊ ချိန်ကြည့်ရင် နှစ်ကျပ်ခွဲသားတောင် မရှိဘူး" တဲ့။ သူပြောမှပဲ ကျွန်တော်လည်း တော်တော်လေးရှက်မိသွားတယ်။ ကျွန်တော်တို့က အနှစ်မရှိတဲ့စကား၊ သွားပုတ်လေလွင့် စကား၊ ရောက်တတ်ရာရာတွေ၊ ပေါက်တတ်ကရတွေ ပြောနေမိတာကိုး။

အကျိုးရှိတဲ့စကား၊ ဟုတ်မှန်တဲ့စကားကို ပြောပြီဆိုပါစို့။ အမှန်ပြောပေမယ့် အပြောမှန်ရဲ့လားဆိုတာကို ပြောပုံပြောနည်း၊ တင်ပြပုံတင်ပြနည်း (Presentation) ကလည်း အရေးကြီးပါတယ်။ အမှန်ကိုပြောပေမယ့် ငါသာသိတယ် သူများမသိဘူးဆိုတာကို ပြချင်တဲ့ အတ္တကြောင့်၊ ဒါမှမဟုတ် မာနကြောင့် ပြောတာလား။ သူများကို ထိခိုက်စေချင်လို့ ပြောတာလား။ ငယ်ကျိုးငယ်နာ ဖော်ချင်လို့ ပြောတာလား။ သူများကိုနှိမ်ချင်လို့ ဒါမှမဟုတ် ဆရာကြီးလုပ်ချင်လို့ ပြောတာလား။ တကယ့်ကို စေတနာစစ်စစ်နဲ့ အကျိုးရှိစေချင်လို့ ပြုပြင်စေချင်လို့ ပြောတာဟုတ်ရဲ့လား . . ဆိုတာ သံသယဝင်စရာတွေပါ။

တစ်ခါတစ်ခါ မိတ်ဆွေတစ်စုနဲ့ တွေ့ကြဆုံကြ၊ ငြင်းခုံကြတဲ့အခါ ကျွန်တော်တော့ မဆွေးနွေးလိုဘူးလို့ ငြင်းဖြစ်ပါတယ်။ ဘာလို့လည်းဆိုတော့ ခင်ဗျားက တကယ့်စေတနာနဲ့

ပြောတာဟုတ်,မဟုတ် မသေချာဘူး။ ကျွန်တော်ကလည်း တကယ့်စေတနာ၊ တကယ့်မေတ္တာနဲ့ ဆွေးနွေးမယ်ဆိုတာ မသေချာဘူး။ ဒီတော့ စကားများအမှားပါ၊ စကားနည်းရန်စဲပဲ ကောင်းပါတယ်လို့ ဖြေလိုက်ပါတယ်။

(၂)

ကျွန်တော်ဟာ အခုမှလူတွေကိုပိုပြီး သတိထားကြည့်မိသလို၊ လူတွေက လူတွေကိုမြင်တဲ့ မြင်ပုံမြင်နည်းကိုလည်း ပိုပြီး သတိထားကြည့်မိပါတယ်။

ဥပမာ - လက်ဖက်ရည်ဆိုင် ထိုင်တဲ့အခါ လမ်းမဘက် လှည့်ထိုင်တဲ့လူတွေရဲ့ မျက်နှာအသွင်အပြင် အပြောင်းအလဲတွေကို ကြည့်ရတာဟာ သိပ်စိတ်ဝင်စားစရာ ကောင်းတယ်။ တစ်ခါလောက် လမ်းမဘက် မျက်နှာမလှည့်၊ လက်ဖက်ရည်ဆိုင်ဘက် မျက်နှာလှည့်ပြီး ထိုင်ကြည့်စမ်းပါ။ ကြာရင် - လက်ဖက်ရည်ဆိုင်ထဲက လူတွေရဲ့မျက်နှာ အပြောင်းအလဲကိုကြည့်ပြီး လမ်းမပေါ်မှာ ဘယ်သူရောက်နေတယ်ဆိုတာ နားလည်လာပါလိမ့်မယ်။ လူတွေရဲ့မျက်နှာကို အနက်ဖော်နည်းပေါ့။

ဒါလဲအမြဲတမ်း မှန်ချင်မှ မှန်မယ်။ ဘာလို့လဲဆိုတော့ တစ်ခါတလေမှာ စကားပြောသူ၊ သတင်းပို့သူ၊ အချက်ပြသူ ဆိုလိုတဲ့ အဓိပ္ပါယ်ကတစ်ခြား၊ အနက်ကောက်သူ နားလည်တာက တစ်ခြားဖြစ်နေပါတယ်။

အခုတလော မူလဆိုလိုတဲ့ အဓိပ္ပါယ်ကတစ်မျိုး၊ နား

လည်တဲ့ သူကတစ်မျိုး ဖြစ်နေတာတွေကို သတိထားမိပါတယ်။ ဥပမာ - ဈေးချိုတယ်လို့ ရောင်းတဲ့သူက ဆိုပေမယ့် ဝယ်တဲ့ သူက အညံ့စားပစ္စည်းလို့ တွက်တတ်တယ်။ ကျွန်တော့် အဖေ နာမည်နဲ့ ကျွန်တော့်နာမည်နှစ်ခုကို ရောထားတဲ့ ဆရာ 'ချစ်ဦး ညို' ရဲ့ 'လက်ာဒီပချစ်သူ' ဆိုရင် သူပေးချင်တဲ့ Message ကတစ်မျိုး၊ အနက်ကောက်ကြတာက တစ်မျိုးမို့စာပေ လောက မှာ အတော်လေးကို လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။

နောက် ပြဿနာတစ်ခုက အကြောင်းအရာ တစ်ခု ကို ပြောတဲ့လူရဲ့ သိက္ခာ၊ သမာဓိ၊ သီလအပေါ် မူတည်ပြီး ဆုံးဖြတ်တတ်ကြပါတယ်။ ပြောတဲ့လူ၊ သတင်းပေးတဲ့လူဟာ ဘယ်လောက် ယုံကြည်ထိုက်သလဲဆိုတဲ့အပေါ် မူတည်ပြီးမှ သတင်းစကားကို အကဲဖြတ်ကြပါတယ်။ ဥပမာ - ကျွန်တော် တို့ ဂျာနယ်ကိုပဲ ဥပမာပေးပါရစေ။ တချို့က မထင်ပေါ်လို ဘူး။ တချို့က နောက်ထပ်သတင်းမရမှာစိုးတယ်။ တစ်ချို့က ထိခိုက်မှာစိုးတယ်။ ဒီတော့ အကြောင်းအရာတွေမှန်၊ စေတနာ တွေမှန်ပေမယ့် ကလောင်နာမည်တွေ၊ ကလောင်နာမည်ခွဲတွေ နဲ့ ရေးကြတယ်။ အဲဒီအခါ ဒါဘယ်သူရေးတာလဲ၊ အကြောင်း အရာမှန်ရဲ့သားနဲ့ နာမည်ရင်းအတိုင်း ဘာလို့မရေးတာလဲနဲ့ ဝေဖန်ကြပါတယ်။ အဲဒီအခါ သတင်းအချက်အလက်တွေရဲ့ ခိုင်လုံမှုကို အားပျော့သွားစေပါတယ်။

"ခင်ဗျာ. . . ဟုတ်ကဲ့၊ ဒီဆောင်းပါးက ကျွန်တော် ရေးတာပါ"

○



# လူကြီးခိုင်းလို့

(၁)

စီမံခန့်ခွဲမှုပညာအရ ပြောရမယ်ဆိုရင်တော့ လူတစ်ယောက် (ဝန်ထမ်းတစ်ယောက်) ကို တစ်ချိန်မှာ အလုပ်တစ်ခုပဲ ခိုင်းရမယ်။ ဦးစားပေးလုပ်ငန်း တစ်ခုထက်ပိုမရှိရဘူး။ ဟိုဟာလည်း အရေးကြီးတယ်။ ဒီဟာလည်း အရေးကြီးတယ်။ အကုန်လုံး အရေးကြီးတယ်လို့ လုပ်လို့မရပါဘူး။ အကုန်လုံး အရေးကြီးတယ်ဆိုရင် ဘယ်ဟာမှ အရေးမကြီးဘူးဆိုတဲ့ အဓိပ္ပါယ်ထွက်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့လို ဝန်ထမ်းတွေကတော့ ဟိုဟာလည်းခိုင်း၊ ဒီဟာလည်းခိုင်း၊ ဟိုဟာလည်း အရေးကြီး၊ ဒီဟာလည်း အရေးကြီးဆိုတာမျိုးကို သဘောကျပါတယ်။

အရေးကြီးတဲ့အလုပ်တွေ အကုန်လုံးသိမ်းကျုံးလုပ်နိုင်တယ်ဆိုတဲ့ လူစွမ်းကောင်းတွေလည်း ရှိချင်ရှိပါမယ်။ ကျွန်တော်တော့ အဲဒီလောက်တော်တဲ့၊ စွမ်းတဲ့အထဲမှာ မပါဘူး။

ကျွန်တော်တို့ကတော့ ဟိုဘက်ကခိုင်းရင် ဒီဘက်ကအလုပ်ကိုအကြောင်းပြမယ်။ ဒီဘက်က အလုပ်ခိုင်းရင် ဟိုဘက်က အလုပ်ကိုအကြောင်းပြမယ်။ စီမံခန့်ခွဲမှု ပညာအရမသင့်တော်ပေမယ့် ကျွန်တော်တို့အတွက် ဘယ်လောက် အဆင်ပြေသလဲ။ ဟိုအလုပ်,လုပ်နေသလိုလိုနဲ့ ဖရီးရိုက်လို့လည်းရတယ်။ လူကြီးအချင်းချင်းလည်း ရန်တိုက်ပေးနိုင်သေးတယ်။

မိတ်ဆွေအငြိမ်းစား သင်္ဘောအင်ဂျင်နီယာချုပ် တစ်ယောက်က ပြောပြဖူးတယ်။ အင်ဂျင်နီယာချုပ်နဲ့ အရာရှိချုပ်မတည့်ရင် သင်္ဘောသားတွေ၊ ဝန်ထမ်းတွေ သိပ်အနေချောင်တာ။ လူလည်ကျတဲ့ သင်္ဘောသားတွေ၊ သင်္ဘောဝန်ထမ်းတွေက သူတို့အင်ဂျင်နီယာချုပ်တွေ၊ အရာရှိချုပ်တွေ သင့်သင့်မြတ်မြတ် ဖြစ်ရင်တောင်မှ မသင့်မမြတ်အောင်လုပ်ပြီး အနေချောင်ဖို့ ကြိုးစားကြသတဲ့။ နောက်လိုက်တွေခိုင်းတာ၊ ခေါင်းဆောင်တာ ခံရတဲ့ခေါင်းဆောင် ဆိုတာမျိုးကလည်း ရှိသေးတယ်ကိုး။

(၂)

ကျွန်တော်တို့လို ဝန်ထမ်းအစုတ်အပဲ့တွေ လုပ်တတ်တဲ့ နောက်တစ်နည်းရှိသေးတယ်။ တစ်ယောက်ယောက်က တစ်ခုခုခိုင်းလာရင် လူကြီးခိုင်းထားတာရှိတယ်။ လူကြီးခိုင်းလို့

ဆိုပြီး ငြင်းတဲ့နည်းပဲ ဖြစ်ပါတယ်။

ဝန်ထမ်းလောကမှာ တာဝန်တွေ ရာထူးတွေကသာ သိပ်မကြီးသေးတာ၊ လုပ်သက်က နှစ်ဆယ်ကျော်လာတော့ ပြည်သူ့ဝန်ထမ်းမဟုတ်ဘဲ ပြည်သူကို ဒုက္ခပေးတဲ့ ပြည်သူ့ ဝန်စီးပညာ ပြည့်သူ့ဝန်လေးပညာတွေလည်း အတော်တတ် တတ်လာပါတယ်။

တစ်ခါတလေ ကျတော့လည်း ကိုယ့်ထက် တစ်နှစ် ငယ်ပေမယ့် တစ်ဝါကြီးဆိုသလို ဝန်ထမ်းလက်သစ်တွေက ခေတ်လူငယ်ပီပီ ကျွန်တော်တို့ထက် ပညာကြီးတတ်ပါတယ်။

အဲဒါက သူများပြောစရာဖြစ်မယ့် သူများမကျေနပ် စရာ ကိစ္စမျိုး ကိုယ်လုပ်တဲ့အခါ "လူကြီးခိုင်းတာ" လို့ ပြောပြီး ပါးစပ်ပိတ်အောင်လုပ်တဲ့နည်းပါ။ များသောအားဖြင့်တော့ ဘယ်လူကြီးခိုင်းတာလဲလို့တောင် ပြန်မမေးဝံ့လောက်အောင် ဒီနည်းက အဆင်ပြေပါတယ်။ လူကြီးတွေကတော့ သူ့ကိုခု တုံးလုပ်ပြီး ကိုယ်ကျိုးရှာတာကို သိရှာမယ်မထင်ဘူး။ သိတဲ့လူ လည်း ရှိချင်ရှိမှာပေါ့လေ။

တစ်ခါတလေတော့လည်း တကယ်ကို လူကြီးခိုင်း တာပါ။ ဒါပေမယ့် တခြားဌာနက ပြောင်းလာတာကြောင့် ဖြစ်ဖြစ်၊ စည်းမျဉ်းစည်းကမ်းနဲ့ မညီ၊ လုပ်ထုံးလုပ်နည်းနဲ့ မဆီလျော်တာမျိုးကို ခိုင်းမိတာမျိုး ဖြစ်တတ်ပါတယ်။ ငါ့ သဘောနဲ့ငါ လုပ်ချင်ရာလုပ်တယ်ကွာ ဆိုတာမျိုးလည်း ကြုံ ရနိုင်ပါတယ်။

ဒါပေမယ့် သိတဲ့ အောက်က ဝန်ထမ်းအနေနဲ့ လုပ်

ထုံးလုပ်နည်းက ဒီလို၊ စည်းမျဉ်းစည်းကမ်းက ဒီလိုဆိုပြီး အကျိုးသင့်အကြောင်းသင့် တင်ပြသင့်ပါတယ်။ နားထောင်တာ၊ နားမထောင်တာကတော့ သူ့သဘောပေါ့။

လူကြီးခိုင်းလို့ဆိုပြီး မခိုင်းဘဲနဲ့ဖြစ်ဖြစ်၊ တကယ်ခိုင်းလို့ပဲ ဖြစ်ဖြစ်၊ မင်းတိုင်းကျေ ပြီးပြီးရောလုပ်ကြမယ်ဆိုရင် မကြာမီ အဲဒီ လူကြီးဒုက္ခရောက်လိမ့်မယ်။ မှားမှားမှန်မှန် ရောကျိတ်တဲ့ အောက်လက်ဝန်ထမ်းလဲ အလိုတူအလိုပါဖြစ်ပြီး ဒုက္ခရောက်မယ်။ အဖွဲ့အစည်းနဲ့ လုပ်ငန်းရဲ့လည်ပတ်မှုတွေလည်း ပျက်ပြားကုန်နိုင်ပါတယ်။

"ခင်ဗျား - ဒီဆောင်းပါးရေးတာကရော၊ ဘယ်သူခိုင်းလို့လို့ ပြောဦးမှာလဲ"

"ဟဲ. . ဟဲ. . ကျွန်တော်နေမကောင်းဘူးဗျ။ သွေးတိုးတယ်၊ ဖျားတယ်၊ တခြားမေးခွန်းပဲမေးနော်"

○



# ကိုယ့်ဆုတောင်းနဲ့ကိုယ်

(၁)

မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တိတ်ခွေတွေထဲမှာ ကျွန်တော်တို့တစ်တွေဟာ ဆုတောင်းပြည့်နေတဲ့ လူတွေ၊ လူ့ဘဝကို ဆုတောင်းခဲ့ကြလို့ လူ့ဘဝကိုရ၊ လူ့ဒုက္ခတွေကို ခံစားနေကြရတဲ့သူတွေလို့ဆုံးမတာ မှတ်သားဖူးပါတယ်။ ရုတ်တရက် သဘောမပေါက်ပေမယ့်လည်း စဉ်းစားကြည့်လိုက်တော့ ဟုတ်ပေသားပဲလို့ သဘောပေါက်လာပါတယ်။ အခု ကျွန်တော်တို့ လုပ်နေတဲ့ အလုပ်တွေဟာ ကိုယ်လုပ်ချင်တဲ့အလုပ်၊ ကိုယ်ဆုတောင်းထားတဲ့ အလုပ်တွေ ဖြစ်နေလို့ပါ။

တရားဓမ္မဘက်လည်း စိတ်ပါဝင်စား၊ အခု စီးပွားရေးလုပ်ငန်းတွေမှာလည်း အောင်မြင်နေတဲ့ အစ်ကိုကြီးတစ်ယောက်ကို တွေ့ဖူးပါတယ်။ သူက တရားအလုပ်ဟွေ လုပ်ချင်ကြောင်း၊ အခုအလုပ်တွေက သိပ်ရှုပ်ကြောင်း ငြီးပြပါတယ်။ ဒါနဲ့ကျွန်တော်က တရားအလုပ်တွေပဲ ဇောက်ကျလုပ်ချင်တယ်ဆိုရင် အလုပ်ကထွက်လိုက်ဖို့ ပြောပြပါတယ်။ ဒီတော့သူက ရယ်ပါတယ်။ သူဟာ တရားအလုပ်သက်သက်လုပ်ချင်တဲ့သူ မဟုတ်ပါဘူး။ လူ့လောကီက အလုပ်တွေ လုပ်ရတာပျင်းရင် တရားအလုပ်လေးလုပ်လိုက်။ တရားအလုပ်လေး လုပ်ရတာပျင်းလာရင် လူ့ကိစ္စတွေလုပ်လိုက်နဲ့ ပျော်နေတာပါ။ အဲဒါ - သူ့ ဆုတောင်းအတိုင်း ဖြစ်နေတာပါ။

(၂)

ကျွန်တော်တို့နဲ့ ခင်တဲ့ အစ်မကြီးတစ်ယောက်ကိုလည်း သတိရမိပါသေးတယ်။ သူ့ကိုတွေ့လိုက်ရင် ခေါင်းကိုက်တယ် ဇက်ကြောတက်တယ်ဆိုပြီး တငြီးငြီးတငြူငြူနဲ့၊ စားလိုက်ရင် အုန်းနို့ခေါက်ဆွဲ၊ ပြောတော့ သွေးတိုးသတဲ့။ ခင်ပွန်းသည်က ဆရာဝန်၊ သူဘာမှတတ်နိုင်ပုံ ပြောနိုင်ပုံမရဘူး။

သွေးတိုးရောဂါ ရှိတယ်ဆိုတာကတော့ ထားပါလေ။ မိဘမျိုးရိုးကြောင့် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် သူလုပ်ပုံကိုင်ပုံတွေ၊ စားပုံသောက်ပုံတွေကြောင့် သွေးတိုးရတာ မဟုတ်ပါ

လား။ အုန်းနို့ခေါက်ဆွဲစားနေမှတော့ သွေးမတိုး၊ နောက်ကြောမတက်၊ ခေါင်းမကိုက်ဘဲ ဘယ်နေနိုင်တော့မလဲ။ ဒါဆိုရင်သွေးတိုးဖို့ဟာ သူ့ဆန္ဒပါပဲ။ သူသွေးတိုးချင်လို့ သွေးတိုးစေတဲ့ အစားအစာတွေကိုစားလို့ သွေးတိုးရတာပါ။

စောစောက စကားနဲ့ပြောရရင် သွေးတိုးဖို့ဆုတောင်းပြီး သွေးတိုးစာတွေ စားနေမှတော့ ဘယ်သူ့ပယောဂမှ မပါဘဲ သွေးတိုးတော့တာပေါ့။

(၃)

အခုတလော "ပုံဖော်၊ ရှုမြင်၊ ပြင်ဆင်" နဲ့ "ပုဂံဘက်လှည့်" ဆောင်းပါးနှစ်ပုဒ်အတွက် တုံ့ပြန်သံတွေ ကြားရတာဝမ်းသာစရာပါ။

"ပုဂံဘက်လှည့်" ဆောင်းပါးကိုဖတ်ပြီး TOEFL သင်နေတဲ့ ဆရာတစ်ယောက်က TOEFL သင်တာဟာ တက္ကသိုလ် ပထမနှစ်တက်တဲ့အခါ အင်္ဂလိပ်စာလိုက်နိုင်အောင်လို့ပါဆိုတဲ့အကြောင်း လှမ်းစာရေးခဲ့ပါတယ်။

နောက် မိတ်ဆွေတစ်ယောက်က ပုဂံကားကြီးမထွက်တော့ ညောင်တုန်းကားလည်း ဆိုက်လာရော ရောက်ဖူးအောင်ဆိုပြီး တက်လိုက်သွားလိုက်။ မော်လမြိုင်ကား ဆိုက်လာတော့လည်း ပုဂံမရောက်ဖူးတဲ့ အတူတူ မော်လမြိုင်ရောက်ဖူးလည်း မဆိုးပါဘူး။ မော်လမြိုင် လိုက်သွားလိုက်၊ ညောင်တုန်းရောက်လိုက်၊ မော်လမြိုင်ရောက်လိုက်၊ ပုဂံသွားဖို့က ကားမှမရှိဘဲလို့ ပြောပါတယ်။

ဆုတောင်းကိုက ပုဂံသွားမယ်၊ တစ်ခြားနေရာသွားချင်တာ မဟုတ်ဘူးလို့ ပြတ်ပြတ်သားသား ရှိပုံမရပါဘူး။ တစ်နည်းပြောရရင် လိုချင်တာ ဖြစ်ချင်တာက တစ်ခြား၊ ဆုတောင်းတာကတစ်ခြား ဖြစ်များနေသလား။ တကယ်တမ်း ပုဂံသွားချင်ရင်တော့ ခြေလျင်သွားဖို့ဆိုတဲ့ နည်းလမ်းတွေ အများကြီးရှိပါတယ်။ ဒီကနေ့ ပုဂံကားမရှိပေမယ့်လည်း နောက်ရက်တွေမှာ ပုဂံကားရှိနိုင်သားပဲ။ ကိုယ်က ညောင်တုန်းသွားနေတုန်း၊ မော်လမြိုင်သွားနေတုန်း၊ ပုဂံကားဆိုက်လာရင် ကိုယ်ပါသွားတော့မှာ မဟုတ်ဘူး။

(၄)

မြန်မာစကားနဲ့ နားယဉ်အောင် ကျွန်တော်က "ဆုတောင်း" လို့ သုံးပေမယ့် စီမံခန့်ခွဲရေး စာပေတွေကတော့ "ဆုံးဖြတ်ချက်" လို့ သုံးပါတယ်။ ကျွန်တော်တို့ရဲ့ ဘဝကံကြမ္မာကို ဆုံးဖြတ်တဲ့ အဓိက ဆုံးဖြတ်ချက် (၃) ခု ရှိပါတယ်။

၁။ ကိုယ်ဘာကို အာရုံစိုက်လုပ်မလဲ (မလုပ်ဘူးလဲ)။

၂။ ဘာတွေဟာ (ဥပမာ - ရာထူး၊ ငွေ၊ ရိုးသားမှု) ကိုယ့်အတွက် အဓိပ္ပါယ်ရှိသလဲ၊ အရေးပါသလဲ (မလုပ်ဘူးလဲ)။

၃။ ကိုယ်လိုချင်တာတွေရဖို့ ဘာလုပ်မလဲ (မလုပ်ဘူးလဲ)

○



## မြင်တာရယ် - ရှိတာရယ်

(၁)

တစ်ခါက ကျွန်တော့်ရဲ့ သင်တန်းသားတွေကို စတိုးဆိုင်တစ်ခု ထဲ လွှတ်လိုက်တယ်။ သွားကြစမ်း၊ ကြိုက်တာကြည့်ခဲ့ဆိုပြီး မှာလိုက်တယ်။ အပြန်ကျတော့ ကဲ. . ဘာတွေတွေ့ခဲ့သလဲ ပြောစမ်းဆိုပြီး ပြန်မေးကြည့်တယ်။ ပစ္စည်းပေါင်း ထောင် သောင်းချီတဲ့ စတိုးဆိုင်ထဲမှာ လူဆယ်ယောက်သွားကြည့်ပြီး ပြန်ပြောပြတဲ့ ပစ္စည်းတွေကလည်း တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ ကိုယ်ကြည့်ချင်တာ ကိုယ်ကြည့်၊ ကိုယ်မြင်ချင်တာ ကိုပဲ မြင်လာခဲ့ကြတာ။

(၂)

ကျွန်တော်တို့နဲ့ ရင်းနှီးတဲ့ဆရာကြီး တစ်ယောက်

ပြောဖူးတယ်။ အမျိုးသားတစ်ယောက် ခရီးထွက်ရာက ပြန်လာတော့ အိပ်ခန်းထဲမှာ သူ့အမျိုးသမီးကို တခြားအမျိုးသားတစ်ယောက်နဲ့ တွေ့တယ်တဲ့။ ဒါနဲ့ စိတ်ဆိုးဆိုးနဲ့ ပြန်ထွက်လာပြီး တခြားသူငယ်ချင်းတစ်ယောက်ကို ပြောပြတယ်။ "အတော်ဆိုးတဲ့မိန်းမကွာ၊ ကိုယ့်လင်ကို တခြားယောက်ျား တစ်ယောက်ရှေ့မှာ ရှင်-ဘာဖြစ်လို့ စောစောစီးစီး ပြန်လာတာလဲလို့ မေးတယ်။ အတော်ရိုင်းတယ်ကွာ" တဲ့။ သူစိတ်ဆိုးတာက သူ့ကို ပြန်ပြောလို့ဖြစ်ပြီး သူ့မိန်းမဖောက်ပြန်လို့ မဟုတ်ဘဲကိုး။ ဒီအကြောင်းကို ဘယ်ဟာကအဓိက၊ ဘယ်ဟာက သာမညလို့ မခွဲနိုင်တဲ့ ကိစ္စတွေမှာ အမြဲပညာပေး ပြောပြလေ့ရှိပါတယ်။

(၃)

နောက် - မိတ်ဆွေ တစ်ယောက်ကတော့ ကျွန်တော်တို့စာရေးရာမှာ ကျွန်တော်ဆိုလိုတာက တစ်မျိုး၊ စာဖတ်သူတချို့ အဓိပ္ပါယ်ပေါက်တာက တစ်မျိုးတွေ တွေ့တွေ့နေတော့ သူ့အနေနဲ့ စာရေးရမှာ ကြောက်တယ်။ ကျွန်တော်ဆိုလိုတာက အဲဒီလိုမဟုတ်ဘူး၊ ဒီလိုပါဆိုတာမျိုး လိုက်လိုက်ရှင်းရတာတွေ မလုပ်ချင်ဘူးတဲ့။

ကျွန်တော်ကတော့ ဒါမျိုးတွေရိုးနေပြီ။ ကိုယ်ဆိုလိုချင်တာကတစ်မျိုး၊ အနက်ဖော်တဲ့ သူက ကိုယ့်အဓိပ္ပါယ်နဲ့ကိုယ် အမျိုးမျိုးကောက်ကြတာတွေကို တွေ့ဖူးလှပြီ။ ဒါကြောင့် စာတစ်ပုဒ်ရေးပြီးရင် ဘယ်လိုတုံ့ပြန်ကြမလဲ ဆိုတာကိုက စိတ်ဝင်စားစရာ။ ကိုယ့်ပြောတာကို ကိုယ့်ပြောတယ်လို့ မထင်၊

သူ့ပြောတာကို ကိုယ့်ပြောတယ်လို့ အိုးမလုံအုံပွင့်တဲ့သူကပွင့်၊ တကယ်စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဘာသာစကား အခက်အခဲနဲ့ ကိုယ့်အစွဲအလမ်းတွေ ပေါင်းလိုက်တဲ့အခါ ကိုယ်ပေးချင်၊ ပြောချင်တဲ့အကြောင်း မရောက်ဘဲ တလွဲတချော်တွေ ဖြစ်တတ်ပါတယ်။ အပြောမတတ်တော့ ဆဲသလို၊ အဆဲတတ်တော့ ပြောသလိုတွေ ဖြစ်,ဖြစ် သွားတတ်ကြပါတယ်။

(၄)

စတိုးဆိုင်ထဲကို လွှတ်လိုက်တဲ့ ကျွန်တော့်ကျောင်းသားတွေလို ကျွန်တော်တို့တစ်တွေလည်း မြင်ချင်တာရွေးမြင်၊ ကြည့်ချင်တာ ရွေးကြည့်တတ်ကြတယ်။

သတင်းစာ ဖတ်ပုံကိုပဲကြည့်ပါ။ တချို့က ပထမဆုံး စာမျက်နှာမှာ ဘာသတင်းထူးပါသလဲ ကြည့်တယ်။ လူငယ်လူရွယ်တွေက ရုပ်မြင်သံကြား အစီအစဉ်ကြည့်တယ်။ စီးပွားရေးသမားတွေ၊ အလုပ်ရှာတဲ့သူတွေက ကြော်ငြာကြည့်တယ်။ အသက်ကြီးတဲ့သူတွေက သားရေး၊ သမီးရေး။ ဒီထက် အသက်ကြီးတဲ့သူတွေက ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေရဲ့ နာရေး။ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားပုံ မတူကြဘူး။

ကြော်ငြာဆိုလို့ ပြောရဦးမယ်။ တစ်နေ့က မီးပွိုင့်မှာ ကားဆရာက သတင်းစာဝယ်တော့ ကြော်ငြာအချပ်ပိုပါလို့ ဒီကနေ့ ဈေးတက်တယ်တဲ့။ ကြော်ငြာတောင်မှ ကျွန်တော်တို့က ငွေပေးပြီး ဝယ်ဖတ်ရတာကိုး။

ပြောသာပြောရတာ လုပ်ငန်းတွေကများလာ၊ လူ

တွေကလည်း များလာ၊ သာရေးနာရေး စီးပွားရေးတွေက များလာလေတော့ ကြော်ငြာထည့်ဖို့အရေး အတော်စောင့်ရတယ်လို့ ပြောသံကြားတယ်။

အဲ - ကြော်ငြာတွေများလာတဲ့အခါကျတော့ ကျွန်တော်တို့က ကြော်ငြာကိုမမှတ်မိတော့ဘူး။ လူများများသိအောင်လို့ ကြော်ငြာ၊ ကြော်ငြာတွေများလာတဲ့အခါကျ လူစိတ်ဝင်စားမှု နည်းနည်းပဲ ရတော့တယ်။ မကြော်ငြာဘဲလဲ မနေရဲ၊ ကြော်ငြာတော့လည်း ငွေကုန်သလောက် အရာမရောက်တဲ့ သံသရာကြီးပါ။

(၅)

ဒီတော့ ခြုံပြောရရင် ကိုယ်ဝါသနာပါတာ၊ ကိုယ်ဖြစ်စေချင်တာကို ရွေးကြည့်တယ်။ ကိုယ် စိတ်ကျေနပ်စရာ၊ ပျော်ရွှင်စရာကို ရွေးကြည့်တယ်။ စိတ်မချမ်းသာမယ့်ဟာဆိုရင် မကြားလို မမြင်လိုကြဘူး။ ကိုယ့်ရဲ့လိုအင်နဲ့ ကိုက်တာတွေကို ရွေးပြီး အာရုံစိုက်တယ်။ "လူဆိုတာသေမျိုး" ဆိုတဲ့ စကားမျိုးဆိုရင် နိမိတ်မရှိ၊ နမာမရှိဆိုပြီး ဇွတ်ငြင်းတတ်ကြတယ်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာတော့ "အဝိဇ္ဇာ" နဲ့ "တဏှာ" ကြောင့် လူဖြစ်တယ်လို့ ရိုးရိုးပဲဖွင့်ပါတယ်။ အဝိဇ္ဇာနဲ့ တဏှာကြောင့် ဖြစ်လာရတဲ့ လူတွေဟာ အဝိဇ္ဇာနဲ့တဏှာနဲ့ပဲ လူလုပ်နေကြတာပါလို့ တွေးမိပါတယ်။

○



## မျှဝေခံစား

(၁)

ကျွန်တော်တို့တစ်တွေ ကျောင်းမှာ စာတမ်းတွေပြုစုကြတဲ့အခါ ကြီးကြပ်သူဆိုတာ ရှိပါတယ်။ တခြားတိုက်ရိုက်ကြီးကြပ်ဖို့ တာဝန်ပေးခြင်းခံရတဲ့ ဆရာ-ဆရာမတွေ ရှိတယ်။ တခြားဌာနက ဆရာ-ဆရာမတွေ ရှိတယ်။ ပြင်ပ လုပ်ငန်းနယ်ပယ်က ကျွမ်းကျင်သူတွေ၊ အမှုထမ်း အရာထမ်းတွေရှိတယ်။ တကယ်တမ်း ပြုစုတဲ့အခါ ကြီးကြပ်သူတစ် ယောက်ထဲနဲ့ ဆက်ဆံလို့မရပါဘူး။ စာအုပ်တွေအစုံဖတ်ရတယ်။ ဘက်စုံ၊ ထောင့်စုံအောင် စဉ်းစားရတယ်။ သဲသောင်ပြင်မှာ ခရုကောက်သလို လှရာရာရွေးပြီး စီကုံးကြရတယ်။ ဘက်စုံ၊ ထောင့်စုံ၊ အကြံစုံယူပြီးမှ စာတမ်းလေးတစ်စောင် ဖြစ်လာပါတယ်။

(၂)

ကျွန်တော်တို့ဟာ အသိပညာတွေ၊ အချက်အလက်တွေ၊ ဗဟုသုတတွေ စုဆောင်းမှုနဲ့ အသုံးချမှု နှေးကွေးနေသေးတယ်လို့ ဝန်ခံရပါမယ်။ ကမ္ဘာမှာတော့ ကုမ္ပဏီတွေဟာ ကမ္ဘာအနှံ့ဖြန့်ကျက်နေတဲ့ ကွန်ယက်တွေကတစ်ဆင့် သတင်းနဲ့ အချက်အလက်တွေ ရယူစုဆောင်းနိုင်စွမ်း အဆမတန် တိုးပွားနေပါတယ်။

ဒါပေမယ့် ဒါနဲ့ပဲ မပြီးသေးပါဘူး။ သတင်းအချက်အလက်တွေ စုဆောင်းတယ်။ ပြီးရင်သိမ်းထားလိုက်ရောဆိုရင် အဓိပ္ပာယ်မရှိဘူး။ ကိုယ့်လုပ်ငန်း၊ ကိုယ့်ကုမ္ပဏီ၊ ကိုယ့်အဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်နဲ့ ကိုက်ညီအောင်၊ အဲဒီသတင်းအချက်အလက်တွေကို ဘယ်လိုပြုပြင် ဖန်တီးယူမလဲ၊ ဘယ်လိုဖြန့်ဝေကြမလဲ၊ ဘယ်လို အသုံးချကြမလဲဆိုတာ အရေးပါလာပါတယ်။

ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေက ဝန်ထမ်းတွေရဲ့ ဦးနှောက်နဲ့ ကွန်ပျူတာတွေကို ပလပ်ထိုးပြီး ဆက်ထားလို့မရပါဘူး။ ဒီတော့ ရရှိထားတဲ့ သတင်းအချက်အလက်တွေ အသိပညာ ဗဟုသုတတွေကို ဘယ်လိုဖြန့်ဝေကြမလဲ၊ ဘယ်လို အသုံးချကြမလဲ၊ အရည်အသွေးတွေ တိုးပွားအောင် ဘယ်လို လုပ်ကြမလဲဆိုတာ အရေးပါလာပါတယ်။ ကိုယ်သိထားတာလေးတွေကို မျှဝေမှသာ တစ်ကြိမ်လုပ်ရမယ့်အလုပ်ကို နှစ်ကြိမ်သုံးကြိမ် လုပ်နေတာမျိုး၊ သူများလုပ်ပြီးသားကို ကိုယ်ထပ်

လုပ်နေတာမျိုး၊ သူများမှားပြီးသားအမှား၊ ထပ်ကာတလဲလဲ မှားနေတာမျိုးတွေကို ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

အပြောင်းအလဲတွေ သိပ်ပြီးမြန်ဆန်နေတဲ့ အခုလို ခေတ်ကြီးထဲမှာ အမှားတွေကို မြန်မြန်ပြင်နိုင်လေ၊ ပြိုင်ဘက်တွေရဲ့ ရှေ့ကို ရောက်လေဖြစ်မှာပါ။

ဒီလိုမှမဟုတ်ဘဲ အမှားတွေကို ဖုံးကွယ်ထားမယ်။ မှားတာကို ဝန်မခံဘူး။ အမှားရှာနေတာနဲ့ အလုပ်မပြီးနိုင်ဘူးဆိုရင်တော့ ရှေ့ကိုခရီးဆက်ဖို့ ခက်ပါလိမ့်မယ်။

ကျွန်တော်တို့ မြန်မာမှာ ကိုယ်သိထား တတ်ထားတာတွေကို အကြောင်းအမျိုးမျိုးကြောင့် ဖွက်ထား ဖုံးထားကြလို့ သေရွာပါသွားတဲ့ ပညာတွေ အစကနေစပြီး ကောက်နေရတဲ့ ပညာတွေအတွက် အလွန်တရာ နစ်နာလှပါတယ်။ "လမ်းရိုးဟောင်းတွင်၊ ဆင့်ကာထွင်" ရာမှာ လမ်းရိုးပျောက်နေတာ၊ ပြန်ရှာနေရတာတွေအတွက် အချိန်တွေကုန်လှပါတယ်။

အခုဆိုရင် အသိပညာတွေက အသစ်,အသစ်တွေကလည်း မနည်းလှပါဘူး။

ဒီအချိန်မှာ "အတတ်ပညာ၊ နည်းပညာ" စကားကို ပြောရုံနဲ့ မလုံလောက်တော့ပါဘူး။ ရ,ထားတဲ့ အသိပညာ၊ နည်းပညာတွေကို အပြန်အလှန်ဖလှယ်ဖို့၊ သူ့ရှိတာကိုယ်ယူ၊ ကိုယ့်ရှိတာသူ့ပေးဖို့တွေလည်း အရေးကြီးပါတယ်။ တစ်ယောက်ထဲ လုပ်တာထက်ပေါင်းလုပ်ရင် အကျိုးများကြမှာပါ။ တစ်ယောက်အားနဲ့ယူသော်မရ၊ တစ်သောင်းအားနဲ့ယူသော် ရသတဲ့။

အခုလို ကိုယ့်ရှိတာ၊ သူ့ရှိတာ မျှဝေဖို့အရေးမှာ မပါမဖြစ်တာက 'ခေါင်းဆောင်မှု' ဖြစ်ပါတယ်။ ပြီးတော့ အခုလို မျှဝေတဲ့အတွက် ကိုယ်လည်းအကျိုးရှိ၊ သူလည်းအကျိုးရှိတယ်ဆိုတာ လက်ခံယုံကြည်ဖို့ လိုပါတယ်။ မျှဝေတာ ကိုယ့်အတွက် အကျိုးယုတ်တယ်လို့ ယူဆရင် နှစ်လမ်းသွားဆက်ဆံရေးတွေ ဖြစ်လာမှာ မဟုတ်ပါဘူး။

(၄)

သတင်းအချက်အလက်တွေ အလျှံပယ်ပေါများနေတဲ့ လုပ်ငန်းတွေ၊ အဖွဲ့အစည်းတွေမှာတောင် ကိုယ့်အကျိုးအများအကျိုးအတွက် သတင်းအချက်အလက်တွေ၊ ဗဟုသုတတွေ၊ နည်းပညာတွေ ဖြန့်ဝေဖို့၊ ဖြန့်ဝေအောင် စီမံဖို့ (Knowl-edge Management) တွေ ပြောနေကြပါပြီ။

သတင်းအချက်အလက်နဲ့ အသိပညာ ဗဟုသုတတွေ မပြည့်စုံနိုင်သေး မပိုလျှံနိုင်သေးတဲ့ ကျွန်တော်တို့ဆီမှာဆိုရင် ရှိစုမဲ့စုလေးတွေ ဖွက်မထားကြဘဲ ပြန့်သည်ထက် ပြန့်အောင် ဖြန့်သည်ထက်ဖြန့်၊ မျှသည်ထက်မျှ၊ ဝေသည်ထက်ဝေဖို့ လိုမှာပါ။

○



# အပြ၊ အလုပ်၊ အဟုတ်

(၁)

ဒီဆောင်းပါးလေးကို ရေးမယ်ကြံလိုက်တော့ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသရဲ့ "မလုပ်မပြော၊ လုပ်မှပြော၊ သဘောဟုတ်လှစေ။ အပြောသာချဲ့၊ အလုပ်မဲ့၊ အကဲ့ရဲ့မလွတ်ပေ" ဆိုတဲ့ အဆုံးအမလေးကို နည်းနည်း မှတ်မိပါတယ်။

(၂)

အလုပ်ခွင်မှာ အလုပ်‌လုပ်ပြတဲ့သူ၊ အလုပ်‌လုပ်တဲ့လူ၊ ကျကျနန ဟုတ်ဟုတ်ဟတ်ဟတ် လုပ်တတ်တဲ့လူရယ်လို့ လူအမျိုးမျိုး ရှိကြပါတယ်။

ပထမဆုံး ပြောချင်တဲ့သူက လုပ်ပြတဲ့လူ။ ဒါမှမဟုတ် ပြောတဲ့လူတွေပါ။ ဘယ်ခေတ်ဖြစ်ဖြစ် ဒီလူမျိုးတွေ ရှိပါတယ်။ ခေတ်အားလျော်စွာ နာမည်လည်း အမျိုးမျိုး တွင်ခဲ့ပါတယ်။ 'နှမ်းဖြူး'တဲ့သူတွေ 'အနားပြာ'တွေ စသည်ဖြင့် ခေါ်ခဲ့ကြပါတယ်။

ဘယ်အချိန်မှ ဟုတ်တိပတ်တိ အလုပ်မလုပ်ပေမယ့် ဒီလိုလူမျိုးတွေဟာ အရေးရယ် အကြောင်းရယ်ဆို ပေါ်ပေါက်လာတတ်ပါတယ်။ ကိုယ်မလုပ်ဘဲ သူများလုပ်ထားတဲ့ အလုပ်တွေကို သူလုပ်ထားတဲ့ အလုပ်သဖွယ် ကျကျနနကြီး ပြောတတ်ပါတယ်။ အပြောသမားဆိုပြီး အထင်မသေးနဲ့။ တကယ်လုပ်ထားတဲ့သူတောင် သူ့လိုကျကျနန မပြောတတ်ပါဘူး။ ပြီးတော့ တကယ်အလုပ်,လုပ်တဲ့သူတွေက လူကြီးအနား မကပ်ရဲကြ၊ မကပ်ချင်ကြတဲ့ အခါမျိုးမှာ သူလိုလူက လူကြီးအနားကပ်ချင်တယ်။ ကပ်လည်းကပ်ရဲတယ်။ လူကြီးအထာကို သိနေတော့ သူပြောရင် ပြေလည်တယ်။ ကျေနပ်တယ်။ ဒါကြောင့် တချို့ဌာနတွေဆို အခုလိုအပြောကောင်း အပြကောင်းသမားတွေကို တခြားနေရာတွေမှာ အသုံးမဝင်ပေမယ့် ပွဲကြီးလမ်းကြီးအတွက် တမင်ကိုမွေးထားရလေ့ ရှိပါတယ်။

တစ်ဘက်ကကြည့်ရင် ဒီလိုလူမျိုးကို မျက်စိစူးစရာဖြစ်ပေမယ့် လိုအပ်လို့ အသုံးဝင်လို့သာ တွင်ကျယ်နေနိုင်တာဖြစ်ပါတယ်။ ခက်တာက တချို့လူတွေကလည်း အလုပ်သာလုပ်တတ်တာ အပြောမတတ် အပြမတတ်ကြပါဘူး။ ငါ့အလုပ်ငါလုပ်တာ၊ ငါ့အလုပ်ငါလုပ်ရင်ပြီးပြီ၊ ကျန်တာငါနဲ့မဆိုင်ဘူးလို့ သဘောထားတတ်ကြတဲ့ သူတွေရှိတယ်။ လူတောမတိုးတဲ့၊ လူတောထဲမဝင်ချင်တဲ့သူတွေ ရှိပါတယ်။ ဒါကြောင့်လည်း အပြောသမား အပြသမားတွေ၊ လူမှုဆက်ဆံရေးသမားတွေ အသုံးဝင်နေတာ ဖြစ်ပါတယ်။

တစ်နေ့တုန်းက အလီမွာစာပေက ဦးစိန်လွင် ကွယ်

လွန်တာ သုံးနှစ်ပြည့်လို့ သူ့အိမ်က ဆွမ်းကျွေးပါတယ်။ ကျွန်တော်က ရှာရှာဖွေဖွေ ဦးစိန်လွင်ပြောသွားတာလေး တစ်ခု မှတ်မိနေပါတယ်။ ဦးစိန်လွင်ဟာ အလုပ်သမားဘဝက တက်လာခဲ့တာပါ။ သူ့ဆရာက - နာမည်ကျော် မောင်ဝဏ္ဏ၊ သုမောင်၊ မင်းလူဆိုတဲ့ အနုပညာရှင်များရဲ့ ဖခင်ဦးသာခုပါ။ ဦးသာခုကတော့ တကယ့်လူကြီးလူလည်တဲ့။ ကွယ်ရာမှာ အလုပ်မလုပ်ဘဲ သူ့ရှေ့မှာ ပျာယာခတ်ပြနေတဲ့လူကိုလည်း သိသတဲ့။ သူ့အလုပ်သူလုပ်ပြီးလို့ သူလာကြည့်တဲ့အချိန် အိပ်နေတဲ့သူကိုလည်း သိသတဲ့။

အများအားဖြင့် လူကြီးတွေဟာ အလုပ်များတဲ့သူတွေဖြစ်လေတော့ ဘယ်သူက အလုပ်,လုပ်တဲ့သူ၊ ဘယ်သူက အလုပ်,လုပ်ပြ၊ ပြောပြတဲ့လူဆိုတာ ရုတ်တရက်ခွဲခြားဖို့ မလွယ်ပါဘူး။ ဒီတော့ အလုပ်,လုပ်တဲ့သူက လုပ်လည်းလုပ်၊ ပြောလည်းပြော၊ ပြလည်းပြဖို့ တိုတိုပြောရင် Marketing လုပ်ဖို့လိုပါတယ်။ လူမှုဆက်ဆံရေးဆိုတာလည်း သိသင့်၊ တတ်သင့်၊ လုပ်သင့်တဲ့ ပညာတစ်ခု ဖြစ်ပါတယ်။ အဲသလိုမှ မဟုတ်ရင်၊ ကိုယ်လုပ်ထားသမျှ ကြားထဲက အပြသမားတွေ၊ အပြောသမားတွေက စားသွားကြမှာပါ။ စားပါလေ၊ ကိုယ်ကလူလုံးမှ ထွက်မပြချင်တာဆိုရင်လည်း ပြီးပါတယ်။

(၃)

နောက် - ပြောချင်တာလေးတစ်ခုက လုပ်တိုင်းလဲမဟုတ်ပါဘူး။ တွင်းတူးတဲ့လူနဲ့ အုတ်စီတဲ့လူလိုပေါ့။ တွင်းတူးတဲ့လူက ကြာလေအောက်ရောက်လေ၊ လုပ်လေ,မြုပ်လေ

ပဲ။ အုတ်စီတဲ့လူက ကြာလေ,အထက်ရောက်လေ၊ လုပ်လေ, မြင့်လေဖြစ်တတ်ပါတယ်။ လုပ်နေရုံနဲ့မပြီးသေးဘူး။ လုပ်ပုံ မှန်ဖို့လည်း လိုပါတယ်။

ဥပမာ - ကျွန်တော်အခုဆိုရင် တစ်နေ့ကို စာမျက်နှာ နှစ်ဆယ်ပြီးအောင်ရေးဖို့ မကြိုးစားပါဘူး။ ကောင်းကောင်း မွန်မွန်၊ ကျကျနန၊ အရည်အသွေးရှိရှိ၊ အတွေးပါပါ၊ စာမျက်နှာနည်းနည်း ရေးနိုင်ဖို့ပိုပြီး အလေးပေးပါတယ်။ ကြိုးစား ပမ်းစားလုပ်ဖို့ (Work Harder) ထက် ကျကျနန ဟုတ်ဟုတ် ဟတ်ဟတ် လုပ်တတ်ဖို့ (Work Smarter) က ပိုပြီး အရေး ကြီးပါတယ်။

ပြီးတော့ ကျွန်တော် (၂၅) နှစ်လောက် ဆည်းပူး လာတဲ့ ပညာတွေကို အချိန်နည်းနည်းလေးနဲ့ သူများတတ် အောင် ကျွန်တော်သင်မပေးတတ်ဘူး။ ပထမမျိုးစေ့၊ ပြီးမှ အပင်ပေါက်ကလေး၊ နောက်အပင်ကြီး၊ ပြီးမှ သီးပွင့်သလို ပညာရှာရာ ပညာဆည်းပူးရာမှာလည်း အခြေခံကစရတယ်။ တွေးဖို့ကြံဖို့၊ ဆင်ခြင်သုံးသပ်ဖို့ အချိန်ပေးရတယ်။ အချိန်တို အတွင်း အကုန်သိဖို့ဆိုတာ လူငယ်ဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ် ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဖြစ်တယ်ဆိုရင်တော့ ဒါ - ညာတာ ပဲ။

ပြလည်းပြကြပါ။ လုပ်လည်းလုပ်ကြပါ။ လုပ်ပုံလုပ် နည်းကလည်း ဟုတ်ပါစေဦး။ လေ့လာပုံလေ့လာနည်းကလည်း လိုသေးတယ်။

၀



# ဘယ်သူ့အတွက်လဲ

ကျွန်တော်တို့ ဒီဂျာနယ်ကိုထုတ်ဖို့ ကြိုးစားကြတော့ ဘယ်ပရိသတ်ကို ဦးတည်မလဲ၊ ဘယ်သူ့အတွက်လဲဆိုတာကို ပထမစဉ်းစားကြပါတယ်။ ဂျာနယ်တွေကိုကြည့်ရင် အကြောင်းအရာပေါင်းစုံ၊ အမျိုးအစားပေါင်းစုံ တွေ့ရတယ်။ သိန်းဂဏန်းလောက်ရောက်တဲ့ ဂျာနယ်လည်းရှိတယ်။ အခုတော့ သိန်းဂဏန်းကနေ ကျသွားပုံရတယ်။ နိုင်ငံတကာ သတင်းဂျာနယ်လည်းရှိတယ်။ သူကလည်း သူ့လိုင်းနဲ့သူ စောင်ရေအတော်များတယ်။

ကျွန်တော်တို့ ဘယ်လိုင်းဝင်ကြမလဲ၊ နာမည်နဲ့ကို ရှင်းပါတယ်။ နိုင်ငံတကာစီးပွားရေးဂျာနယ် (International Economic Journal) ဆိုတဲ့အတိုင်း နိုင်ငံတကာစီးပွားရေး နယ်ပယ်က အကြောင်းအရာတွေ၊ လှုပ်ရှားမှုတွေ ဦးစားပေးမယ်။ စီးပွားရေးလုပ်ငန်းအကြောင်း (Economics) ပါ အများဆုံး ဖတ်ရစေမယ်။

ကျွန်တော်တို့ဂျာနယ်ကို ဖတ်တဲ့ပရိသတ် သိန်းချီပြီး ရှိမှာမဟုတ်ဘူးလို့ ကျွန်တော်တို့ တွက်ထားပါတယ်။ အများကြိုက်တွေ၊ ပေါ်ပင်တွေ၊ ရုပ်ရှင်မင်းသား မင်းသမီးအကြောင်းတွေ တတ်နိုင်သမျှ ရှောင်မယ်။ စာသိပ်ပြီး လေးသွားမှာစိုးလို့ တစ်ခါတစ်လေ နည်းနည်းပေါ့အောင် လုပ်ရတဲ့အခါ ရှိချင်ရှိမယ်။ ဒါပေမယ့် “Pop” တွေကို ဦးစားမပေးဘူး။ ဖတ်ပြီးလွှင့်ပစ်ရမယ့် ဂျာနယ်မျိုး မဖြစ်စေရဘူး။ သိမ်းထားရမယ့် ဂျာနယ်ဖြစ်စေရမယ်။ ဒါကြောင့် စက္ကူကလည်း ဈေးကြီးတာ မှန်ပေမယ့် အသိမ်းခံတဲ့ စက္ကူကို ကျွန်တော်တို့ ရွေးခဲ့တယ်။

ဘယ်သူတွေကို ဦးတည်သလဲဆိုတော့ လူတိုင်း အတွက်တော့ မဟုတ်ဘူး။ လူတိုင်းကြိုက် မဖြစ်နိုင်ဘူး။ လူတိုင်းအကြိုက်ကို လိုက်မယ်ဆိုရင် ဘယ်သူမှကြိုက်မှာ မဟုတ်တော့ဘူး။ လူတိုင်းအကြိုက်ကို မလိုက်ဘူးဆိုလို့ ငါတို့လုပ်ချင်တာပဲ လုပ်မယ်၊ ဘယ်သူကြိုက်ကြိုက် မကြိုက်ကြိုက် လုပ်တာမျိုးလည်း မဟုတ်ဘူး။ အဲဒါမျိုးဆိုရင် ကိုယ်ရေးတာ ကိုယ်ပဲဖတ်ပြီး ဘယ်သူမှကြိုက်ကြမယ် မဟုတ်ဘူး။

လုပ်ငန်းရှင်တွေကို ဦးတည်သလားဆိုတော့ အဲဒါ

ပြောရခက်ပြန်တယ်။ မြန်မာနိုင်ငံမှာ လုပ်ငန်းရှင်တွေက သောင်းဂဏန်းမက သိန်းဂဏန်းအထိ ရှိတယ်။ အဲဒီ လုပ်ငန်းရှင်တွေက အားလုံးကသာ ကျွန်တော်တို့ဂျာနယ်ကို မှန်မှန်ဖတ်မယ်ဆိုရင် ဂျာနယ်ရဲ့စောင်ရေဟာ သိန်းဂဏန်းအထိ ရောက်နိုင်တယ်။

ဒါပေမယ့် စီးပွားရေးလုပ်ငန်းရှင်တွေခမျာ စာဖတ်ချိန်ရကြပုံ မပေါ်ဘူး။ ပြီးတော့ ဂျာနယ်ဆိုတာ သူတို့လို အောင်မြင်နေတဲ့ သူတွေဖတ်ရမယ့် အလေးအနက်သဘောထားရမယ့်ဟာလို့ မြင်ပုံမရဘူး။ ဒါကြောင့် ဒီကနေ့အထိ "နိုင်ငံတကာစီးပွားရေးဂျာနယ်" ဆိုတာ ထွက်လို့လား၊ ဘယ်နေ့ထွက်သလဲ၊ ဘယ်မှာဝယ်ရသလဲဆိုတဲ့ ပြဿနာအတော်ရှိတယ်။

ကုန်ကုန်ပြောရရင် နယ်ပရိသတ်မပြောနဲ့၊ ရန်ကုန်က ကျွန်တော်နဲ့နီးစပ်တဲ့ အသိုင်းအဝိုင်းကတောင် ကျွန်တော်တို့ဂျာနယ်ကို မသိဘူး။ ကျွန်တော်တို့ဘက်ကလည်း အားနည်းချက်ရှိပါတယ်။ တစ်ပတ်တစ်ပတ်ကို မနည်းအလျှင်မီအောင် စီစဉ်ရ၊ ပုံနှိပ်ရ၊ ဖြန့်ရဆိုတဲ့ ဗာဟီရတွေကများ။ စက္ကူအတွက် စရိတ်လည်းကြီး၊ ရတက်ကလည်း မအေးရနဲ့မို့ အရောင်းသွက်အောင် မလုပ်ဘူး။ မကြော်ငြာဘူး။ အရောင်းလည်း မတွင်ဘူး။ မဆန်းဘူးလား။ ရယ်တော့ရယ်ရတယ်။ ဖတ်ချင်တဲ့လူကြိုးစားပမ်းစား လိုက်ရှာမှရတယ်။ အခုမှ ဖတ်ဖူးပြီး အဟောင်းတွေ ပြန်ဖတ်ချင်တယ် ဆိုရင်လည်း ကျွန်တော်တို့မှာ လက်ကျန်မရှိလို့ ပေးစရာမရှိဘူး။

ကျွန်တော်တို့ ဦးတည်တဲ့ပရိသတ်ဟာ စီးပွားရေးလုပ်ငန်းရှင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကျယ်ပြန့်တဲ့ စီးပွားရေးနယ်ပယ်ကို စိတ်ဝင်စားတဲ့၊ ဆူလွယ်နပ်လွယ် အဆင့်ထက်ကျော်ပြီး ကျယ်ကျယ်ပြန့်ပြန့် မြင်ချင်၊ သိချင်၊ တတ်ချင်၊ နားလည်ချင်တဲ့ သူတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ပရိသတ်ဟာ အနာဂတ်ကို ယုံကြည်တဲ့သူ ဖြစ်ပါတယ်။ ဒီကနေ့ မထင်မရှားဖြစ်ပေမယ့် အားမွေးနေမယ့်၊ တစ်နေ့မှာ ခိုင်ခိုင်မာမာ တည်ဆောက်ထားတဲ့ လုပ်ငန်းတာဝန် နိုင်ငံတာဝန် ပြည်သူ့တာဝန်တွေ ထမ်းဆောင်မယ့်သူ ဖြစ်ပါတယ်။

မှန်ပါတယ်။ ကျွန်တော်တို့ဟာ အနာဂတ်ကို ယုံကြည်သူတွေ ဖြစ်ပါတယ်။

○



# ဆွေးနွေးကြရာတွင်

(၁)

မြန်မာနိုင်ငံ အာဆီယံအဖွဲ့ထဲ ဝင်လိုက်တော့ အာဆီယံ အစည်းအဝေးတွေက တစ်နေ့ကို တစ်ခုမကရှိတယ်။

တချို့အစည်းအဝေးတွေက ကျွန်တော်တို့ဆီက သွားတက်ရတယ်။ တချို့အစည်းအဝေးတွေကို ကျွန်တော်တို့ဆီမှာ လုပ်ပေးရတယ်။ ဧည့်သည်လုပ်လိုက်၊ အိမ်ရှင်လုပ်လိုက်ပေါ့။ တစ်ခါတလေ ကိုယ်စိတ်ဝင်စားမှုနည်းတဲ့ နယ်ပယ်၊ ကိုယ်နဲ့ သိပ်မဆိုင်တဲ့ နယ်ပယ်တွေမှာတော့ တက်ရောက်စရာ မလိုဘူးပေါ့။ တစ်ခြားနိုင်ငံတွေကလည်း ဒီလိုပါပဲ။ သူတို့ သိပ်စိတ်မဝင်စားတဲ့ အကြောင်းအရာဆို အစည်းအဝေးလာ မတက်ဘူး။

အာဆီယံထဲ ဝင်တော့မယ်ဆိုကတည်းက မြန်မာနိုင်ငံမှာလည်း ဆွေးနွေးပွဲတွေ ကျင်းပပြီး ပြင်ဆင်ခဲ့ကြပါတယ်။ အာဆီယံသာမက အခြားဒေသဆိုင်ရာ အဖွဲ့အစည်းတွေ၊ ကမ္ဘာ့အဖွဲ့အစည်းတွေကလည်း ဆွေးနွေးပွဲတွေ လုပ်ကြတယ်။ သတင်းစာထဲ ကြည့်မယ်ဆိုရင် ဆွေးနွေးပွဲမကျင်းပတဲ့နေ့ မရှိသလောက်ပါပဲ။

ကျွန်တော်လက်လှမ်းမီသမျှ ပြောရမယ်ဆိုရင် နိုင်ငံတကာကနေ (အာဆီယံအပါအဝင်) လာကြတဲ့ ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ အများစုဟာ သွက်လက်ချက်ချာတဲ့ "လူငယ်" ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ ဖြစ်နေပါတယ်။ ကျွန်တော်တို့ ဘက်က ဦးဆောင်ဆွေးနွေးကြတဲ့ ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ အများစုက "အဖိုးကြီး" တွေပါ။ လူငယ်တွေပါလေ့ ပါထရှိပေမယ့် လူကြီးတွေပြောတာဆိုတာကို ဦးစားပေးကြတာမို့ လူငယ်ပိုင်းက ပြောတာဆိုတာ၊ ဝင်ရောက်ဆွေးနွေးတာ ရှိခဲပါတယ်။

လူကြီးတွေ မရှိရင်ဘယ်သူပြောမလဲ။ အဲဒီလူကြီးတွေ မရှိတော့တဲ့ အချိန်ကျမှ လူငယ်တွေကို ရှေ့တန်းတင်မယ်၊ ပွဲထုတ်မယ်ဆိုရင် "အိုးနင်း၊ ခွက်နင်း" ဖြစ်နိုင်ပါတယ်။ အခုကတည်းက လူငယ်ပိုင်းကို လေ့ကျင့်၊ လူငယ်တွေကို မွေးထုတ်၊ အတွေ့အကြုံရထား ယူထားကြရင် ပိုမကောင်းပေဘူးလားဆိုတာ ခဏခဏတွေးမိပါတယ်။ လူငယ်တွေအနေနဲ့ အခွင့်အလမ်းတွေ ကြုံတွေ့လာရင် အစွမ်းအစတွေ ပိုပြလာကြမယ်၊ အစွမ်းအစတွေ ပိုကောင်းလာအောင် ကြိုးစားကြမယ်

လို့ မျှော်လင့်မိပါတယ်။

(၂)

ပြောသာပြောရတာ၊ တစ်ခါတလေကျတော့လည်း ဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေကို ဦးဆောင်ကျင်းပသူတွေ ကိုယ်နှိုက်က လူကြီးတွေကိုပဲ တက်စေချင်ပါတယ်။ မူဝါဒချမှတ်သူ (Policy-maker) တွေကို တွေ့မယ်၊ သူတို့ပြောတာဆိုတာတွေ၊ နိုင်ငံစီးပွားရေးမူဝါဒကို တကယ်ချမှတ်နေတဲ့ သူတွေ နားထောင်မှ အရာရောက်မယ်၊ ကျန်တဲ့သူတွေ ခေါင်းထဲဘယ်လောက်ဝင်ဝင် လူကြီးတွေ ခေါင်းထဲဝင်ဖို့က အရေးအကြီးဆုံးလို့ မြင်ပါတယ်။

ဒါနဲ့တစ်ခါကဆို အစည်းအဝေးတစ်ခုမှာ လူကြီးတွေပဲ ရွေးဖိတ်ပါတယ်။ သိကြတဲ့အတိုင်းပဲ။ လူကြီးဆိုတာက အစည်းအဝေးတွေက ခပ်များများ။ ဟိုကလည်းသူလာမှ၊ ဒီကလည်း သူပါမှဆိုတော့ တစ်နေရာ,တစ်နေရာကို တစ်ရက်နှစ်ရက် အချိန်ပေးရမယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ကြာကြာမထိုင်နိုင်ကြဘူး။ ဒီတော့ လူကြီးတွေလဲ ပွဲပြီးလို့ပြန်သွားရော ဆွေးနွေးပွဲတက်မယ့်လူလည်း ကုန်သလောက်ဖြစ်သွားတော့တာပါပဲ။ ဘယ်သူ့ခေါင်းထဲမှလည်း မရောက်၊ ဘယ်သူ့ နားထဲမှလည်း မရောက်။

တကယ်လို့သာ လူကြီးတွေကို တင်ပြနေကျ၊ ဝိုင်းဝန်းအကြံပေးနေကျဖြစ်တဲ့ ပုဂ္ဂိုလ်များကိုဖိတ်မယ်၊ အချိန်ပေးနိုင်တဲ့ လူငယ်တွေကို ဖိတ်ကြမယ်ဆိုရင် သူတို့လည်း အတွေ့အကြုံ

ရမယ်။ သူတို့ခေါင်းထဲဝင်ရင် လူကြီးတွေခေါင်းထဲလည်း ဝင်မယ်။ လူငယ်တွေလည်း တစ်နေ့လူကြီးဖြစ်မှာပဲ။

တစ်ခါတလေတော့လည်း အဖွဲ့အစည်းတစ်ခုကို ကိုယ်စားပြုလို့ လူကြီးတစ်ယောက်ကို ဖိတ်ခေါ်ရာမှာ စည်းဝေး ဆွေးနွေးကြတာတွေဟာ လျှို့ဝှက်ချက်မဟုတ်ပေမယ့် အဲဒီလူကြီးက ကျော်လွှန်ပြီး အဖွဲ့အစည်းတစ်ခုလုံးကို ပျံ့နှံ့မသွားတာတွေ တွေ့ရတတ်ပါတယ်။ လူငယ်တစ်ယောက် လွှတ်လိုက်ပြန်ရင်လည်း ရလာတဲ့စာရွက်စာတမ်းတွေ လျှို့ကြဖွက်ကြနဲ့ ဖြန့်ရမှာမဖြန့်။ မပြန့်ရမယ့်အကျင့်ဆိုးတွေက ပြန့်လိုပြန့်တာတွေ တွေ့ရတယ်။

"အစည်းအဝေး" တွေ၊ "ဆွေးနွေးပွဲ" တွေဟာ တစ်ဦးတစ်ယောက်ရဲ့ အကျိုးအတွက် မဟုတ်ပါဘူး။ အများအကျိုး ပြည်သူ့အကျိုးအတွက်ပါ။

၀



# မန်နေဂျာသုံးယောက်

စီးပွားရေးလုပ်ငန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုရဲ့ မန်နေဂျာတွေဟာ စီမံခန့်ခွဲမှု တာဝန်တွေနဲ့အတူ ခေါင်းဆောင်မှု တာဝန်တွေကိုပါ ထမ်းဆောင်ကြရပါတယ်။

ကျွန်တော်တို့တစ်တွေ၊ တွေ့တွေ့နေကြတဲ့ မန်နေဂျာတွေကို အကြမ်းဖျဉ်းခွဲကြည့်ရင် သုံးမျိုးတွေ့ရပါတယ်။

တချို့ မန်နေဂျာတွေက ကျွန်တော်တို့ကြောက်ရတဲ့ မန်နေဂျာတွေပါ။ ဘယ်လောက်ကြောက်ရသလဲဆို အသံကြားတာနဲ့ ကြောက်ရ၊ လှုရိပ်မြင်တာနဲ့ ကြောက်ရ၊ ခပ်ဝေးဝေးကတောင် ကြောက်ရပါတယ်။ ဒါပေမယ့် သူ့ကိုကြောက်တော့ သူခိုင်းတာလုပ်ရပါတယ်။ သူခိုင်းတာမလုပ်ရင် ခံရမယ့်ဒဏ်

ဟာ မသက်သာလှဘူး။ ဒါမှမဟုတ် ပေးထားတဲ့အခွင့်အရေး တွေ ရုတ်သိမ်းပစ်နိုင်တယ်။ ဒါ ကြောင့် ဒီလိုမန်နေဂျာမျိုးကို ဝန်ထမ်းတွေက ကြောက်တယ်။ အနည်းဆုံး ကြောက်ချင် ယောင်ဆောင်ရတယ်။ ရှေ့မှာ ရိုသေချင်ယောင် ဆောင်ရ တယ်။

ဒါပေမယ့် ကြောက်ပြနေကြ၊ ကြောက်နေကြတဲ့ ဝန် ထမ်းတွေဟာ အလုပ်ကိုတကယ်တမ်း ယုံယုံကြည်ကြည် လုပ် တဲ့သူတွေ တာဝန်ယူတဲ့သူတွေ မဟုတ်ကြပါဘူး။ လစ်ရင် လစ်သလို၊ ချောင်ရင်ချောင်သလို လုပ်တတ်တဲ့သူတွေ ဖြစ်နေ တတ်ကြပါတယ်။ ကြောက်နေရတော့ရင် တစ်မျိုး၊ မကြောက် ရတော့ရင် တစ်မျိုး၊ ရှေ့တစ်မျိုး၊ နောက်တစ်မျိုးဖြစ်တတ်ပါ တယ်။ ကြောက်နေရစဉ်မှာ နာခံသယောင်လုပ်ပြီး မကြောက် ရတော့ရင် ဖျက်ဆီးပစ်တဲ့သူတွေ ဖြစ်လာတတ်ပါတယ်။

နောက် မန်နေဂျာတစ်ယောက်ကို သူ့ဝန်ထမ်းတွေ ကျိုးနွံတာက "အခွင့်အရေး" ကြောင့်ပါ။ ဝန်ထမ်းတွေဆီက နေ မန်နေဂျာက လိုချင်တာရှိတယ်။ ဥပမာ - အလုပ်ချိန်၊ စိတ်ဝင်စားမှု၊ အစွမ်းအစ၊ ဝိုင်းဝန်းကူညီမှု၊ ကာယဉာဏစွမ်း အားတွေ ဆိုပါတော့။ အဲသလိုပဲ။ မန်နေဂျာဆီကလည်း ဝန် ထမ်းတွေ လိုချင်တာရှိပါတယ်။ သတင်းရချင်တာမျိုး။ လုပ်ခ ရချင်တာ၊ ရာထူးတိုးချင်တာ၊ တပည့်အဖြစ် အသိအမှတ်ပြု ချီးမြှင့်စေချင်တာ၊ အကာအကွယ်ပေးစေချင်တာ၊ အခွင့်အရေး ပေးစေချင်တာမျိုးတွေပေါ့။

ဒီမန်နေဂျာနဲ့ သူ့ဝန်ထမ်းတွေရဲ့ ဆက်ဆံရေးဟာ

အပေးအယူ ဆန်တယ်။ ဆန်ပေးရင် ဆေးရမယ်။ ဆန်မပေးရင် ဆေးမရဘူး။ တစ်ယောက်နဲ့တစ်ယောက် မျှော်လင့်ချက်အပေါ် အခြေခံပြီး အလုပ်,လုပ်တယ်။ မျှော်လင့်ထားတာလေးတွေ ပျက်သွားရင် အဲဒီဆက်ဆံရေးလည်း ပျက်သွားတော့တာပဲ။

နောက် - မန်နေဂျာတစ်ယောက်နဲ့ ဝန်ထမ်းတွေရဲ့ဆက်ဆံရေးက အကြောက်ပေါ်လည်း အခြေမခံ၊ အကျိုးခံစားခွင့်နဲ့လည်းမဆိုင်။ မန်နေဂျာနဲ့ ဝန်ထမ်းတွေဟာ ယုံကြည်ချက်တူကြတယ်။ တစ်ယောက်ကို တစ်ယောက် အပြန်အလှန်ယုံကြည်မှုရှိကြတယ်။ ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်စောင့်စည်းကြတယ်။ အထက်လူကြီးဖြစ်တဲ့ မန်နေဂျာကလည်း အောက်လက်ဝန်ထမ်းတွေရဲ့ ဂုဏ်သိက္ခာကို ငါ့ရဲ့လက်အောက်ငယ်သားပဲဆိုပြီး မထိပါးမစော်ကားဘူး။ အောက်လက်ဝန်ထမ်းတွေက ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး၊ မလုပ်ဘူး။ ရှေ့မှာအနားပြာပြနေပြီး ကွယ်ရာမှာ လိုမ့်ဆဲနေတာမျိုးတွေ မလုပ်ဘူး။

ပြီးတော့ "လူ" ကို ချစ်တာ မဟုတ်ဘူး။ "မူ"ကို ချစ်တာ။ ဘယ်သူဘယ်ဝါရယ်လို့ ပုဂ္ဂိုလ်ကိုရွေးတာမဟုတ်ဘူး။ မန်နေဂျာလုပ်ချင်တာကို ဝန်ထမ်းတွေက လုပ်ချင်တယ်။ ဝန်ထမ်းတွေလုပ်ချင်တာကို မန်နေဂျာက လုပ်ချင်တယ်။ မျက်စိစုံမှိတ်ယုံကြည်တာမျိုး၊ ရိုသေပြနေတာမျိုး၊ စက်ရုပ်လို လှုပ်ရှားနေတာမျိုးလည်း မဟုတ်ဘူး။

တစ်ခါတလေမှာ ကျွန်တော်တို့ဟာ မန်နေဂျာနေရာ

ကနေကြ၊ တစ်ခါတလေမှာ နောက်လိုက်တွေ အောက်လက်ဝန်ထမ်းတွေ အနေနဲ့နေကြရတဲ့ "ဘဝဇာတ်ခုံ" ပါ။ အခုပြောခဲ့တဲ့ မန်နေဂျာသုံးယောက်ကို ကျွန်တော်တို့ကြုံတွေ့ခဲ့ကြဖူးမှာပါ။ ကျွန်တော်တို့ကိုယ်တိုင်လဲ အဲဒီ မန်နေဂျာသုံးယောက်လို တစ်ချိန်တစ်ခါက စီမံခဲ့၊ ခေါင်းဆောင်ခဲ့ကြဖူးမှာပါ။

'ကြောက်လို့'ရယ်၊ 'လိုချင်လို့'ရယ်၊ 'ယုံကြည်လို့'ရယ် ဆိုတဲ့ မန်နေဂျာ (၃) ယောက်မှာ ဘယ်လိုမန်နေဂျာတွေ ဖြစ်ချင်ကြပါသလဲ။ ဘယ်လိုမန်နေဂျာတွေကို တွေ့ချင်ကြပါသလဲ. . .။

ဝ



## ဘွဲ့နှင်းအတွေး

(၁)

ဘွဲ့ယူဖို့လာကြတဲ့ သားတွေနဲ့ သူတို့ရဲ့မိဘတွေ ရောက်လာကြလို့ တွေ့ရပါတယ်။ ရွာမှာဆိုရင် သူတို့သားတွေ ဘယ်လိုလိမ္မာကြောင်း၊ ဘယ်လိုအလုပ်,လုပ်ကြောင်းတွေ သူတို့မိဘတွေက ပြောပြကြတာ ကျွန်တော်တို့ မယုံနိုင်စရာပါ။ အဲသလိုပဲ ကျွန်တော်တို့ဆီမှာ ဘယ်လိုနေကြ ထိုင်ကြတဲ့အကြောင်း ပြောပြတော့လည်း မိဘတွေက မယုံကြဘူး။ ဒီတော့လဲ သူတို့ရဲ့ မိန့်စ်ရာ၊ ဖန့်စ်ရာသားတွေကို ကိုယ်အုပ်ချုပ်တာ ညံ့လို့ထင်ပါရဲ့လို့ ဖြေရတယ်။

ကိုယ့်ဆီမှာ လွတ်ချင်တိုင်းလွတ်နေတဲ့ သားတွေက တစ်ချို့ဆိုရင် ဘာသာရပ်တွေ အပင်ပန်းခံပြီး ညဥ့်မအိပ်၊ နေ့မအိပ်ကြိုးစားကြ၊ ဖြေကြနဲ့ တွေ့ရပြန်တော့လည်း မျက်စိလည်စရာ။

သူတို့တစ်တွေက ထိုက်ထိုက်တန်တန် ကြိုးစားမှုရမယ့် အခွင့်အခါမျိုးကြုံလာရင် ထိုက်ထိုက်တန်တန် ကြိုးစားတတ် ကြသလို၊ အချောင်ရမယ်လို့ ယူဆစရာ ပတ်ဝန်းကျင်မျိုး အခြေအနေမျိုးနဲ့ ကြုံလာတော့လည်း ကြုံသလို ချောင်သလို နေတတ်ကြပြန်တယ်။

တစ်နေ့က သင်တန်းတစ်ခုမှာတော့ သင်တန်းက စစ်တဲ့စာမေးပွဲမှာ မအောင်ရင် သင်တန်းကြေးပြန်တောင်းမယ်ဆိုတဲ့ သင်တန်းသားမျိုးကို တွေ့ရပြန်တော့လည်း ဘုရားတ,မိပြန်ပါတယ်။

(၂)

ဘွဲ့နှင်းသဘင်မှာ ကိုယ်ကျင့်တရားကောင်းအောင် နေပါ့မလား၊ အခွင့်အရေး အစွမ်းသတ္တိရှိသမျှ ပညာရှာမှီးကြမလား၊ သင့်လျော်ထိုက်တန်စွာ နေထိုင်ကြမလား၊ ပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းသာယာ ဝပြောရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းရှိသရွေ့ ထိန်းသိမ်းစောင့်ရှောက် မလားဆိုတဲ့ မေးခွန်းတွေမေးတယ်။ ကတိတွေတောင်းတယ်။ ဘွဲ့ရမောင်မယ်တွေက "ကတိပြုပါ၏" လို့ အကြိမ်ကြိမ်ဖြေကြတယ်။

ဒါပေမယ့် ဒီကတိတွေကို ဘွဲ့နှင်းသဘင်ထဲမှာပဲ

ထားရစ်ခဲ့ကြလေမလား၊ ဘွဲ့နှင်းသဘင်ပြင်ပအထိ သယ်သွားမယ့်သူ ဘယ်နှစ်ယောက်များ ပါလေမလဲလို့ ဘွဲ့နှင်းစင်မြင့်တစ်နေရာကနေထိုင်ပြီး တွေးနေမိတယ်။

(၃)

အများအားဖြင့်တော့ ဘွဲ့တစ်ခုဖြစ်ဖြစ်၊ နှစ်ခုဖြစ်ဖြစ်၊ သုံးခုဖြစ်ဖြစ် ရအောင်ကြိုးစားကြ။ ဘွဲ့လည်းရရောပြီးရော။ စကတည်းကိုက ဘွဲ့ရဖို့ဆိုတဲ့ ရည်ရွယ်ချက်ပဲ ရှိလေတော့ တစ်ဘွဲ့ရပြီးရင်လဲထိုင်တယ်။ နှစ်ဘွဲ့ရတဲ့သူကလည်း ပြီးပြီလို့တွက်တယ်။ သုံးဘွဲ့ရပြီးတဲ့သူကလည်း ဘာမှဆက်မလုပ်တော့တာမျိုးတွေ ရှိတတ်ပါတယ်။

ပညာရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဆိုရင်တော့ ဘွဲ့ရရင်လည်းရမယ်၊ မရရင်လည်း မရဘူး။ ဘွဲ့ရပြီးလည်း ဘွဲ့ရတာနဲ့ ရပ်မနေဘူး။ သူမသိတာတွေ အများကြီးကျန်သေးတယ်ဆိုတာတွေ့လာမယ်။ စိတ်ဝင်စားစရာတွေ အများကြီးရှိလာမယ်။ အသက်ခြောက်ဆယ်၊ ခုနှစ်ဆယ်၊ ရှစ်ဆယ်တွေရောက်နေပေမယ့် ဘယ်တော့မှ ပညာရှာလို့ မဆုံးပါဘူး။

ကမ္ဘာအရပ်ရပ်မှာ ပညာအရည်အချင်း တစ်ခုရပြီးတာနဲ့ မလုံလောက်ဘဲ ပညာထပ်မံရရှိရေး၊ ဘဝတစ်လျှောက်လုံး ပညာဆည်းပူးရရှိရေးတွေကို အလေးထားနေကြပါတယ်။ စာကျက်တာလောက်၊ စာမေးပွဲဖြေတာလောက်တို့ပဲ ပညာလို့ သတ်မှတ်ထားတာ မဟုတ်ပါဘူး။

မြန်မာနိုင်ငံမှာလည်း လုပ်ငန်းခွင်အသီးသီးကို

ရောက်ရှိသွားတဲ့ သူတွေ ကျွမ်းကျင်မှုတိုးမြှင့်ဖို့ ပြန်လည်လေ့ကျင့်ဖို့၊ ဝင်ခွင့်စည်းကမ်း လျှော့လျှော့ပေါ့ပေါ့နဲ့ အချိန်တိုတိုအတွင်း လေ့လာလိုက်စားနိုင်ဖို့ သင်တန်းအမျိုးမျိုးကို ပုဂ္ဂလိကကျောင်းတွေက ဖွင့်လှစ်ခဲ့ကြပါတယ်။ ဒီသင်တန်းတွေ ဘယ်လောက်အောင်မြင်တယ်ဆိုတာ သင်ကြားပို့ချတဲ့ဆရာရဲ့ စွမ်းရည်၊ သင်ရိုးညွှန်းတမ်းနဲ့ သက်ဆိုင်ရာသင်တန်းသားရဲ့ စိတ်ပါဝင်စားမှုအပေါ်မှာ မူတည်ပါတယ်။ မရိုးသားတဲ့ သင်ရိုးညွှန်းတမ်း၊ မကျွမ်းကျင်တဲ့ ဆရာတွေရဲ့ လက်မှတ်လောက်သာလိုချင်တဲ့ သင်တန်းသားတွေနဲ့ ဆိုရင်တော့ "ဝ" မရှိဘဲ "ဝိ" လုပ်လို့ မရပါဘူး။

အခု - လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနတွေကလည်း ပုဂ္ဂလိက နောက်ကလိုက်လာပြီး အရည်အသွေးမြှင့်သင်တန်းတွေ ဖွင့်လာနေပါတယ်။

ကိုယ့်ဒူးကိုယ်ချွန်၊ ကိုယ့်ဖာသာစာဖတ်ပြီး ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးလည်း ကြိုးစားနိုင်ကြပါသေးတယ်။

ဘွဲ့နှင်းသဘင်မှာ ပေးခဲ့တဲ့ ကတိတွေကို အလေးအနက်ထားကြ စေချင်ပါတယ်။

ဝ



# ဘဝသစ်

(၁)

အရင်က စီးပွားရေးလုပ်ငန်း လုပ်နေတဲ့သူတွေဟာ တိုင်းပြည်ရဲ့ စီးပွားရေး ဘယ်လိုနေနေ သိပ်ဂရုမစိုက်ဘူး။ ကိုယ့်လုပ်ငန်းကို ကိုယ်တိုးတက်အောင် လုပ်နိုင်တယ်။ တိုးတက်နိုင်တယ်လို့ တွက်ကြပုံရတယ်။ မှန်သင့်သလောက်တော့ မှန်ပါတယ်။ ကြီးစားတဲ့လုပ်ငန်းနဲ့ မကြိုးစားတဲ့လုပ်ငန်း၊ အဆက်အသွယ်ကောင်းတဲ့လုပ်ငန်းနဲ့ အဆက်အသွယ်မကောင်းတဲ့လုပ်ငန်း၊ လုပ်ငန်းအကြီးအကဲလုပ်တဲ့သူ အမြော်အမြင်ရှိတဲ့ လုပ်ငန်းနဲ့ အမြော်အမြင် မရှိတဲ့လုပ်ငန်း ဘယ်ယှဉ်လို့ရမလဲ။

အဲဒီလိုမြင်ကြတဲ့ အမြင်နောက်ခံကလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ လုပ်ငန်းရှင်တွေက သတိထားမိချင်မှ ထားမိမယ်။ အများအားဖြင့် ပြည်ပနဲ့စီးပွားရေးအရ အဆက်အဆံနည်း၊ အဆက်အသွယ်နည်းနေတဲ့အချိန်၊ ကိုယ့်လုပ်ငန်းကထုတ်တဲ့ ကုန်ပစ္စည်းတွေ ဝန်ဆောင်မှုတွေကိုပဲ အားကိုးနေတဲ့အချိန်၊ ပြည်တွင်းဖြစ် ထုတ်ကုန်တွေကိုပဲ ပြည်တွင်းဈေးကွက်ကို အားကိုးနေရတဲ့အချိန် ဖြစ်နေခဲ့ပါတယ်။

ဒီခေတ်မှာ နောက်အမြင်တစ်မျိုးလဲ ရှိပါသေးတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးတိုးတက်တာကတခြား၊ ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ လုပ်ငန်းရှင်တွေ တိုးတက်တာက တခြားဆိုတဲ့ အမြင်ပါ။ ပုဂ္ဂလိက လုပ်ငန်းတွေ၊ ပုဂ္ဂလိက လုပ်ငန်းရှင်တွေ တိုးတက်တာဟာ တိုင်းပြည်တိုးတက်တာနဲ့ ဘာမျှမဆိုင်ဘူးလို့လည်း ယူဆခဲ့ကြပါတယ်။

(၂)

အဲဒီအခြေအနေတွေ ပြောင်းသွားခဲ့ပါပြီ။ တံခါးတွေဖွင့်နိုင်သလောက် ဖွင့်လိုက်တဲ့အခါ ပြည်ပကလာတဲ့ ထုတ်ကုန်တွေ ကိုယ့်ဈေးကွက်ကို ထိုးဖောက်လာတယ်။ ခါတိုင်းကိုယ့်ကိုရောင်းနေတဲ့ ကုန်ကြမ်းကိုလည်း ကိုယ်ကမထိန်းနိုင်တော့ဘူး။ ပြည်ပဈေးကွက်ကို ထွက်သတဲ့။ ခက်ပုံက ပြည်ပဈေးကွက်ကလည်း ဘယ်သူတွေက ဝယ်တာလဲမသိရ။ ဘာလုပ်ဖို့ ဝယ်တာလည်း နားမလည်နိုင်။ ဘယ်လောက်လိုချင်တာလည်း သေသေချာချာ မကြားရ။ အခက်သား။ အခုဝယ်ပေမယ့်

နောက်ဝယ်ချင်မှ ဝယ်တယ်။ ရောင်းမယ်ဟဲ့လို့ ပြင်ထားပေမယ့် ဝယ်ချင်မှဝယ်တယ်။ သူမဝယ်ရင်လည်း တခြားဘယ်သူ့ကို ရောင်းရမှန်းမသိ။

တစ်ဖက်မှာ ပုဂ္ဂလိကလုပ်ငန်းတွေ၊ ပုဂ္ဂလိက လုပ်ငန်းရှင်တွေ တိုးတက်မှနိုင်ငံရဲ့ စီးပွားရေးတိုးတက်မယ်။ ပုဂ္ဂလိက လုပ်ငန်းတွေ၊ ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို အားပေးဖို့လိုတယ်။ အားကိုးဖို့လိုတယ် (အားကိုးရာမရောက်က တစ်ပိုင်း) ဆိုတဲ့ အမြင်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။

စီးပွားရေး လုပ်ငန်းရှင်တွေကလည်း အနည်းဆုံး ပြည်တွင်းဈေးကွက်ရဲ့ ဝယ်အားကိုထည့်တွက်လာရပါတယ်။ ကိုယ်က ထုတ်နိုင်ပေမယ့် ဘယ်သူကဝယ်မှာလဲ စဉ်းစားလာရပြီ။ စောစောပိုင်းကလို ငါထုတ်နိုင်ရင် ငါရောင်းနိုင်ရင် ရောင်းရမှာပဲဆိုတဲ့ အတွေးမျိုး မရတော့ဘူး။ တိုင်းပြည်ရဲ့ စီးပွားရေးတက်ရင် အရောင်းသွက်မယ်။ တိုင်းပြည်ရဲ့စီးပွားရေး တိုးတက်မှု နှေးရင် အရောင်းနှေးမယ်။

ပြည်ပနဲ့စီးပွားရေး အဆက်အဆံတွေ များလာတော့ ပြည်ပရဲ့ စီးပွားရေးဂယက် ရိုက်ခတ်မှုဒဏ်လည်း ခံရတယ်။ နည်းနည်းဆက်ဆံရင် နည်းနည်းခံရတယ်။ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် များများဆက်ဆံရင် များများဂယက်ရိုက်ခတ်တတ်တယ်။

ဒေသရဲ့စီးပွားရေး (အာရှစီးပွားရေး) ကလည်း ကမ္ဘာ့စီးပွားရေးနဲ့ ဆက်နေပြန်ရော။ ဒေသစီးပွားရေးနှေးတော့ အာရှစီးပွားရေးထိ။ အာရှစီးပွားရေးထိတော့ ကမ္ဘာ့စီးပွားရေး

ထိ။ အခုဆိုရင် ဘယ်လမ်းကြောင်းကနေ ဘယ်လိုအကျိုးဆက်တွေ ဖြစ်သွားတယ်ဆိုတာ မသိရသေးပေမယ့် အကျိုးဆက်တွေကို ခံနေရတဲ့အထိ အရှိန်ကပြင်းပါတယ်။

(၃)

ချုပ်ရရင် လုပ်ငန်းတစ်ခု၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခု၊ ကမ္ဘာတစ်ခုရဲ့ စီးပွားရေးဟာ တစ်ခုနဲ့တစ်ခု လွတ်လွတ်ကင်းကင်းမနေနိုင်တော့ဘဲ ရှုတ်ရှုတ်ထွေးထွေး ယှက်နွယ်ဆက်ဆံနေရ ပတ်သက်နေရပါတယ်။ ကိုယ်က မဆက်ဆံချင်လို့လဲ မရ။ မပတ်သက်ချင်လို့လဲ မရ။ ကိုယ်လုပ်တိုင်းလည်း မဖြစ်။ မလုပ်ပေမယ့်လည်းဖြစ်။ ရည်ရွယ်တာကတခြား။ ဒါကျွန်တော်တို့ ကြုံတွေ့နေရတဲ့၊ နောက်လည်း ကြုံကြရမယ့် စီးပွားရေးဘဝသစ်ပဲ ဖြစ်ပါတယ်။

၀



## ဝမ်းသာပီတိ

သင်တန်းတစ်ခုမှာ သင်တန်းဆရာတစ်ယောက်က "အင်တာနက်တွေ၊ အင်တရာနက်တွေ ပေါ်ပေါက်လာရင် သူ ကျောင်းလာစရာ မလိုတော့ဘူး။ အိမ်ကနေပဲ စာသင်တော့မယ်" တဲ့။

အဲဒီတော့ သင်တန်းသားတစ်ယောက်က "အဲဒီလိုဆိုရင် ကျွန်တော်လည်း ကျောင်းမလာတော့ဘူး။ အိမ်ကနေပဲ အင်တာနက်ဖွင့်ကြည့်လိုက်မယ်" တဲ့။

နောက် - ကျောင်းသားတစ်ယောက်က "ကျွန်တော်ကတော့ မနက်အစောကြီး အိပ်ယာကထ မနေတော့ဘူး။ ဆရာသင်တဲ့အချိန်မှာ သိမ်းထားပြီး ကြိုက်တဲ့အချိန် ထ,ကြည့်လိုက်ရုံပဲ" တဲ့။

ဘယ်လောက် ဟန်ကျတဲ့ သင်တန်းသားတွေလဲ။

တစ်ခုပါပဲ။ အင်တာနက်တွေ၊ အင်တရာနက်တွေ ဘယ်လောက်ပဲပေါ်ပေါ် လူအချင်းချင်း ဆက်ဆံရေးဆိုတာ ရှိသေးတယ်။ လူဆိုတာ အချင်းချင်း တွေ့ချင်မြင်ချင်တယ်။ အေးစက်မာကျောတာမျိုး မလိုချင်ဘူး။ နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီး နေချင်ကြတယ်။ နွေးထွေးရင်းနှီးမှုမျိုး မတွေ့ရတဲ့ အခါ အထီးကျန်နိုင်လာ တတ်ကြပါတယ်။

သင်တန်းတွေမှာ သင်တန်းဆရာ-ဆရာမတွေရဲ့ အရည်အချင်းသာ အရေးကြီးတာ မဟုတ်ဘူး။ သူတို့ရဲ့ စေတနာနဲ့ မေတ္တာဟာလည်း အရေးကြီးပါတယ်။ (ကျွန်တော်တို့တစ်တွေ စာရေးကြတော့လည်း စေတနာပါရတာပဲ။ စေတနာပါတဲ့စာနဲ့ စေတနာမပါပဲ ဝတ်ကျေတန်းကျေ ရေးတဲ့ စာတွေက သိသိသာသာ ကွာခြားပါတယ်။)

ဒီလိုပါပဲ၊ သင်တန်းဆရာ-ဆရာမတွေကလည်း လူတွေနဲ့ ဆက်ဆံရတာကို သဘောကျကြပါတယ်။ သင်တန်းသားတွေနဲ့ တွေ့ချင်ကြပါတယ်။ သင်တန်းသားတွေ လိုလိုလားလားရှိရင် ရှိသလို၊ တက်ကြွရင်တက်ကြွသလို၊ ဆရာ-ဆရာမတွေလည်း မမောနိုင်ကြ၊ မပမ်းနိုင်ကြ၊ အမောတွေပြေကြရပါတယ်။ သင်တန်းသားတွေ မကြိုးစားတဲ့အခါ၊ လိုလိုချင်ချင် မရှိတဲ့အခါမျိုးမှာ ဆရာ-ဆရာမတွေက မသင်ရသေးပဲနဲ့ မောနေတတ်ကြ၊ ဘာမျှ မသင်လိုက်ရသေးပဲနဲ့ ပင်ပန်းနေတတ်ကြပါတယ်။

မေးတတ်မြန်းတတ်၊ စူးစမ်းချင်တတ်တဲ့ သင်တန်း

သားတွေတွေ့ရင် ဆရာ-ဆရာမတွေက ပိုပြီးပြင်ဆင်လာကြ၊ ကြိုးစားအားထုတ်လာတတ်ကြပါတယ်။ ဘာမျှ မမေးကြ မမြန်းကြဘူး။ မေးပေမယ့်လည်း ပေါက်တတ်ကရ မေးခွန်းမျိုးတွေသာ မေးမယ်ဆိုရင် ကိုယ်သင်ကြားပို့ချပေးတဲ့ ဘာသာရပ်ကို စိတ်မဝင်စားတာလား၊ နားမလည်တာလားလို့ မေးစရာဖြစ်ပါတယ်။

ကျောင်းဆရာတစ်ယောက်အနေနဲ့ ပြောရရင် ဒီသင်ခန်းစာ ဒီအကြောင်းအရာကိုပဲ ကလေးတွေသင်ရင် တစ်မျိုး၊ လူကြီးတွေသင်ရင် တစ်မျိုးမို့ စိတ်ဝင်စားစရာ ကောင်းပါတယ်။ တက္ကသိုလ်ပထမနှစ်မှာ သင်ရတာနဲ့ နောက်ဆုံးနှစ်သင်ရတာတောင်မှ မတူပါဘူး။ တက္ကသိုလ်ကဘွဲ့ရခါစလဲပါ၊ အပျော်လာတက်တဲ့ လူလည်းပါ၊ အလေးအနက် အနက်အရှိုင်းသိချင်တဲ့ ပညာလောဘရှိတဲ့ လူလည်းပါဆိုတဲ့ သောင်းပြောင်းပရိသတ်မျိုးနဲ့ကျရင် ချိန်ရတာအခက်ဆုံးပဲ။ အထက်ပရိသတ်ကို ချိန်ရင်အောက်ပရိသတ်က ခက်တယ်၊ နားမလည်ဘူး။ ဘာတွေပြောနေမှန်း မသိဘူးနဲ့ ဖြစ်ကုန်ရော။ အောက်ပရိသတ်ကိုချိန်ရင် အထက်ပရိသတ်က စိတ်မဝင်စားဘူး။ အခြေခံတွေပဲ ပြောနေတယ်။ ဘာ ပညာမှလည်း မတိုးဘူးနဲ့ လုပ်ကြပြန်ရော။

သင်တန်းတစ်ခုမှာ ကုမ္ပဏီတွေ. . . ကုမ္ပဏီတွေ၊ ဘယ်အလုပ်တွေ. . . ဘယ်အလုပ်တွေ ခန့်ထားချင်ကြောင်း ကြော်ငြာလာကပ်တာဟာလည်း သင်တန်းတစ်ခုရဲ့ အောင်မြင်မှုပါပဲ။

ဒါပေမယ့် အဲဒီသင်တန်းက ဘယ်သူကမှ အလုပ် ခေါ်တဲ့ ကြော်ငြာကို စိတ်မဝင်စားကြဘူး။

အချိန်ပြည့် သင်တန်းတက်နေတဲ့ သင်တန်းသားတွေ က ဒီသင်တန်းပြီးရင် နောက်သင်တန်း၊ နောက်သင်တန်းပြီးရင် နောက်သင်တန်း၊ ဆက်ဆက်တက်ကြဦးမယ်။ အချိန်ပိုင်းသင် တန်း ဆက်တက်ကြဦးမယ်။ အချိန်ပိုင်းသင်တန်းသားတွေက လောလောဆယ်မှာ ဝင်ငွေကောင်းကောင်း၊ အလုပ်ကောင်း ကောင်းတွေရှိထားတယ်။ သူတို့ရဲ့ လွှတွေကိုသွေးသလို၊ အရည်အချင်း တိုးတက်ချင်လို့ သင်တန်းလာတက်ကြတာ။ စာမေးပွဲဖြေချင် ဖြေမယ်၊ မဖြေတဲ့လူလည်းပါမယ်။ ဒါပေမယ့် အရေးကြီးတာက တတ်ဖို့ပါ။

သင်တန်းဆရာ-ဆရာမတွေက စေတနာအပြည့်နဲ့ တက်တက်ကြွကြွ၊ သင်တန်းသားတွေကလည်း လိုလိုလားလား တက်တက်ကြွကြွဆိုတဲ့ အပေးအယူမျှတဲ့ သင်တန်းမျိုးတွေ တွေ့ရတဲ့အခါ ပညာရေးဝန်ထမ်းတစ်ယောက်၊ အနာဂတ်ဝါဒီ တစ်ယောက်အနေနဲ့ ဝမ်းသာပီတိ ဖြစ်ရပြန်ရော။

○



# ဘယ်လောက်အကျိုးရှိသလဲ

(၁)

စီးပွားရေးလုပ်ငန်းတွေ၊ စီမံကိန်းကြီးတွေ ဆောင်ရွက်ကြတဲ့အခါ စရိတ်စကတွေ တွက်ကြတယ်။ အကျိုးအမြတ်တွေ တွက်ကြတယ်။ လုပ်ငန်းတစ်ခု စီမံကိန်းတစ်ခု လုပ်တော့မယ်ဆိုရင် လုပ်သင့်သလား မလုပ်သင့်သလား ဆိုတာကို စရိတ်တွေ အကျိုးအမြတ်တွေ အပေါ်မှာ မူတည်ပြီးဆုံးဖြတ်ကြတယ်။

စရိတ်ဆိုရာမှာ အခုလောလောဆယ် ကုန်ကျနေတဲ့ စရိတ်တွေရှိသလို နှစ်စဉ်နှစ်တိုင်း ကုန်ကျမယ့် စရိတ်တွေရှိတယ်။ ဒီတော့ အခု တစ်လုံးတစ်ခဲတည်း များများကုန်ကျပြီး နောင်မှာ နှစ်စဉ်စရိတ်သက်သာတဲ့ နည်းလမ်းကိုရွေးမလား။

ဒါမှမဟုတ် အခုလောလောဆယ် တစ်လုံးတစ်ခဲတည်း သိပ်မကုန်ပေမယ့် နောင်အကုန်အကျများမယ့် နည်းကိုရွေးမလား စဉ်းစားကြတယ်။

ဝင်ငွေတွေ အကျိုးအမြတ်တွေ တွက်တော့လည်း ဒီလိုပါပဲ။ အခုလောလောဆယ်တော့ ဝင်ငွေမပေါ်သေးဘူး။ စရိတ်ကုန်တာနဲ့စာရင် တွက်ခြေကိုက်ရဲ့လား၊ နောင်နှစ်ပေါင်း ဘယ်လောက်ကြာရင် စရိတ်ကြေမလဲ။ ရင်းနှီးမြှုပ်နှံထိုက်ရဲ့လား၊ ဝင်ငွေတွေရမှာက ဘယ်လောက်သေချာသလဲ။ ရမယ့်ဝင်ငွေတွေ လျှော့တွက်မိရင် အဲဒီလုပ်ငန်းကို မလုပ်ဖြစ်ဘဲ ရမယ့်အကျိုးအမြတ်တွေ ဆုံးရှုံးသွားနိုင်တယ်။ ရနိုင်တဲ့ ဝင်ငွေတွေကို ပိုတွက်မိရင် ထင်သလိုမဟုတ်လို့ နစ်နာရလိမ့်မယ်။

စီးပွားရေးလုပ်တယ်ဆိုတာ လောင်းကစားတာနဲ့ နည်းနည်းတော့တူတယ်။ ဒါပေမယ့် မျက်စိစုံမှိတ်လုပ်တာမျိုး၊ မျက်ကန်းတစ္ဆေမကြောက် လုပ်တာမျိုးလဲ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ကြိုတော့တွက်ရလိမ့်မယ်။ ကြိုတွက်တာမမှားဘူး။

(၂)

နောက်တစ်ခုက စရိတ်တွေကုန်တာ၊ ဝင်ငွေတွေရတာတော့ ဟုတ်ပါပြီ။ ဘယ်သူက ဘယ်လောက်ကုန်သလဲ။ ပုဂ္ဂလိက,က ဘယ်လောက်ကုန်သလဲ၊ အများပြည်သူက ဘယ်လောက်ကုန်သလဲ။ ပုဂ္ဂလိကလုပ်ငန်းက နည်းနည်းကုန်ပြီး ပြည်သူလူထုက အများကြီးကုန်နေမလား။ ဒါမှမဟုတ် ပုဂ္ဂလိ

ကလုပ်ငန်းက များများကုန်ပြီး ပြည်သူကနည်းနည်းပဲ ကုန်မလား တွက်ဆကြပါတယ်။

'ဝင်ငွေတွေ အကျိုးအမြတ်တွေဘက်ကလည်း ဒီလိုပါပဲ။ ပုဂ္ဂလိကက ဘယ်လောက်အကျိုးရှိသလဲ၊ အများပြည်သူဘယ်လောက်အကျိုးရှိသလဲ၊ ပုဂ္ဂလိက,က အကျိုးများများရှိပြီး အများပြည်သူက နည်းနည်းပဲ အကျိုးရှိနေသလား။

စရိတ်နဲ့ဝင်ငွေနှစ်ခုကို ယှဉ်ရင်ဘယ်သူ့ဘက်မှ စရိတ်တွေကြီးပြီး ဘယ်သူ့ဘက်မှာ ဝင်ငွေတွေများသလဲ။ ဘယ်သူက "ခံ" ရပြီး ဘယ်သူက "စံ" ရသလဲ။

အများအားဖြင့်တော့ ပုဂ္ဂလိက လုပ်ငန်းတွေဟာ တွက်တတ်ပါတယ်။ စီးပွားရေးသမားတွေဟာ လျင်ပါတယ်။ ဒီနေရာမှာ အကျိုးမရှိရင်တောင်မှ တခြားနေရာမှာ အကျိုးရှိမှာပါလို့ ပြောတတ်ကြတယ်။ အမြဲတမ်းတော့ ဒီလိုဖြစ်မယ် မထင်ပါဘူး။ ပုဂ္ဂိကလုပ်ငန်းတွေ၊ စီးပွားရေးသမားတွေ ဘက်ကလည်း "သာ" တဲ့အလှည့်၊ "နာ" တဲ့ အလှည့်ရှိနိုင်ပါတယ်။ အမြဲတမ်းတော့ အထက်စည်းကပဲ နေနိုင်မယ်မထင်ပါဘူး။

နောက် ပြဿနာတစ်ခုက တိုင်းတာလို့ရတဲ့ ဝင်ငွေနဲ့ စရိတ်တွေရှိသလို တိုင်းတာလို့မရတဲ့ ဝင်ငွေနဲ့ စရိတ်တွေလည်း ရှိပါတယ်။ တစ်ဆင့်ပွားစရိတ်တွေ၊ အကျိုးတွေလည်း ရှိတယ်။

ဥပမာ - လမ်းဖောက်သလို လိုက်လို့ စီးပွားရေးအရ လမ်းလုပ်ငန်းမှာ ဝင်ငွေ သိသိသာသာ တိုးမလာပေမယ့် ခရီးသွားရတဲ့ အချိန်လျော့သွားတာ၊ လမ်းပိတ်ဆို့မှုတွေ လျော့သွားတာတွေ ထည့်တွက်ရပါမယ်။ တစ်ဖက်ကလည်း ပတ်ဝန်းကျင်



## လောကဂီတ

အရင်လက မိတ်ဆွေတစ်ယောက်ရဲ့ မွေးနေ့ကို သွားကြတယ်။ သူ့မွေးနေ့မှာ အငြိမ့်နဲ့ဧည့်ခံတယ်။ အငြိမ့်ဆိုပေမယ့် တကယ့်အနုပညာရှင်တွေ မဟုတ်ဘဲ ဝါသနာရှင်တွေပါ။ ဆိုင်းကလည်း ဝိုင်းပြည့်ဆိုင်းဝိုင်းကြီး မဟုတ်ပါဘူး။ ခြောက်လုံးပတ်ရယ်၊ နှဲရယ်၊ စည်းရယ်၊ မောင်းရယ်၊ လူခြောက်ယောက်ခုနှစ်ယောက်လောက်နဲ့ ခပ်ကျဉ်းကျဉ်းလေးလုပ်တဲ့ ဝိုင်းကလေးပါပဲ။ ဆိုင်းအဖွဲ့ကတော့ တကယ်ကျွမ်းကျင်သူတွေဖြစ်ပုံရပါတယ်။ ထုံးစံအတိုင်း အငြိမ့်မထွက်ခင် ဆိုင်းဝိုင်းကဧည့်ခံပါတယ်။



## လောကဂီတ

အရင်လက မိတ်ဆွေတစ်ယောက်ရဲ့ မွေးနေ့ကို သွားကြတယ်။ သူ့မွေးနေ့မှာ အငြိမ့်နဲ့ဧည့်ခံတယ်။ အငြိမ့်ဆိုပေမယ့် တကယ့် အနုပညာရှင်တွေ မဟုတ်ဘဲ ဝါသနာရှင်တွေပါ။ ဆိုင်း ကလည်း ဝိုင်းပြည့်ဆိုင်းဝိုင်းကြီး မဟုတ်ပါဘူး။ ခြောက်လုံး ပတ်ရယ်၊ နှဲရယ်၊ စည်းရယ်၊ မောင်းရယ်၊ လူခြောက်ယောက် ခုနှစ်ယောက်လောက်နဲ့ ခပ်ကျဉ်းကျဉ်းလေးလုပ်တဲ့ ဝိုင်း ကလေးပါပဲ။ ဆိုင်းအဖွဲ့ကတော့ တကယ်ကျွမ်းကျင်သူတွေ ဖြစ်ပုံရပါတယ်။ ထုံးစံအတိုင်း အငြိမ့်မထွက်ခင် ဆိုင်းဝိုင်းက ဧည့်ခံပါတယ်။

ကျွန်တော်တို့က ရှေ့ဆုံးတန်းမှာ ရောက်နေတော့ ဆိုင်းအဖွဲ့ လှုပ်ရှားမှုအတိုင်း မြင်တွေ့နေရတယ်။ ဂီတပညာကို ကျွမ်းကျင်သူ မဟုတ်လေတော့ ဘယ်သူက ဘာတီးတယ်လို့တော့ ပြောမပြနိုင်ပါဘူး။ ဒါပေမယ့် သူတို့ရဲ့လှုပ်ရှားမှုက စိတ်ဝင်စားစရာ ကောင်းတယ်။

ကျွန်တော်တို့တစ်တွေ ပထမဆုံး သတိထားမိတာက သူတို့ကို ဘယ်သူတစ်ယောက်ကမှ အနောက်တိုင်းတီးဝိုင်းတွေလို ခေါင်းဆောင်ပြီး အချက်ပြနေတာမျိုး မတွေ့ရတာပဲ ဖြစ်ပါတယ်။ ဒါက မြန်မာဆိုင်းဝိုင်းတွေမှာ တွေ့နေကျမို့ အဆန်းမဟုတ်ပါဘူးလို့ ဆိုချင်ဆိုနိုင်ပါတယ်။ ဒီအချက်လေးကိုက မြန်မာ့ဆိုင်းဝိုင်းက ချစ်စရာကောင်းနေပါတယ်။

သူတို့တစ်တွေဟာ ဘယ်သူက သူတို့တီးမှုတ်ဖျော်ဖြေနေတာကို အာရုံစိုက်သလား နားထောင်သလား ဂရုစိုက်ကြပုံ မပေါ်ပါဘူး။ ကိုယ့်ဂီတကို၊ ကိုယ်ဖန်တီးတားတဲ့ လက်ရာကိုကိုယ် ကျေကျေနပ်နပ်ကြီး ခံစားနေပုံရတယ်။ ဗုံနဲ့ကိုယ့်လက်ထိလို့ ထွက်လာတဲ့ အသံ၊ နှုတ်ခမ်းရယ် လက်ဖျားလေးတွေရယ် ဆုံရာက ထွက်လာတဲ့ကိုယ့်ရဲ့ နှံ့သံကို ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်နူးနူး ခံစားနေကြပုံရတယ်။ သူတို့ရဲ့ အပျော်ဟာ ပရိသတ် ကျွန်တော်တို့ကိုပါ ကူးစက်လာပါတယ်။

တလောက ဟိုတယ်တစ်ခုမှာ တီးမှုတ်သီဆိုနေတာတွေ့လို့ သတိထားကြည့်မိတုန်းကလည်း အခုလို အဖြစ်မျိုး ကြုံဖူးတယ်။ တီးမှုတ်တဲ့သူကလည်း ကိုယ့်ဂီတမှာ နစ်မျောနေသလို သီဆိုတဲ့သူကလည်း ကိုယ့်သီချင်းမှာကိုယ် စီးဝင်နေပုံရ

ပါတယ်။

ဆရာကြီးတစ်ယောက်က "ကိုယ်မုန်းမှသူချစ်" ဆိုတဲ့ စကားလေးတစ်ခွန်း လက်ဆောင်ပါးဖူးပါတယ်။ ကိုယ့်အလုပ် တစ်ခုကို ကျွမ်းကျင်နိုင်နင်းအောင် အထပ်ထပ် အခါခါ မုန်း လောက်အောင် လေ့ကျင့်ထားပါမှ သူများနှစ်ခြိုက်လောက် အောင် လက်ရာကောင်းတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ပါ။

အဲဒီနေ့ကတော့ သူ့စကားကို ပြောင်းပြန်ပြန်ပြီး "ကိုယ်ချစ်မှ သူချစ်တာပဲ" လို့ တွေးမိပါတယ်။ ကိုယ်, တမြတ် တနိုး၊ တယုတယ၊ တစုံမက်မက်လုပ်တဲ့ အလုပ်မျိုးမှ သူတ ပါးလည်း မြတ်နိုးစရာ၊ စုံမက်စရာ ဖြစ်လာတယ်လို့ မြင်မိပါ တယ်။ ကိုယ်တိုင် မစုံမက်၊ မမြတ်နိုးတဲ့ အလုပ်မျိုးကိုလည်း သူများ စုံမက်မြတ်နိုးအောင် ဖန်တီးဖို့မလွယ်လှပါဘူး။ ကျွန် တော်တို့လည်း ကိုယ့်အလုပ်ကို ကိုယ်က မြတ်မြတ်နိုးနိုးလုပ်မှ သူတစ်ပါး မြတ်နိုးနှစ်သက်စရာ ဖြစ်မယ်လို့ တွေးမိပါတယ်။

ပြီးတော့ သူတို့ဟာ ကိုယ့်အလုပ်ကို ကိုယ်,ကျွမ်း ကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ရှိပုံရပါတယ်။ သူများအလုပ် ကို ကိုယ်ဝင်လုပ်ရလို့ မကျွမ်းကျင် မပီပြင်ဖြစ်နေတာမျိုးလဲ မတွေ့ရပါဘူး။

နှဲတစ်လက်ကစ,ရင် ကျန်တဲ့အဖွဲ့သားတွေက လိုက်၊ ဗုံကစ,ရင် နှဲတို့မောင်းတို့ကလိုက်၊ ဘယ်လိုများ အပေးအယူ အချိတ်အဆက် လုပ်ထားကြတယ် မသိဘူး။ ကိုယ်က ချည်းပဲ စ,မယ်ဆိုတဲ့ သဘောထားမျိုးလည်း ရှိကြပုံမပေါ်ပါဘူး။

သူ့ဖာသာသူ အဆင်ပြေနေတဲ့ တီးဝိုင်းလေးကို ကျွန်

တော့်စိတ်ထဲမှာ တစ်ခုချင်း ဖျက်ကြည့်ပါတယ်။ ကဲ . . . သူက စ,တီးရင် ကိုယ်က လိုက်မမှတ်ဘူး။ ဒါမှမဟုတ် - ကိုယ်က စ,တီးရင် ကိုယ်ကချည်းစရမှ ကျေနပ်မယ်၊ ဒါမှမဟုတ်ရင် အတီးသမားတစ်ယောက်က နောက်က အသာလေးညာနေမယ်၊ ခိုနေမယ်၊ သူတောင်မှခိုသေးတာ၊ ငါလဲပဲခိုမယ်ဆိုပြီး သက်သာသလို နေလိုက်မယ်။ သူက နဲ့သာကျွမ်းတာ၊ ငါ့လို ဗုံတီးမကျွမ်းဘူးလို့ သဘောထားလိုက်မယ်။ သူတို့ဖာသာ သူတို့ လုပ်ချင်တာလုပ်နေကြတာ။ ငါ့ကိုရှိတယ်လို့ သဘောမထားဘူး။ ဒီတော့ ငါကလည်း သူတို့ကိုရှိတယ်လို့ သဘောမထားတော့ဘူး။ ဒါမှမဟုတ် တစ်ကိုယ့်တော်လက်စွမ်းပြပစ်လိုက်မယ်။ ဒီလို, ဒီလိုဆိုရင် အလှတွေ ရသတွေ၊ ဂီတတွေပျက်စီးသွားနိုင်ပါတယ်။

အပေးအယူမျှတမှု၊ အချိတ်အဆက်မိမှု၊ စည်းလုံးညီညွတ်မှု၊ ကိုယ့်တာဝန်ကိုယ် ကျေပြွန်မှု၊ အများအကျိုးနဲ့ ကိုယ့်အကျိုး ဆက်စပ်မှု။ တူရိယာအစုံတို့ စုဝေးရာက ထွက်လာတဲ့ ဂီတရဲ့သဘောတွေကို လူ့လောကနဲ့ ဆက်စပ်ပြီး ကျွန်တော်တွေးကြည့်နေမိပါတယ်။

○



## အဆက်အသွယ်၊ အဆက်အဆံ

ကိုယ်တိုင်က ဆက်ဆံရေးလည်းညံ့ဖျင်း၊ အဆက်အသွယ်လည်း မကောင်းတဲ့သူဖြစ်လေတော့ ဆက်ဆံရေးနဲ့ ဆက်သွယ်ရေးကောင်းဖို့ အရေးကြီးတဲ့ အကြောင်းတွေကို အတော်ဖတ်ဖြစ်ပါတယ်။ ဖတ်ဖြစ်တော့ ရေးလည်းရေးဖြစ်ပါတယ်။ အများအားဖြင့် ကျွန်တော်တို့တစ်တွေဟာ အတတ်ပညာ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုမှာပဲ ရပ်,ရပ်သွားလေ့ရှိကြလို့ ဆက်ဆံရေးတွေ၊ ဆက်သွယ်ရေးတွေ အကြောင်းကို အထူးပြောဖြစ်တာပဲ ထင်ပါတယ်။

အခုတလော အဆက်အသွယ်ကောင်းတဲ့ သူတွေနဲ့ အတော်လေးဆုံဖြစ်ကြပါတယ်။ ကိုယ်တိုင်အားနည်းတဲ့နေရာမှာ အားသာတဲ့သူတွေကို တွေ့ရတော့ အတော်လေးအထင်ကြီးမိပါတယ်။ သူတို့တစ်တွေဆီက ဘယ်လိုအတုခိုးစရာတွေ၊ နည်းယူစရာတွေ ရလေမလဲရယ်လို့ သတိထားပြီး ကြည့်မိပါတယ်။

တချို့အဆက်အသွယ် ကောင်းတဲ့သူတွေဟာ မိဘကြောင့်၊ ဆွေမျိုးကြောင့်၊ သူငယ်ချင်းကြောင့်၊ အလုပ်ကြီးအကိုင်ကြီးတွေ ရကြတယ်။ အလုပ်ကြီးအကိုင်ကြီးတွေ လုပ်ကြတယ်။ ဒါပေမယ့် ဆက်ဆံရေးကလည်း ပြေပြစ်တယ်။ ကိုယ်အဆက်အသွယ်ကောင်းတာကို သိသိပ်တယ်။ လျှို့ဝှက်တယ်။ ခြေသုတ်ပဆိုး မြွေစွယ်ကျိုးလိုနေတယ်။ အန္တရာယ်မရှိ၊ အဆိပ်မရှိတဲ့ ပုံသဏ္ဌာန်ကို ဆောင်တယ်။ အစိမ်းအကျက်၊ အနိမ့်အမြင့်၊ အထက်အောက်မရွေးဘူး။ မြှောက်ခြင်း၊ ခြောက်ခြင်းမရှိဘူး။

ဒီအပြင် ကိုယ့်လုပ်ငန်းနဲ့ ဆက်နွယ်နေတဲ့ နည်းပညာတွေကို တတ်နိုင်သမျှ လေ့လာဆည်းပူးတယ်။ ဖြည့်ဆည်းတယ်။ အဆက်အသွယ်ကောင်းနဲ့ လုပ်ငန်းတွေရလာပြီး အရည်အချင်းကြောင့် ရလာတာ မဟုတ်ပေမယ့် အရည်အချင်းပြည့်အောင် ဖြည့်ဆည်းတယ်။ နောင်မှာ ရေရှည်မှာ အဆက်အသွယ် တစ်ခုထဲနဲ့ ရပ်တည်နိုင်မှာ မဟုတ်ဘူး။ ဆက်ဆံရေးလည်း ကောင်းရမယ်။ ကျွမ်းကျင်မှုလည်းရှိရမယ်။ အရည်အသွေးလည်း ကောင်းရမယ်။ ဝန်ဆောင်မှုလည်း

ပေးနိုင်ရမယ်ဆိုတာ သဘောပေါက် နားလည်ထားကြတယ်။

ရှေ့ရေးကို ကြိုတွေးတယ်။ အကြောင်းနဲ့အကျိုး ဆက်စပ်ပုံတွေကို စဉ်းစားကြတယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးကို ချိန်ဆချင့်ချိန်ကြတယ်။ ဒါကြောင့် ဘယ်သူဟာ၊ ဘယ်လုပ်ငန်းဟာဖြင့် ဘယ်လိုတော်ရှာသွားလို့ ပြောစမှတ်ပြုစရာ ဖြစ်ကြတယ်။

တချို့ကျတော့ တစ်ခဏရလာတဲ့ လုပ်ပိုင်ခွင့်တွေ၊ အခွင့်အရေးတွေကို ထာဝရထင်နေတတ်ကြတယ်။ ကိုယ့်အရည်အချင်း မဟုတ်တာတွေကို တွက်တယ်။ ဖြည့်ဆည်းရမယ့်၊ ဆည်းပူးရမယ့်၊ ကိုယ့်အရည်အချင်းတွေကျတော့ ဖြည့်ဆည်းခြင်း၊ ဆည်းပူးခြင်းမရှိဘူး။ အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေရဖို့ပဲ တစိုက်မတ်မတ် ကြိုးစားတယ်။ ကိုယ့်လုပ်ငန်းရဲ့ ထုတ်ကုန်အရည်အသွေး မြင့်မားဖို့ မကြိုးစားဘူး။ ဖောက်သည်တွေကို ဝန်ဆောင်မှုမပေးဘူး။ ကိုယ့်ရဲ့ လက်အောက်ငယ်သားလို သဘောထားတယ်။

အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေ ရနေသမျှတော့ သူတို့လုပ်ငန်းတွေ ရပ်တည်နေဦးမှာပါ။ ဒါပေမယ့် ဖောက်သည်တွေကို အလေးထားဆက်ဆံမှု မရှိ၊ စံချိန်စံညွှန်းတွေ မကိုက်ဆိုတာမျိုးတွေ ထပ်ခါတလဲလဲဖြစ်လာရင် သူ့ကို အခွင့်အရေးပေးတာ၊ အခွင့်အလမ်းပေးတာဟာ ပေးမိတဲ့သူအတွက် ကိုယ့်ကိုယ်ကို ဒုက္ခပေးလိုက်သလို ဖြစ်သွားနိုင်တယ်။ တစ်ခါနှစ်ခါလောက်ဆိုရင် အခွင့်အရေးရသူ၊ အခွင့်အလမ်းရသူရဲ့ အမှားဖြစ်နိုင်တယ်။ အကြိမ်ကြိမ် အခါခါဆိုရင်တော့

အခွင့်အရေးပေးသူ၊ အခွင့်အလမ်းပေးသူရဲ့ အမှားဖြစ်တော့မယ်။

ကမ္ဘာမှာပဲကြည့်ကြည့်၊ မြန်မာပြည်မှာပဲကြည့်ကြည့်၊ လူတစ်ယောက်ကိုပဲဖြစ်ဖြစ်၊ လုပ်ငန်းတစ်ခုပဲဖြစ်ဖြစ်၊ အဆက်အသွယ် ကောင်းတာတစ်ခုထဲနဲ့ ရှင်သန်နိုင်မှာ မဟုတ်ဘူးဆိုတာ တွေ့ရပါမယ်။ အဆက်အသွယ်ကောင်းရှိရုံနဲ့ တိုးတက်ကြီးပွားမှု မရနိုင်ပါဘူး။ အဆက်အသွယ် ကောင်းပေမယ့် အဆက်အဆံမကောင်း၊ ထုတ်လုပ်မှုမကောင်း၊ အရည်အသွေးမရှိ၊ ဝန်ဆောင်မှုမပြည့်တဲ့ လုပ်ငန်းတွေကျဆုံးသွားတာတွေ အများကြီးတွေ့ခဲ့ရပြီး ဖြစ်ပါတယ်။

အာရှစီးပွားရေးအကျပ်အတည်း ဖြစ်ရတဲ့အကြောင်းရင်းတွေထဲမှာ မျက်နှာကြီးရာ ဟင်းဖတ်ပါတာ၊ လုပ်ရည် ကိုင်ရည်မရှိ စွမ်းဆောင်ရည်မပြည့်တဲ့ လုပ်ငန်းရှင်တွေ လုပ်ငန်းတွေကို ဦးစားပေး မျက်နှာလိုက်မိတာဆိုတဲ့ အားနည်းချက်တွေလည်းပါ,ပါတယ်။ အရည်အချင်းမရှိတဲ့လူ၊ အရည်အချင်းမရှိတဲ့လုပ်ငန်းတွေကို ဦးစားပေးမိရင် ကိုယ့်လုပ်ငန်းကို ထိခိုက်၊ သူ့လုပ်ငန်းလည်းထိခိုက်နိုင်တဲ့ အကြောင်း သင်ခန်းစာပေးထားတာ ပူပူနွေးနွေးပဲ ရှိပါသေးတယ်။

○



# သောကကာကွယ်

တစ်ခါတစ်လေမှာ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရည်မှန်းတဲ့ အတိုင်း ဖြစ်မလာတာမျိုးနဲ့ ကြုံရဆုံရတတ်တယ်။ ဒီလိုအဖြစ် မျိုးကလည်း လူတိုင်းကြုံရတတ်တာမျိုးပါ။ ရည်ရွယ်ထားသမျှ ဖြစ်တယ်ဆိုတာမျိုးက အလွန်နည်းပါတယ်။ ရည်ရွယ်တဲ့ အတိုင်း မဖြစ်တာက ကျွန်တော်တို့ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်း နုံ နည်းလို့ရင်လည်း ဖြစ်မယ်၊ ဒါမှမဟုတ် ရုပ်ပတ်ဝန်းကျင်နဲ့ လူမှုပတ်ဝန်းကျင်ဆိုတဲ့ အဟန့်အတား တွေကြောင့်လဲဖြစ်မယ်၊ အကြောင်းတရား အမျိုးမျိုးကြောင့်လို့ ဆိုပါတော့။ ဘာကြောင့် ပဲဖြစ်ဖြစ် လိုချင်တာတွေ၊ ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက် တွေအတိုင်း ဖြစ်မလာတဲ့အခါ သူသူကိုယ်ကိုယ် "ခံစား" ကြ ရတယ်။ အမျိုးမျိုး အဖုံဖုံ တုံ့ပြန်တတ်ကြတယ်။

တချို့ကတော့ ပေးလာတဲ့အခြေအနေနဲ့ လိုက်လျော ညီထွေဖြစ်အောင် နေကြတယ်။ ကိုယ့်ရဲ့အားနည်းချက်ကို ပြန် သုံးသပ်ကြတယ်။ အခက်အခဲကို ကျော်လွှားနိုင်မယ့် နည်း လမ်းတွေကို ရှာကြံကြတယ်။ ခွန်အားတွေဖြည့်ကြတယ်။ ဒါမှ မဟုတ်ရင်လည်း ဖြစ်နိုင်တဲ့ ပန်းတိုင်တစ်ခုခု၊ ရည်ရွယ်ချက် တစ်ခုခုနဲ့ အစားထိုးကြတယ်။ ဥပမာ - အကောင်းစား ကား ကြီးစီးချင်နေတာ စီးခွင့်မရတော့ သာမန်ကားတစ်စီးလောက်နဲ့ ကျေနပ်တာမျိုးတွေ လုပ်တတ်ကြတယ်။

တချို့ကတော့ လက်ရှိအခြေအနေကို မကျေနပ် နိုင်ဘူး။ ပတ်ဝန်းကျင်ကိုလည်း မကျေနပ်ဘူး။ ကိုယ့်ကိုယ်ကို လည်း မကျေနပ်ဘူး။ ဒါပေမယ့် ကိုယ့်ကိုယ်ကို ရှုမြင်ပုံ အထိ အခိုက်မခံနိုင်ဘူး။ ကိုယ့်ကိုယ်ကို အလေးစား အကြည်ညို အပျက်မခံနိုင်ဘူး။ ဒီတော့ ကိုယ်လိုချင်တာ မရတဲ့အခါ အထက်လူကြီးကြောင့် ဘာကြောင့် ညာကြောင့်နဲ့ လုပ်တတ် ကြတယ်။ တရားခံရှာတတ်ကြတယ်။ တချို့ကလည်း ငြင်ငြင် သာသာမဟုတ်ဘဲ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်း ပေါက်ကွဲတတ်ကြတယ်။ ရွက်လှေပြိုင်ပွဲရှုံးတာနဲ့ ရွက်လှေကို မီးရှို့ပစ်တာမျိုးပေါ့။ မကျေမနပ်ဖြစ်နေတဲ့ စားသုံးသူတွေက လည်း ကုန်ပစ္စည်း ထုတ်လုပ်သူတွေက အရည်အသွေးကောင်း ကောင်းမထုတ်လုပ်လို့၊ လက်လီလက်ကား အရောင်းသမား တွေက ဈေးတင်ထားလို့ဆိုပြီး အပြစ်တင်တတ်၊ သပိတ်မှောက် တတ်ကြတယ်။

တချို့မကျေနပ်သူတွေကတော့ “စပျစ်သီးချဉ်” တတ်

ကြတယ်။ ကိုယ်မရခဲ့တဲ့ ပန်းတိုင်ဟာ ကြိုးစားရယူထိုက်တဲ့ ကိစ္စတစ်ခု မဟုတ်ဘူးလို့ ဆိုတတ်ကြတယ်။ ဆီလျော်ပုံရတဲ့ အကြောင်းပြချက်တွေ ဖော်ထုတ်တတ်ကြတယ်။ ဘယ်သူယုံယုံ၊ မယုံယုံ ကိုယ်ထွင်တဲ့အကြောင်း ပြချက်တွေကို ကိုယ့်ဖာသာကိုယ် ယုံတယ်။ ဆေးလိပ်လုံးဝ မဖြတ်နိုင်တဲ့သူဟာ ဆေးလိပ်လျှော့သောက်တာက လုံးဝဖြတ်တာထက် ပိုကောင်းတယ်လို့ အကြောင်းပြတတ်ကြတယ်။

တချို့လူတွေက သိပ်ကလေးဆန်တယ်။ ကလေးဆန်တယ်လို့ ပြောတာကိုက အပြောခံရတဲ့သူဟာ လူကြီးဖြစ်နေပါတယ်။ ဇာတာသက်ကြီးပေမယ့် စိတ်သက်မရင့်ကျက်ဘူးလို့ အပြောခံရလောက်အောင် လုပ်တတ်တယ်။

မကျေနပ်သူ တချို့ကတော့ အခြေအနေတစ်ခုကနေ ဆုတ်ခွာတယ်။ ကိုယ်လိုချင်တဲ့ ရာထူးကိုမရတဲ့အခါ အဲဒီအဖွဲ့အစည်းက ထွက်တာမျိုးလုပ်တတ်တယ်။ တခြားအဖွဲ့ဝင်တွေဟာ ကိုယ့်လောက်အရည်အချင်း မရှိဘူး။ အရည်အချင်းမရှိတဲ့သူတွေကိုဘဲ မြှောက်ထားတယ်။ အနားပြာတွေ၊ အထက်ဖားအောက်ဖိတွေကိုပဲ နေရာပေးနေတယ်နဲ့ ဖြေသိမ့်ကြတယ်။

နုနုလေးနဲ့မကျေနပ်နေတဲ့ သူတွေကတော့ အပြင်မှာ မရနိုင်တဲ့၊ မဖြစ်နိုင်တဲ့ ကိစ္စတွေအားလုံး သူ့စိတ်ကူးထဲမှာ လာပြီး ဖြစ်နေနိုင်တယ်။ အားလုံးပြည့်စုံနေနိုင်တယ်။

ကြော်ငြာသမားတွေက လူတွေရဲ့ဆန္ဒမပြည့်ကြ၊ မကျေနပ်ကြတာကိုတွေကို ကြည့်ပြီး အရောင်းသွက်အောင်

လုပ်တတ်ကြတယ်။ ထက်ထက်မိုးဦးတို့၊ ဒွေးတို့၊ လွင်မိုးတို့ ကြော်ငြာတဲ့ ပစ္စည်းတွေကြည့်၊ လိုက်ဝယ်သုံးပြီး ကိုယ်လည်း ထက်ထက်မိုးဦးတို့၊ ဒွေးတို့၊ လွင်မိုးတို့နဲ့ တူသယောင်ယောင်၊ ထပ်တူထပ်မျှ လုပ်တတ်ကြတယ်။ အဲဒီ အသုံးအဆောင်တွေ သုံးလိုက်ရင် ကိုယ့်ကိုယ်ကို ယုံကြည်မှုတိုးပွားလာတတ် ကြတယ်။

တချို့စားသုံးသူတွေကတော့ အလိုဆန္ဒတွေကို ဖိနှိပ်ထားကြ၊ ချုပ်ချယ်ထားတတ်ကြတယ်။ မေ့ပစ်ဖို့ကြိုးစားတတ်ကြတယ်။ မေ့ပစ်ဖို့ကြိုးစားပါမှ မမေ့တတ်တဲ့ အဖြစ်မျိုးနဲ့လည်း ကြုံရတတ်တယ်။ ကလေးမရနိုင်တဲ့ ဇနီးမောင်နှံတွေဟာ သစ်ပင်တွေစိုက်၊ တိရစ္ဆာန်လေးတွေမွေးနဲ့ ဖြေသိမ့်တတ်ကြတယ်။ ဖြေသိမ့်ရာမှာ လူမှုရေးအရ အများလက်မခံတဲ့ နည်းတွေနဲ့ ဖြေသိမ့်တာရှိသလို အများလက်ခံတဲ့ နည်းနဲ့ဖြေသိမ့်တာလည်း ရှိတယ်။

ဈေးကွက်စီးပွားရေးစနစ်မှာ လိုချင်စရာတွေ များလှတယ်။ မလိုအပ်ပေမယ့် လိုအပ်တယ်လို့ ထင်အောင် လုပ်နေကြသူတွေကလည်း အများကြီး။ လိုချင်တာတွေကလည်း အများကြီး ရှိနေရင်၊ ရည်ရွယ်ချက်တွေ အများကြီးဖြစ်နေရင်တော့ မရနိုင်တာတွေ အလိုမပြည့်တာတွေ အများကြီးပါပဲ။ အလိုမပြည့်တဲ့ရောဂါကို ဖြစ်လာမှကုသကြမလား။ ဒါမှမဟုတ် အစကတည်းက ကိုယ့်ခံအားတောင့်တောင့်နဲ့ ကာကွယ်ကြမလားဆိုတာ စဉ်းစားရွေးချယ်ဖို့ သင့်ပါတယ်။

၀



# ဖြည်းဖြည်းနေဘ်

(၁)

လေဖြတ်နေတဲ့ အဖေကို မှန်မှန်ကြည့်ချင်လို့ ခြောက်လတစ်ခေါက်လောက် မန္တလေးကိုပြန်ရင် ကောင်းမယ်လို့ စဉ်းစားထားပါတယ်။ သီတင်းကျွတ်လက တစ်ခေါက်ရောက်ပြီး အခုတပေါင်းလမှာ တစ်ခေါက်ပြန်ရောက်ဖြစ်ပါတယ်။ သားတပည့်ဖြစ်တဲ့ ကိုပီတိရဲ့ မင်္ဂလာဆောင်ကို လာရင်းနဲ့ပါ။

ခရီးထွက်ရမှာ ဝန်လေးပေမယ့် ခရီးထွက်ရတာ အမြဲပျော်ပါတယ်။ မိတ်ဟောင်းဆွေဟောင်းတွေနဲ့လည်း တွေ့ရ၊ မိတ်သစ်ဆွေသစ် တွေနဲ့လည်းတွေ့ရပေ့ါ။ အခုစာရေးသူ ဖြစ်လာတော့ စာဖတ်ပရိသတ်တွေနဲ့ ပိုတွေ့ဖြစ်ပါတယ်။ ကိုယ့်ဆောင်းပါးအပေါ်၊ ဂျာနယ်အပေါ် ဝေဖန်ချက်လေးတွေ ကြားရသိရပါတယ်။ ကျွန်တော်တို့ မှန်းတဲ့အတိုင်း အနာဂတ်ကို

ယုံကြည်သူ စီးပွားရေးလုပ်ငန်းရှင်တွေ၊ စီးပွားရေးလောက အကြောင်း စူးစမ်းလေ့လာနေသူတွေ၊ လုပ်ငန်းရှင်လောင်းလျာ တွေက စိတ်ဝင်တစား ဖတ်ကြတဲ့အကြောင်း သိရတဲ့အတွက် ရေးရကျိုးနပ်ပါတယ်။ကြိုးစားရကျိုး နပ်ပါတယ်လို့ အမော ဖြေရပါတယ်။

မင်္ဂလာဆောင်ကြတဲ့ သားနဲ့သမီးမှာ သမီးက ရှမ်း တိုင်းရင်းသားအနွယ်၊ သားကထီးချိုင့်သား၊ တရုတ်အနွယ်ဝင်။ မင်္ဂလာဆောင်တော့ မန်းတောင်ရိပ်မှာ ရှမ်းလို လူကြီးစုံရာ ကို ကန်တော့လက်ထပ်ပြီးပြီ။ မန္တလေးက ဆွေမျိုးညာတိတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေကို အရင်မန္တလေးဟိုတယ်၊ အခု မန္တလေးဆွမ်း ဟိုတယ်မှာ ဧည့်ခံကျွေးမွေးတယ်။ မန္တလေးမှာ မင်္ဂလာဧည့်ခံပွဲလုပ်ရင် သတ်မှတ်ထားတဲ့အချိန်အတွင်း သွား စားသောက်၊ ကြိုက်တဲ့အချိန်ပြန်လို့ရတဲ့ ထုံးစံရှိတယ်။ သူက ရန်ကုန်မှာ ကျောင်းတက်ခဲ့တဲ့သူဆိုတော့ ပရိသတ်အားလုံး စုံပြီးမှ သတို့သားနဲ့ သတိုးသမီးလာ၊ လိုက်ဧည့်ခံတဲ့ပုံစံကို လုပ်တယ်။ ဖြစ်မှ ဖြစ်ပါ့မလား။ ဒီပုံစံနဲ့ မန္တလေးက စိမ်းနေ သေးတော့ စိုးရိမ်မိတယ်။ ဒါပေမယ့်လည်း ရိုးရာအစွဲအလန်း ကြီးတဲ့ မန္တလေးမှာ အဆင်ပြေပြေ ဖြစ်သွားပါတယ်။

အဟောင်းဆိုပေမယ့် ကောင်းရင်ဆက်လက် ထိန်း သိမ်းရသလို အသစ်ဆိုရင်လည်း ကောင်းတာဆို လက်ခံနိုင် ပါတယ်။ အဟောင်းပေမယ့် မကောင်းရင် ပစ်ပယ်ရမှာဖြစ် သလို အသစ်ဆိုပေမယ့် ဖြစ်ချင်တိုင်းဖြစ်နေတာမျိုးကိုတော့ လက်ခံနိုင်မှာ မဟုတ်ပါ။

(၂)

ဟိုတုန်းက ရွှေခြေကျင်းနဲ့ စက်ဘီးစီး၊ ဂျစ်ကား မောင်းကြတဲ့ ရွှေမန်းသူတွေက အခု ဆူပါကပ်စီးပြီး ခေတ်ပေါ်ကားတွေ မောင်းနေကြပါပြီ။

မန်းသူတွေမောင်းတဲ့ ခေတ်ပေါ်ကားကြီးကြားမှာ ရွှေထီးဆောင်းပြီး လှည့်လာတဲ့ ရှင်ပြုရဟန်းခံပွဲတွေ တွေ့နေရတာကလည်း ကြည်နူးစရာပါ။ တစ်ခုတော့ရှိတယ်။ လမ်းတွေမှာ အဆောက်အဦးတွေပြောင်း၊ ပုံစံတွေပြောင်း၊ ဆိုင်တွေပြောင်းတော့ ဟိုတုန်းက စက်ဘီးနဲ့ ပြုပြစ်ငအောင် သွားခဲ့လာခဲ့ဖူးတဲ့ နေရာတွေကို မမှတ်မိတော့ဘဲ ဖြစ်နေပါတယ်။ အကောင်းပေမယ့်လည်း ကိုယ်နဲ့ရင်တရက် နေသားမကျသေးတဲ့ အသစ်တွေပေါ့။

အပြောင်းအလဲတွေက တစ်ခေါက်နဲ့တစ်ခေါက် တောင် မတူပါဘူး။ အများအားဖြင့် ဆိုင်တွေရဲ့ဆိုင်းဘုတ်တွေကို လိုက်လိုက်ကြည့်မိရင် သိပ်သိသာတယ်။ ပိုင်ရှင်ပြောင်းသွားတာ၊ လုပ်ငန်းပြောင်းသွားတာ မကြာမကြာတွေ့ရတယ်။ အသစ်ဟာ မတည်ငြိမ်သေးတဲ့သဘော၊ လှုပ်ရှားရုန်းကန်နေရတဲ့သဘောတွေ တွေ့တွေ့နေရပါတယ်။ ရင်းနှီးတဲ့ အိမ်နီးချင်းတွေနေရာမှာ လူစိမ်းသူစိမ်းတွေ ဝင်လာပြီး ဟိုဘက်အိမ် ဒီဘက်အိမ် မသိ၊ တစိမ်းဆန်လာတာတွေ မြို့ပြဆန်လာတွေ တွေ့ရပါတယ်။ တစိမ်းတွေနဲ့ နေရလို့ နောက်ကျောမလုံတာမျိုးတွေလည်း ကြားရသိရပါတယ်။

မန္တလေးဟာ ကုန်သွယ်မှုရဲ့ အချက်အခြာလည်းဖြစ်၊

တရုတ်နယ်စပ် အိန္ဒိယနယ်စပ်များနဲ့လဲ လက်လှမ်းမှီတဲ့ နေရာဆိုတော့ အိန္ဒိယနယ်စပ် အရောင်းအဝယ်၊ တရုတ်နယ်စပ်အရောင်းအဝယ်တွေနဲ့လည်း ဆက်စပ်နေပါတယ်။ နယ်စပ်ကုန်သွယ်ရေးရဲ့ အတက်အကျ၊ အတိုးအဆုတ်ကို စမ်းသပ်လို့ ရပါတယ်။

ကျွန်တော်တို့က နယ်စပ်ကုန်သွယ်ရေးဆိုရင် ရိုးရိုးပဲ တစ်မျိုးတည်းလို့ မြင်ပါတယ်။ ဒါပေမယ့် အခွန်ဆောင်နယ်စပ်ကုန်သွယ်ရေးနဲ့ အခွန်ရှောင် နယ်စပ်ကုန်သွယ်ရေးလို့ နှစ်မျိုးရှိတဲ့အကြောင်း ကြားသိရပါတယ်။ ကျွန်တော်တို့က စာအုပ်ထဲပါ တာလောက်ပဲ သိတဲ့လူတွေဆိုတော့ ပြင်ပကအကြောင်းနဲ့ ကင်းကွာနေတတ်ပါတယ်။ ဒါပေမယ့် ဖြည်းဖြည်းတော့ သဘောပေါက်လာနိုင်သလို နှစ်မျိုးကွာနေတာတွေလည်း ဖြည်းဖြည်းတော့ စေ့လာနိုင်မယ် ထင်ပါတယ်။

(၃)

မန္တလေးက ပြန်မယ်လုပ်တော့ သမီးငယ်က "ဆရာ ဖြည်းဖြည်းနော်" တဲ့။ ဒါ - သူတို့ထုံးစံ ဓလေ့အရ နှုတ်ဆက်တာပါ။ ဒါပေမယ့် အကြောင်းမညီညွတ်တော့ ညနေ (၅း၃၀) နာရီထွက်မယ့် ရထားက ည (၉း၀၀) နာရီမှ ထွက်တော့ သူပြောတဲ့ "ဖြည်းဖြည်းနော်" ဖြစ်ပြီး စာထိုင်ရေးနေလိုက်ပါတယ်။

○